
www.burmeseclassic.com



www.burmeseclassic.com

အောင်နိုင် စီ စဉ် သည်။

ရွှေအိမ်မှူးစာပေ
အမှတ် ၂၂၁၊ ၃၁ လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၈၄၉၂၇

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်** [ ၅၀၁၆၁၃၀၅၁၁ ]
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** [ ၅၀၁၅၃၀၀၅၁၂ ]

❑

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ဖေဖော်ဝါရီလ၊ ၂၀၀၆ ခုနှစ်။

❑

**ထုတ်ဝေသူ**
ဦးအေးလွင် (၇၇၇)၊ ရွှေဥစာအုပ်တိုက်
တိုက် (၄)၊ အခန်း (၁၀)၊ ပြည်တော်သစ်ရိပ်သာ၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**
ဦးတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်) (၀၇၀၅၃)
အမှတ် (၈၇)၊ (၅၆) လမ်းတို၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

www.burmeseclassic.com

www.burmeseclassic.com

# ဝေမှူးသျှင်

## တစ် ခါ တစ် ရံ များ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ✯ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✯ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူ များအား ဆန့်ကျင်ကြ။
- ✯ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✯ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✯ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✯ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✯ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✯ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✯ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✯ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✯ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✯ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✯ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✯ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✯ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✯ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

## ထုတ်ဝေပြီးစာအုပ်များ

၁။ လဆွဲအားနဲ့မိန်းမ
၂။ အဆင့်မြင့်ချည်တိုင်
၃။ အနေးသွားလွန်းပျံယာဉ်
၄။ စိတ်ကောက်နတ်သမီး
၅။ လေလုံဇကာ (ကဗျာ)
၆။ အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ
၇။ သံယောဇဉ်ဖတ်စာ
၈။ ဝတ်မှုန်ကူးတဲ့ကြယ်
၉။ သစ်ရွက်တို့၏ပေါ့ဆခြင်းများ (ကဗျာ)
၁၀။ စက္ကူပုန်းတွေရဲ့သီချင်း
၁၁။ ကျုးပစ်ကိုယ်တိုင်မသိတဲ့မြားအကြောင်း
၁၂။ ဗလာကောင်ရေးတဲ့ ဗလာအကြောင်းများ
၁၃။ အခန်းဆက်နှင်းဆီ
၁၄။ ကျွမ်းကျင်စွာပြုလုပ်ထားသောအလွမ်း
၁၅။ ချစ်သူပြောတဲ့တနင်္ဂနွေပုံပြင်

## ယခု

၁၆။ တစ်ခါတစ်ရံများ

## ဆက်လက်၍

၁၇။ အဆောင်သူအတွက်...
၁၈။ အချစ်အကြောင်း (ကဗျာ)
၁၉။ အသည်းကွဲလူရွှင်တော်
၂၀။ ဘတ်သီးအော်ပရေးရှင်း

www.burmeseclassic.com

www.burmeseclassic.com

310

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ထိုနေ့က မိုးသိပ်မရွာသော ဇွန်လပထမပတ်၏ သောကြာနေ့ဖြစ်သည်။ ကျောင်းတွေဖွင့်စမို့ သူတို့အဖွဲ့သည် တစ်နေကုန် အတန်းမတက်ဘဲ ကန်တင်းထိုင်လိုက်၊ ဗရုတ်သုတ်ခကျလိုက်. . . အူမြူးနေကြ၏။

သူတို့အဖွဲ့ဆိုတာက နောင်နောင်၊ အောင်ခိုင်၊ ချစ်တီး၊ ဗိုက်ကြီးနှင့် ကျော်သူရ. . . စုစုပေါင်းငါးယောက်။ သူတို့အားလုံးသည် ဒုတိယနှစ်ဥပဒေကျောင်းသားများဖြစ်ကြသည်။ အခု သူတို့က ဒုတိယနှစ် ရောက်ပြီဆိုတော့ တက္ကသိုလ်ပါးဝသွားပြီဟု ဆိုရမည်။ ဒီလိုကျောင်းဖွင့်စရက်တွေသည် သူတို့အုပ်စုအတွက် အတန်းတက်ရန်မဟုတ်ဘဲ ဒီနှစ်မှ ကျောင်းကိုရောက်လာသည့် ပထမနှစ်ကျောင်းသားများကို အရှူးလုပ်ဖို့နှင့် ခပ်လှလှကျောင်းသူအသစ်လေးများအား သူ့ထက်ငါ လက်ဦးမှုရယူဖို့သာ ဖြစ်လေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစဖွင့်သည့် တနင်္လာနေ့မှစ၍ သူတို့ငါးယောက်သည် နေ့စဉ်ကျောင်းသို့ မှန်မှန်လာကြသည်။ နှစ်လခန့် ခွဲနေရသောသူငယ်ချင်းများနှင့် ပြန်တွေ့ရချိန်မို့ စကားတွေ ပြောလို့မဝနိုင်၊ ကဲလို့မဝနိုင်။ တစ်ယောက်ကိုတစ်ယောက် နောက်ပြောင်ချောက်ချ၍ အားမရနိုင်ဘဲ ရှိ၏။ ဒီနေ့က သောကြာနေ့ဆိုတော့ မနက်ဖြန်ကျရင် စနေ၊ တနင်္ဂနွေရောက်ကာ ကျောင်းပိတ်တော့မည်။ နှစ်ရက်ခွဲရဦးမည်။ ဒါကြောင့် သောကြာနေ့မှာ သူတို့အုပ်စုသည် ကျောင်းသား၊ ကျောင်းသူအသစ်လေးများကို အကြောင်ရိုက်ရန် အစီအစဉ်တစ်ခုအား မနေ့ကတည်းက ကြိုတင်အကွက်ချစီစဉ်ထားခဲ့ကြ၏။ ပထမနှစ်ကျောင်းသားတွေကို ဆရာဟန်ဆောင်ပြီး စာဝင်သင်သည့်ကိစ္စက ရိုးနေပြီမို့ သူတို့က အသစ်တစ်ခုစဉ်းစားထားသည်။

အစီအစဉ်အရ အောင်ခိုင်က သူ့အစ်မချောစု၏ ငယ်ငယ်တုန်းက ဓာတ်ပုံအဟောင်းတစ်ပုံကို ကျောင်းသို့ယူလာသည်။ သူတို့အဖွဲ့ငါးယောက်တွင် အောင်ခိုင်တစ်ယောက်သာ ရန်ကုန်တွင် အိမ်ရှိသူဖြစ်ပြီး ကျန်လေးယောက်မှာ နယ်မှကျောင်းလာတက်ကြသော အဆောင်နေကျောင်းသားများဖြစ်ကြလေသည်။ နောင်နောင်က ပြည်မြို့မှလာသူ၊ ကျော်သူရက မကွေးမှဖြစ်၍ ချစ်တီးနှင့် ဗိုက်ကြီးက မုံရွာမှ ဖြစ်ကြ၏။ သူတို့ငါးယောက်သည် မွေးဖွားကြီးပြင်းရာ ဇာတိမြို့များ မတူညီကြသော်လည်း ဆယ်တန်းကို နှစ်ခါစီကျပြီးမှ တက္ကသိုလ်ကို ရောက်လာပုံချင်းကာ တော့တူကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်တီးနှင့် ဗိုက်ကြီးတို့သည် ကျောင်းကို အညာသားဝတ်စုံနှစ်စုံ ယူလာကြပါသည်။ သူတို့ယူလာသော အညာသားဝတ်စုံများနှင့် အောင်ခိုင် ယူလာသော သူ့အစ်မဓာတ်ပုံကို ပေါင်းစပ်လိုက်သောအခါ First Year ကျောင်းသား၊ ကျောင်းသူလေးများအား ခပ်တည်တည်အကြောင်ရိုက် ရန် စတင်နိုင်ပြီဖြစ်သည်။

မနှစ်က သူတို့အုပ်စုသည် ဗရုတ်ကျလွန်းသဖြင့် ပထမနှစ်တစ်နှစ် တည်းနှင့် ကျောင်း၏ ကျော်ကြားသူများစာရင်းဝင်သွားခဲ့၏။ သူတို့ကို ရွယ်တူများနှင့် စီနီယာတန်းများအားလုံး သိပြီးသားဖြစ်သောကြောင့် ဒီနေ့ အစီအစဉ်ကို အကောင်အထည်ဖော်၍မရပေ။ သူတို့အုပ်စုကို ကျောင်း သားဟောင်းတွေမှန်းမသိသည့် ပထမနှစ်ကျောင်းသားသစ်များမှဖြစ်မှာမို့ First Year များရှိသော အဆောင်ဘက်သို့ သူတို့အဖွဲ့ ချီတက်လာကြ သည်။

သူတို့ထဲတွင် နောင်နောင်နှင့် အောင်ခိုင်သည် မျက်နှာအပြောင် ဆုံး၊ အလည်ဆုံး။ ဗိုက်ကြီးက အထုံဆုံး၊ အတုံးဆုံး။ ချစ်တီးက ကပ်စေး အနဲဆုံး၊ အရယ်ရဆုံး။ ကျော်သူရကတော့ တစ်ရက်မှာ နှစ်ဆယ့်လေးနာရီ အပြည့် ကြောင်သူဖြစ်သည်။ သူ၏နာမည်ပြောင်မှာ ကိုကြောင်ဖြစ်သည်။

ချစ်တီးနှင့် ဗိုက်ကြီးတို့က မုံရွာတွင် အလယ်တန်းကျောင်းသား ဘဝကတည်းက အတူပေါင်းလာသော ငယ်သူငယ်ချင်းတွေဖြစ်၏။ ချစ်တီး၏ အမည်ရင်းက သက်ခိုင်လွင်ဖြစ်ပြီး ဗိုက်ကြီး၏အမည်ရင်းက

www.burmeseclassic.com

www.burmeseclassic.com



မျိုးကျော်ဖြစ်ပါသည်။ သူတို့နှစ်ယောက်က မတည့်အတူနေတွေ. . .။ ခဏခဏ ရန်ဖြစ်ကြသည်။ သူတို့ရန်ဖြစ်ပြီး ငယ်ကျိုးငယ်နာတွေဖော်ကာ ဆော်ကြရာမှ သူတို့၏ ငယ်နာမည်တွေကို ကျန်သူငယ်ချင်းများက သိသွားခဲ့ခြင်းဖြစ်၏။ အဲဒီကတည်းက သူတို့နှစ်ယောက်ကို အားလုံးက ချစ်တီးနှင့် ဗိုက်ကြီးဟုသာ ခေါ်ကြသဖြင့် အခုတော့ ဆရာ၊ ဆရာမများအပါအဝင် တစ်မေဂျာလုံးက ထိုငယ်နာမည်ကိုသာ သိကြတော့သည်။

မျိုးကျော် (ခေါ်) ဗိုက်ကြီးမှာ ထူးခြားသောအကျင့်တစ်ခုရှိသည်။ အမြဲမဟုတ်သော်လည်း တစ်ချက်တစ်ချက်တွင် သူက စကားထစ်တတ်၏။ ထစ်နေသောစကားကို သူက အတင်းအားထည့်၍ ပြောလိုက်လျှင် လွန်သွားပြီး ထိုစကားကို နှစ်ခါ၊ သုံးခါခန့် ရပ်မရဘဲ တစ်ဆက်တည်း ပြောမိလျက်သား ဖြစ်နေလေ့ရှိသည်။ ထိုအချိန်များသည် သူငယ်ချင်းများအတွက် အမြဲ ရယ်စရာ၊ ပျော်စရာ ကောင်းသောအချိန်တွေဖြစ်ပါသည်။

နောင်နောင်နှင့် အောင်ခိုင်သည် ချစ်တီးတို့ယူလာသော အညာသားဝတ်စုံနှစ်စုံကို ရေအိမ်ထဲတွင်ဝင်လဲကာထွက်လာကြ၏။ နောင်နောင်က ချာလီထီးကောက်အကြီးကြီးတစ်လက်ကိုလည်း ကိုင်ထားသေးသည်။ အောင်ခိုင်က သူ့အစ်မချောစု၏ ငယ်ငယ်တုန်းက ဓာတ်ပုံအဟောင်းလေးကိုကိုင်၍ အညာသားဒအူ၊ ဒေအတစ်ယောက်ပုံမျိုး ဖမ်းထား၏။

သူတို့နှစ်ယောက်သည် ထိုပုံစံအတိုင်း First Year ကျောင်းသားများရှိသောအဆောင်ကို ဦးတည်လာကြသည်။ ကျော်သူရ၊ ချစ်တီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ကြီးတို့ သုံးယောက်ကမူ သူတို့နောက် မလှမ်းမကမ်းမှ လိုက်ပါအကဲ ခတ်လျက်ရှိ၏။

ဥပဒေပထမနှစ်သို့ ဒီနှစ် ကျောင်းသားသစ်ခြောက်ရာနီးပါးဝင်သည်မို့ စာသင်ခန်းကို သုံးခန်းခွဲထားရသည်။ ကျောင်းသား၊ ကျောင်းသူအသစ်လေးများက ကော်ရစ်ဒါမှာ၊ လှေကားထစ်များမှာ၊ စာသင်ခန်းများထဲမှာ. . . ပြည့်ကျပ်နေ၏။

နောင်နောင်နှင့် အောင်ခိုင်တို့သည် မအူမလည် အညာသားများပုံဖမ်း၍ ပထမနှစ်ကျောင်းသားများကြားသို့ တိုးဝင်သွားကြသည်။ ခပ်လျှောင်လျှောင်ကျောင်းသားတချို့က "ဆေးလာရောင်းတာလား" ဟု မတိုးမကျယ်ပြောကာ နောက်သည်။ ဒါပေမယ့် နောင်နောင်နှင့် အောင်ခိုင်သည် လုံးဝ ဂရုမစိုက်ဘဲ သူတို့လုပ်စရာရှိတာကိုသာ ဆက်လက်လုပ်ဆောင်နေပါသည်။ သူတို့၏ ထူးခြားသောပုံပန်းသဏ္ဍာန်များကြောင့် လူတွေက ဝိုင်းအုံကြည့်နေ၏။

သို့သော် သူတို့အတွက် ဒါက အသေးအဖွဲ့မျှသာဖြစ်သည်။ နောင်နောင်နှင့် အောင်ခိုင်တို့နှစ်ယောက်၏ အညာသားဟန်ဆောင်ပုံက လုံးဝမှင်သေသည်။ သူတို့ကို မေသူတို့အုပ်စုက အဆောင်ထဲကို စဝင်လာကတည်းက တွေ့ပြီးသားဖြစ်ပါသည်။ ဒီခေတ်ကြီးမှာ ဒီလိုဝတ်စုံဖြင့် ကျောင်းကို ရောက်လာသည့် အံ့သြဖွယ်ရာနှစ်ကောင်ကို သူမတို့အုပ်စုက အချင်းချင်း လက်တို့ပြကာ ဟားနေခဲ့ကြသည်။ သူမတို့ အုပ်စုက လေးယောက်ဖြစ်၏။ မေသူ၊ စန္ဒာ၊ အစွယ်လေးနှင့် ဟိဟိ. . .။ သူမတို့သည် နောင်

www.burmeseclassic.com

www.burmeseclassic.com



နောင်နှင့် အောင်ခိုင်တို့၏ လှုပ်ရှားမှုများကို မျက်ခြည်မပြတ် လိုက်ကြည့်နေလေသည်။

နောင်နောင်နှင့် အောင်ခိုင်တို့သည် များပြားလှသော လူတွေကြားမှာ ကျောင်းသူကောင်မလေးတွေကိုသာ လိုက်ကြည့်နေ၏။ ပြီးတော့ နှစ်ယောက်သား တိုးတိုး၊ တိုးတိုးနှင့် တိုင်ပင်ကြသေးသည်။ ထို့နောက် လှသည်ဟု နှစ်ယောက်စလုံးက လက်ခံသဘောတူသော ကောင်မလေး နှစ်ယောက်ရှေ့ကို သွားရပ်၏။

အောင်ခိုင်သည် ကောင်မလေးနှစ်ယောက်ရှေ့မှာ ရပ်ပြီး ကောင်မလေးကို သေချာကြည့်သည်။ ရုတ်တရက်ဆိုတော့ ကောင်မလေးနှစ်ယောက်လည်း လန့်သွား၏။ လူတွေကလည်း ထိုအဖြစ်အပျက်ကို အများကြီးဝိုင်းအုံကြည့်နေကြ၏။

နောင်နောင်က အောင်ခိုင့်လက်ထဲမှ ဓာတ်ပုံကို ဆွဲယူကာ ဓာတ်ပုံကို ကောင်မလေးတစ်ယောက်၏ မျက်နှာနှင့် တိုက်ကြည့်ဟန်ပြုသည်။ သူက အောင်ခိုင့်ကိုလည်း ပါးစပ်မှလှမ်းပြောလိုက်သေးသည်။

"ဟေ့ကောင်. . . အောင်ခိုင်၊ သေချာကြည့်ပေးစမ်းပါဦးကွ၊ တူရဲ့လားဆိုတာ. . ."

"အေး. . . ငါလည်းကြည့်နေတာပဲ။ တူတော့ တော်တော်တူတယ်၊ သိလား. . ."

ကောင်မလေးနှစ်ယောက်အနက် သိပ်မလှသောကောင်မလေးက ရုတ်တရက် သူတို့ကို ထအော်ပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလာကြောင်နေတာလဲ။ လူကို ဘာမှတ်နေလဲ. . . မသိလည်း မသိဘူး၊ လူပုံစံတွေကိုက ကြောင်တောင်တောင်နဲ့"

အောင်ခိုင်က ထိုကောင်မလေး၏စကားသံကြောင့် ထိတ်လန့်သွားသလို နောက်သို့ခုန်ပြီးဆုတ်လိုက်သည်။ နောင်နောင်ကတော့ နှစ်ယောက်ထဲမှ ပိုလှသည့်ကောင်မလေးမျက်နှာကိုကြည့်လိုက်၊ သူ့လက်ထဲကဓာတ်ပုံကို ကြည့်လိုက်လုပ်နေဆဲ။

ကောင်မလေးက သူ့ကို မီးထတောက်တော့မလို ဝင်းဝင်းလက်နေသော မျက်လုံးများဖြင့် ပြူးကာကြည့်နေ၏။ လူတွေ ဝိုင်းကြည့်နေကြသောကြောင့် သူမသည် ရှက်၍ ဒေါသတွေလည်း ထွက်နေလေသည်။

"ရှင်တို့ ဘယ်လိုလူတွေလဲ၊ လူကိုများ ရိသဲ့သဲ့နဲ့ ဘာထင်နေလဲ။ ပါးကွဲချင်လား၊ မော်ကွန်းထိန်းရုံးခန်း ရောက်ချင်လား. . . ကြိုက်တာရွေး"

သူတို့ကို နောက်မှ ရန်တွေ့သည့်ကောင်မလေးက ပိုစွာသည်။ ပိုလှသည်။ ပိုပြီး ချက်ကျ၊ လက်ကျ ပြောဆိုတတ်သည်။ နောက်. . . သူမက တကယ်လုပ်မည့်ပုံလည်းပေါက်သည်။ ဒီတော့မှ နောင်နောင်က လန့်သွားကာ ကောင်မလေးတွေကို အသည်းအသန် ဖြေရှင်းတော့၏။

"မဟုတ်ပါဘူးခင်ဗျာ. . . မဟုတ်ပါဘူး။ ကျွန်တော်တို့က အစ်မကို ရိသဲ့သဲ့လုပ်တာမဟုတ်ရပါဘူး"

ရှူးရှူးရှဲရှဲဖြစ်နေသော ကောင်မလေးနှစ်ယောက် နည်းနည်းငြိမ်သွားသည်နှင့် အောင်ခိုင်က . . .

"ဟုတ်ပါတယ်ခင်ဗျာ. . . ကျွန်တော်တို့က လူလိုက်ရှာတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီက အစ်မကို နှောင့်ယှက်စော်ကားတာ မဟုတ်ပါဘူး”

“ဘယ်ကလူကိုရှာနေတာလဲ၊ အဲဒီလူနဲ့ ကျွန်မက ဘယ်လောက်တောင်တူနေလို့လဲ”

ပထမအော်သော သိပ်မလှသည့် ကောင်မလေးက မေးသဖြင့် နောင်နောင်က အညာလေလေးနဲ့ ပြန်ဖြေရှာပါသည်။

“တူတာတော့ တူပါတယ်၊ ကျွန်တော်ကလည်း အချိန်တွေကြာသွားတော့ ဟုတ်၊ မဟုတ် သေချာမမှတ်မိတော့လို့ပါ။ ဒီတော့ ဒီလိုလုပ်ပါလားခင်ဗျာ. . . ဟောဒီက အစ်မနာမည်လေးကို ကျွန်တော့်ကို တစ်ဆိတ်ပြောပြပါလား”

ကောင်မလေးနှစ်ယောက်စလုံးက နာမည်ပြောခိုင်းတော့ တွန့်သွား၏။ ပိုလှ၍ ပိုစွာသည့် ကောင်မလေးက ပြောပါသည်။

“ရှင်တို့ရှာနေတဲ့လူက သူနဲ့တူတာလား၊ ကျွန်မနဲ့တူတာလား”

“တူတာတော့ နှစ်ယောက်စလုံးနဲ့ပဲ”

“ဟမ်. . . ”

ကြောင်သွားသောကောင်မလေးကို နောင်နောင်က ဆက်ပြောလိုက်၏။

“ဒါပေမယ့် အစ်မနဲ့က ပိုတူပါတယ်”

“ဒါဆို ကျွန်မကို ဓာတ်ပုံပြ”

နောင်နောင်က ဓာတ်ပုံကို ကောင်မလေးလက်ထဲ ထည့်ပေးလိုက်၏။ သူမတို့နှစ်ယောက်သည် ဓာတ်ပုံကို ခေါင်းချင်းဆိုင်ကာ ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ပြီးတော့ အံ့သြစွာဖြင့် သူမတို့က ပြိုင်တူမော့ကြည့်လိုက်ပါသည်။

“ဟင်. . . ဓာတ်ပုံက ကလေးဓာတ်ပုံလေးပဲ၊ ကျွန်မတို့ပုံမှမဟုတ်တာ. . . တခြားစီပဲ”

နောင်နောင်က ဝင်ရှင်းပြပြန်သည်။

“ဒီလိုပါ. . . ဒီဓာတ်ပုံက ကျွန်တော်နဲ့ သူငယ်တန်းတုန်းက မုံရွာမှာ အတူတူကျောင်းတက်ခဲ့တဲ့ ကျွန်တော့်ရဲ့ အချစ်ဆုံးသူငယ်ချင်းပုံပါ။ သူ့နာမည်က ငွေငွေဝင်းတဲ့။ သူငယ်တန်းပထမအစမ်းလောက်မှာ သူ့အဖေက အစိုးရတာဝန်နဲ့ ရန်ကုန်ကို ပြောင်းသွားခဲ့ပါတယ်။ ကျွန်တော်တို့နှစ်ယောက်ဟာ အဲဒီကတည်းက ကွဲသွားခဲ့ကြတာပါ။ အခု ကျွန်တော်တို့ တက္ကသိုလ်ရောက်ပြီဆိုတော့ သူလည်း တက္ကသိုလ်ရောက်ချင်ရောက်နေနိုင်တယ်လေ။ အဲဒါကြောင့် သူ့ရဲ့ ငယ်ငယ်တုန်းက ဓာတ်ပုံလေးနဲ့ ငယ်ရုပ်ကိုဖမ်းပြီး လိုက်ရှာနေကြတာပါ”

နောင်နောင်စကားအဆုံးတွင် စောစောတုန်းက ဒေါသနှင့် တင်းမာနေသော ကောင်မလေးနှစ်ယောက်မှာ ဟန်မဆောင်နိုင်ဘဲ ရယ်ကြပါတော့သည်။ ထိုအခြေအနေတွင် စပ်စုနေကြသော တခြားကျောင်းသားများကလည်း အားလုံးဝိုင်းရယ်ကုန်ကြ၏။ တကယ်တမ်းမှာ ငွေငွေဝင်းဆိုတာက ယမ်းဘီလူးကန်တင်းဆိုင်ရှေ့တွင် ကွမ်းယာရောင်းသော ကုလားမလေး၏နာမည်ဖြစ်သည်။ ခပ်စွာစွာကောင်မလေးသည် နောင်နောင့်လက်ထဲသို့ ကလေးဓာတ်ပုံကို ပြန်ထည့်ပေးလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ရော့. . . ရှင့်သူငယ်ချင်းဓာတ်ပုံ။ တခြားအတန်းတွေသွားရှာ ကြည့်လိုက်ဦးနော်။ ကျွန်မက ဒွေးဒွေးဝင်းမဟုတ်ဘူး၊ ကေသွယ်. . . ဟုတ်ပြီလား"

First Year ကျောင်းသားများက သူတို့နှစ်ယောက်ကို ကြည့်ပြီး ဝိုင်းရယ်နေကြသည်။ အကြောင်းစုံကို မသိကြသူများကလည်း သိသူများ ထံမှာ ပြန်မေးမြန်းကာ ဆူညံနေတော့သည်။ လှောင်ပြောင်တတ်သော ကျောင်းသားတစ်ဦးက စာသင်ခန်းဘက်ကိုလှည့်ပြီး "ဒီအတန်းထဲမှာ ဒွေးဒွေးဝင်းဆိုတာရှိသလား။ ဒီမှာ မုံရွာက ငယ်သူငယ်ချင်းနှစ်ယောက် လိုက်ရှာနေတယ်" ဟု အော်လေ၏။

ရယ်သံတွေက တဝါးဝါးနှင့် ဆူသွားပြန်သည်။ သို့တိုင်အောင် နောင်နောင်နှင့် အောင်ခိုင်တို့က မူပာန်မပျက်ဘဲ ပုံမှန်အတိုင်း ကောင်မလေးများကို ဓာတ်ပုံနှင့်တိုက်ကာ လိုက်ကြည့်နေခဲ့သည်။

ထိုအဖြစ်အပျက်များကို အစအဆုံး သိမြင်ပြီးနောက် မေသူက ဖျတ်ခနဲ ဉာဏ်အလင်းပွင့်သွားသည်။ ချက်ချင်း သူမတို့သူငယ်ချင်းလေး ယောက် ခေါင်းချင်းတိုက်ကာ တစ်စုံတစ်ရာကို တိုင်ပင်ကြလေ၏။ အဲဒီ နောက်မှာတော့ သူမတို့လေးယောက် ထိုနေရာမှ ပျောက်သွားခဲ့ပါသည်။

ဥပဒေပထမနှစ်အတန်းရှိရာသို့ နောင်နောင်တို့အုပ်စုကို သိသော ဖိုင်နယ်မှ ကျောင်းသားဟောင်းများ ရောက်လာသဖြင့် ကျော်သူရ၊ ချစ်တီး နှင့် ဗိုက်ကြီးတို့က ထိုကျောင်းသားဟောင်းတွေဆီ ပြေး၍ အကျိုး အကြောင်း ရှင်းပြထားရသေး၏။ အကြောင်းစုံသိတော့ သူတို့က "မင်းတို့

www.burmeseclassic.com

www.burmeseclassic.com



အုပ်စုက တော်တော်မလွယ်တဲ့ကောင်တွေပါလားကွ။ ငါတို့တောင် မင်းတို့ ထက် ဒီကျောင်းကို စောရောက်ပေလို့ပဲ” ဟု. . . အံ့ဩချီးမွမ်းလေသည်။

သူတို့နှစ်ယောက်သည် လမ်းတစ်လျှောက်တွင် လှတပတ ကောင်မလေးမှန်သမျှကို ခပ်တည်တည်နဲ့လိုက်ကြည့်ကြ၏။ သူတို့သတင်းက ခဏချင်းမှာ ဥပဒေပထမနှစ်အခန်းသုံးခန်းစလုံးကို ပျံ့နှံ့သွားတော့သည်။ ထီးကောက်ကြီးတစ်ချောင်း၊ ခါတ်ပုံတစ်ပုံနှင့် အညာသားနှစ်ယောက်၏ အကြောင်းကို First Year ဘက်တွင် လူပြောသူပြောများလျက်ရှိ၏။ ခါတ်ပုံနှင့် တိုက်ကြည့်ခံရသော ကောင်မလေးတွေကလည်း နောင်နောင်နဲ့ အောင်ခိုင်တို့ကို ရယ်ရယ်မောမောပင် ဒွေးဒွေးဝင်းမဟုတ်ကြောင်း ငြင်းလွှတ်လိုက်ကြပါ၏။ နည်းနည်း ပို၍ရဲတင်းသောကောင်မလေးများက နောင်နောင်တို့ ကြည့်မိရုံနှင့် “ကျွန်မနာမည်. . . . ပါ။ မုံရွာက ဒွေးဒွေးဝင်း မဟုတ်ဘူး” ဆိုပြီး မျက်နှာလိုက်ပြောင်လေသည်။

အောင်ခိုင်သည် ပြုံးပြုံး. . ပြုံးပြုံးနှင့် လူတွေပြောသမျှကို ခံယူနေ၏။ ကိုယ်ချင်းစာတတ်သော တချို့ကောင်မလေးတွေက သူတို့နှစ်ယောက်ကို တကယ်လူရှာနေတာမှတ်ပြီး သနားနေကြသည်။ သူတို့အချင်းချင်းလည်း. . .

“မနောက်ကြပါနဲ့ဟယ်. . . သနားပါတယ်။ နင်တို့နော် ဝဋ်လည်လိမ့်မယ်” ဟု ပြောကာ တားမြစ်ကြပါသည်။

နောင်နောင်နှင့် အောင်ခိုင်တို့နှစ်ယောက်သည် ဥပဒေပထမနှစ် အခန်းများရှေ့၌ နာရီဝက်ခန့် မွှေနှောက်ကြပြီးနောက် ဝိဇ္ဇာကန်တင်းဘက်

www.burmeseclassic.com

www.burmeseclassic.com



ကို ထွက်ခွာသွားလေတော့၏။ သူတို့နှစ်ယောက်သည် ဥပဒေဆောင်မှ ထွက်လာခဲ့ပြီဖြစ်သော်လည်း အရှိန်မသေသေးဘဲ လမ်းတစ်လျှောက်ရှိ တွေ့သမျှ လှလှပပကောင်မလေးများကို နောက်ပြောင်လာခဲ့သည်။ အကြောင်းမသိသေးသော ကောင်မလေးများက နှုတ်ခမ်းစူသွားကြ၏။ လူရှင်းသော စာသင်ခန်းများအကွေ့ကိုရောက်တော့ ကောင်မလေး လေးယောက် ထိုင်၍ နေကြာစေ့စားနေတာတွေ့ရ၏။

နောင်နောင်ကို အောင်ခိုင်က 'ဘယ်လိုလဲ' ဆိုသည့် အဓိပ္ပာယ်ဖြင့် မေးဆတ်ပြလိုက်ပါသည်။ နောင်နောင်က ခေါင်းပြန်ညိတ်ပြတော့ အောင်ခိုင်က ထိုကောင်မလေးအုပ်စုဆီ တစ်ချက်ကြည့်မိသည်။ သူမတို့အုပ်စုမှာ နေကြာစေ့စားရင်း စကားထိုင်ပြောနေကြခြင်းဖြစ်၏။

သူတို့နောက် မနီးမဝေးအကွာလောက်မှာ ကျော်သူရ၊ ချစ်တီးနှင့် ဗိုက်ကြီးတို့က လိုက်ပါလာကြသည်။

မေသူတို့အုပ်စုသည် သူမတို့ရှေ့တွင် လာရပ်နေသည့် အညာသားရုပ်နှင့် လူနှစ်ယောက်ကြောင့် အံ့ဩသွားဟန်ဆောင်လိုက်၏။ နောင်နောင်တို့နှစ်ယောက်ကတော့ ထုံးစံအတိုင်း မာတ်ပုံနှင့် သူမတို့ကို တိုက်ကြည့်နေသည်။ နောင်နောင်နဲ့ မေသူတို့သည် တစ်ယောက်ကို တစ်ယောက် အရှူးလုပ်မည်ဆိုသော အကြံကိုယ်စီနှင့် အကြည့်ချင်းဆုံမိကြသည်။ ခဏဆို တကယ့်ကို ခဏလေးမျှသာဖြစ်ပါ၏။ သို့သော် ထိုခဏဆိုသောအချိန်သည် လူနှစ်ယောက်၏ ရင်ခုန်သံတွေ စတင်ပေါက်ဖွားစေဖို့ လုံလောက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မေသူတို့အဖွဲ့က သူမတို့ရှေ့မှာလာရပ်ကြည့်နေသော နောင်နောင်နှင့် အောင်ခိုင်တို့ကို တိုင်ပင်ထားသည့်အတိုင်း စ၍အကွက်ရွှေ့လိုက်ပါ၏။ စန္ဒာက မေသူ့ပခုံးကိုလှမ်းပုတ်ပြီး. . .

"ဟဲ့. . . ဌေးဌေးဝင်း။ လုပ်ဦး၊ ငါတို့ကို အူကြောင်ကြောင်နဲ့ လာကြည့်နေတယ်တော့"

ထိုစကားကြောင့် ပထမတော့ နောင်နောင်တို့ကိုယ်တိုင် ပြန်ပြီးကြောင်သွားသေးသည်။ နောက်. . . သူတို့နှစ်ယောက်က မျက်လုံးချင်းကြည့်ပြီး အဓိပ္ပာယ်တချို့ကို အချက်ပြလိုက်ကြ၏။

အင်မတန်လူရည်လည်သော သူတို့နှစ်ယောက်သည် အခြေအနေကို ချက်ချင်းတွက်ချက်ပြီး ဘာဆက်လုပ်ရမည်ကိုလည်း သဘောပေါက် နားလည်ပြီးသားဖြစ်နေလေသည်။ နောင်နောင်က မဲ့ပြုံးလေးကိုခနော်ခနဲ့ဟန်ဖြင့် ပြုံးလိုက်၏။

သူတို့ကို ပြန်အရူးလုပ်ဖို့ ကြိုးစားနေသော ဌေးဌေးဝင်းဆိုသည့်ကောင်မလေးအား နောင်နောင်က မသိချင်ယောင်ဆောင်ပေးထားလိုက်ပါသည်။ အောင်ခိုင်က ဓာတ်ပုံနှင့် မေသူ့မျက်နှာကို တိုက်ကြည့်ရင်းပြော၏။

"တော်တော်တူတယ်ကွ. . . နော် နောင်နောင်"

"အေး. . . ငါလည်း အဲဒါပဲကြည့်နေတာ။ မျက်နှာကျကတော့ တထေရာတည်းပဲ"

အောင်ခိုင်က သူ့အစ်မချောစု၏ ရုပ်သွင်ကို မြင်ယောင်ကြည့်မိ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ရှုံ့မဲ့သွားပါသည်။ တခြားစီပဲ၊ တစ်ရုပ်စီပဲ. . . ဘာမှကိုမဆိုင်ဘူး။ ဒါပေမယ့် အခုတော့ ယာယီအားဖြင့် တထေရာတည်းပဲလို့ သဘောထားမှုဖြစ်တော့မည်။

စန္ဒာ့ဆီမှ မာရေကျောရေနိုင်သော မေးခွန်းတစ်ခုက သူ့နားထဲ သို့ ကန့်လန့်ကြီးရောက်လာ၏။

"ဟိတ်. . . ဒီမှာ ငါတို့ရှေ့မှာ လာရပ်ပြီး ဘာလုပ်နေတာလဲ"

နောင်နောင်က လေသံကို ပျော့ပျောင်းစွာသုံးနှုန်း၍ အစွမ်းကုန် ယဉ်ကျေးနေသည်။

"ဟိုလေ. . . ဒီလိုပါ၊ ကျွန်တော်တို့ ငယ်ငယ်ကကွဲသွားတဲ့သူငယ်ချင်းနဲ့ ဟောဒီအစ်မနဲ့ တူလို့ပါ။ အဲဒါ. . ပိုပြီး သေချာသွားအောင် ဓာတ်ပုံလေးနဲ့ ကျွန်တော် တိုက်ကြည့်နေတာပါ"

စန္ဒာက ပြုံးစိစိနှင့် အပေါ်စားအိုက်တင်တစ်ခုကို ဖန်တီးနေပြန်သည်။

"ဟဲ့. . . ဌေးဌေးဝင်း၊ နင်နဲ့တူတယ်ဆိုပါလား။ ဓာတ်ပုံလေးကို ယူကြည့်လိုက်စမ်းပါဦး"

ဓာတ်ပုံကို နောင်နောင်ဆီက လှမ်းယူလိုက်ချိန်လေးမှာ သူမ ရင်တွေအခုန်မြန်သွား၏။ ထိုအကြောင်းကို သူမဘာသာသူမ တွေးကာ မေသူက ရှက်နေတော့သည်။ အရင်က မေသူသည် ဒီလို ပုံဆိုး၊ ပန်းဆိုး အညာသား ဒီဇိုင်းမျိုးကြီးကို သူမဘဝမှာ ရင်ခုန်ဖို့မပြောနှင့်၊ အိပ်မက်ထဲ တည့် မက်ဖို့တောင် စိတ်မကူးဖူးသူ။ သူမက ကိုယ့်ကိုယ်ကိုယ်သာ အုံသြနေမိ

www.burmeseclassic.com

www.burmeseclassic.com



လျက် လက်ထဲက ကလေးဓာတ်ပုံလေးကို သေချာကြည့်ချင်ယောင်ဆောင် နေရသည်။

“ဟင်. . . ဒါ. . . ဒါ”

အစွယ်လေးက ကြိုတင်ဇာတ်တိုက်ထားသည့်အတိုင်း ဝင်မေး လိုက်ပါ၏။

“ဘာဖြစ်လို့လဲဟင်. . . ဌေးဌေးဝင်း. . . ဘာဖြစ်လို့လဲ”

“ဒါ ငါ့ဓာတ်ပုံဟ. . . ငါ ငယ်ငယ်တုန်းကပုံ”

“ဟာ. . . ဒါဆို နင်က ဌေးဌေးဝင်းပေါ့နော်”

“အေး. . . ဒါဖြင့် နင်က ကိုနောင်ပေါ့”

“အင်းပေါ့ဟ. . . ငါတို့နှစ်ယောက် အခုလိုပြန်ဆုံကြတာ ဝမ်း သာလိုက်တာဟာ”

မေသူသည် စောစောတုန်းက အောင်ခိုင်ခေါ်လိုက်သည့် နာမည် ကို ကြားလိုက်သောကြောင့် ကိုနောင်လို့ ရမ်းတုတ်လိုက်ခြင်းဖြစ်၏။ တကယ်လို့ အဲဒီနာမည်ကို သူမ အချိန်မီမသိရရင်လည်း မေသူက ‘နာမည်ကကြာတော့ မမှတ်မိတော့လို့။ လူကိုတော့ သေချာမှတ်မိတယ်’ ဆိုပြီး ပြောဖို့ စဉ်းစားထားပြီးသားဖြစ်ပါသည်။ အညာသား ငအူတစ် ယောက်ကို လှိမ့်ရတာ လွယ်လွယ်လေးဟု သူမထင်နေပုံရ၏။ သူတို့သည် တစ်ယောက်ကိုတစ်ယောက် အရှုံးလုပ်ရန် လုံးဝမဟုတ်ခဲ့သည့်ကိစ္စတစ်ခု ကို ဟုတ်သယောင်ယောင်နှင့် ဟန်ဆောင်နေခဲ့ကြ၏။ နောင်နောင်က

www.burmeseclassic.com

www.burmeseclassic.com



"လာ. . . သူငယ်ချင်း ဒွေးဒွေးဝင်း၊ ငါတို့ပြန်ဆုံတဲ့အထိန်းအမှတ်နဲ့ ကန်တင်းသွားကြမယ်။ ငါ ဒကာခံပါ့မယ်"

"အေး. . . ကောင်းတယ်၊ ငါလည်း ဗိုက်ဆာနေတာ"

ထိုသို့ဖြင့် သူတို့နှစ်ယောက်နှင့် သူမတို့လေးယောက် စုစုပေါင်းခြောက်ယောက်သည် ဝိဇ္ဇာကန်တင်းဆီသို့ ရောက်ရှိလာကြသည်။ ယမ်းဘီလူးဆိုင်မှ စားသောက်ဖွယ်ရာများကို အလကားရသည့်အလား သူမတို့က မှာယူနေပြန်သည်။ ကျော်သူရတို့သုံးယောက်က ဘေးဝိုင်းမှာ မသိသလိုနှင့် ဝင်ထိုင်၏။

"ဟဲ့. . . ဒွေးဒွေးဝင်း၊ အဲဒီလောက်အများကြီးမှာနေတာ နင်တို့ကုန်လို့လား။ နင် အရင်က အဲဒီလောက်မစားပါဘူး"

"ဩော်. . . ကိုနောင်ရယ်၊ အဲဒီတုန်းက ငါက သူငယ်တန်းပဲ ရှိသေးတဲ့ဥစ္စာ. . ."

"အဟီး. . . ဟုတ်သားပဲ၊ ကဲပါ. . . စား သူငယ်ချင်း၊ စားသာစား. . . ဘာမှအားမနာနဲ့"

ထိုစဉ် စားစရာများကို လာချပေးသော စားပွဲထိုးလေး ရဲသွေးက

"ဟာ. . . ကိုနောင်၊ ဒီနေ့ ဒီဗိုင်းကတစ်မျိုးပါလား"

"ဩော်. . . ဒီလိုပါပဲ"

နောင်နောင်က အလိုက်သင့်ပြန်ပြောလိုက်ရ၏။ တော်ပါသေးသည်။ လျှာရှည်တတ်သော ရဲသွေးက ဘာမှဆက်မပြောတော့ဘဲ သူတို့ဝိုင်းက ထွက်သွားပေလို့။ ဒါတောင် မေသူ (ခေါ်) ဒွေးဒွေးဝင်းက အကဲ

www.burmeseclassic.com

www.burmeseclassic.com



ခတ်သလို ကြည့်နေသေးသည်။ နောင်နောင်က သူ့ရှေ့စားပွဲပေါ် စိုးမြင့်ကြော်ပွဲကိုမြင်တော့ ရုတ်တရက်အကြံရသွား၏။

သူတို့ဝိုင်း၏အနေအထားကလည်း စားပွဲတစ်ဝိုင်းထဲကို လူခြောက်ယောက်တောင် ထိုင်နေကြတာဆိုတော့ တစ်ယောက်နဲ့တစ်ယောက်က အတော်နီးနီးကပ်ကပ်ရှိသည်။ နောင်နောင်က စိုးမြင့်ကြော်ပွဲကြီးကို ယူပြီး တစ်ဇွန်းခပ်စားလိုက်၏။ ပြီးတော့ မေသူ့ကို ဒွေးဒွေးဝင်း ဆိုပြီး ခေါ်လိုက်ပါသည်။

"ဒွေးဒွေးဝင်း"

"ဘာလဲ"

သူတို့က ဝိုင်းထဲမှာကပ်လျက် ထိုင်နေကြခြင်းဖြစ်၏။

"ဒီမှာ ပါးစပ်ဟ"

နောင်နောင်က သူစားလက်စ စိုးမြင့်ကြော်ကို မေသူ့ပါးစပ်ဆီ ခွံ့ကျွေးဖို့ ဟန်ပြင်နေ၏။ ကျန်တဲ့လူတွေက အံ့သြနေကြပြီး ဘာတွေဆက်ဖြစ်လာမလဲဟု စောင့်ကြည့်နေလေသည်။ မေသူက ငြင်းလိုက်၏။

"ရပါတယ်၊ နင့်ဘာသာစားစမ်းပါဟာ. . . ငါ ဒီမှာတောင် မကုန်သေးဘူး"

"ဩော်. . . ဒွေးဒွေးဝင်း၊ ဒွေးဒွေးဝင်း၊ နင်က အခုတော့ ဒီလိုတွေဖြစ်ပြီပေါ့လေ"

မေသူသည် သူမကို ဒွေးဒွေးဝင်းလို့ နောင်နောင်က တစ်ခါခေါ်လိုက်တိုင်း တစ်ခါတွန့်ခနဲဖြစ်သွားမိသည်။ ဟွန်း. . . နာမည်ကြီးဘာလည်း

www.burmeseclassic.com

www.burmeseclassic.com



ဌေးဌေးဝင်းတဲ့. . .။ စိတ်ညစ်စရာကြီး။ အခုမှတော့ ဘာတတ်နိုင်မှာလဲ၊ ကိုယ်စခဲ့တဲ့ဇာတ်ပဲ။

"ဟဲ့. . . ဌေးဌေးဝင်း၊ နင် ဘာတွေစဉ်းစားနေတာလဲ။ နင်က နော်. . . အရင်လိုကိုမဟုတ်ဘူး။ မတွေ့ရတဲ့ဆယ်နှစ်လောက်အတွင်းမှာ တော်တော်ကြီးကို ပြောင်းလဲသွားတယ်။ ဒီကြားထဲမှာ နင် မုံရွာကို တစ်ခါမှ ပြန်မရောက်ဘူးလား"

"ဩော်. . . ဟုတ်တယ်၊ ငါ မုံရွာမရောက်ဖြစ်ဘူး"

"အေးပေါ့လေ. . . တစ်ခါတစ်ခါ သွားရတာကဝေးတာကိုး. . .။ ပြီးတော့ စရိတ်ကလည်း အင်မတန်ထောင်းတာဟ။ ဟဲ့. . . ဒါနဲ့ နင့်အမေရော အကြွေးတွေကျေသွားပြီလား"

"အမ်. . ."

"နင်မသိဘူးလား"

မေသူက ယောင်ပြီးခေါင်းကိုခါပြသည်။

"အဲဒါခက်တာပေါ့၊ လူကြီးတွေက အိမ်ရဲ့စီးပွားရေးအခြေအမှန်ကို ကလေးတွေကိုတော့ သိခွင့်ပေးသင့်တယ်။ အခုကြည့်စမ်း. . . ဌေးဌေးဝင်း နင် ဘာမှမသိဘူး။ ခက်တယ်. . . ခက်တယ်၊ လူကြီးတွေမိုက်တော့ ကလေးတွေမိုက်တာထက် ဆိုးတယ်။ ထားပါတော့၊ ထားပါတော့. . . ကဲ ဒီမှာ ဌေးဌေးဝင်း. . . ဟောဒါလေးကိုစားလိုက်ဦး"

နောင်နောင်သည် မေသူ့ကို စိုးမြင့်ကြော် ခွဲ့ကျွေးဖို့ကြိုးစားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဘာသာစားပါ ကိုနောင်ရယ်. . . လိမ္မာပါတယ်"

မေသူသည် အညာလေသံကြီးဖြင့် အာကျယ်အာကျယ် လျှောက်ပြောနေသော နောင်နောင့်ကြောင့် ရှက်လှပြီ။ ဒီအခြေအနေရောက်မှ ပြဿနာကို ရှင်းပြဖို့ကလည်းမဖြစ်နိုင်တော့။ ကန်တင်းမှာ တခြားဝိုင်းတွေက သူတို့ကို မသိမသာအကဲခတ်နေကြ၏။

"ငွေးငွေးဝင်း၊ နင် အရင်တုန်းကဆို ငါခွံ့ကျွေးတာ စားနေကျပါ။ အခုမှ ဘယ်လိုဖြစ်ရတာလဲ"

"ဟုတ်လို့လား"

"ဩော်. . . တွေ့လား၊ နင်က အခုတော့ မေ့ပစ်လိုက်ပြီပေါ့လေ"

"မမေ့ပါဘူးဟ. . . နင့်ကို ငါက စတာပါ"

"အဲဒါဆို ငါကျွေးတာကို နင်စားရမယ်"

နောင်နောင်က စိတ်အားထက်သန်စွာပြောနေသဖြင့် ဒီတစ်ခါတော့ မေသူ ငြင်းရခက်သွားသည်။ တစ်ချိန်လုံးငြိမ်နေသော ဟိဟိက ပြန်ချင်လှပြီမို့ မေသူ့ကိုဝင်ကာ တိုက်တွန်းနေပြန်သည်။

"နင်ကလည်း တစ်ဇွန်းလောက်ဖြစ်ဖြစ် စားလိုက်ပါဟာ"

မေသူကလည်း တစ်ဇွန်းလောက်စားရုံနဲ့တော့ ဘာမှဖြစ်မသွားပါဘူးဟုတွေးကာ သဘောတူလိုက်၏။ သူမက ပါးစပ်ကို ဟပေးလိုက်တော့ နောင်နောင်က စိုးမြင့်ကြော်တစ်ဇွန်းကို ခွံ့ကျွေးလိုက်ပါသည်။

ထိုအချိန်၌ အလွန်စပ်စုပြီး လျှာရှည်သော စားပွဲထိုးလေး ရဲမွေးက အနားရောက်လာကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ကိုနောင်တို့က အပြတ်ကြီးပွားနေပါလားဗျ။ နည်းလမ်းလေးများရှိရင် ကျွန်တော့်ကိုလည်း လုပ်စမ်းပါဦး။ ကျေးဇူးမမေ့ပါဘူး. . . ဟဲဟဲ. . . ဟဲဟဲ"

ထိုစကားကြောင့် ဘေးဝိုင်းမှာထိုင်နေကြသော ကျော်သူရတို့သုံးယောက်က ကျိတ်ရယ်ကြလေသည်။ မေသူကလည်း မျက်နှာတစ်ခုလုံးရဲသွားကာ တော်တော်ရှက်သွားရှာလေ၏။

အောင်ခိုင်က ရဲသွေးကိုဟောက်ရင်း အခြေအနေကို ဝင်ထိန်း၏။

"ဟေ့ကောင်. . . မင်းနဲ့မဆိုင်ဘဲ ဘာတွေလျှောက်ပြောနေတာလဲ၊ ကိုယ့်အလုပ်ကိုယ်သွားလုပ်"

ရဲသွေးက ခပ်ကုပ်ကုပ်ဖြင့် ပြန်လှည့်သွား၏။ မေသူက သူမတို့ပြန်ပြီး လှည့်စားခံရပြီလားဟု မသင်္ကာဖြစ်နေမိသည်။ ဆိုင်ရှင် ကိုလှသန်းက ရဲသွေး၏လျှာရှည်မှုအား သိသွားကာ ရဲသွေးကို အားလုံးကြားလောက်အောင် ဆူနေပြီးမှ သူတို့ဝိုင်းကို လာတောင်းပန်သည်။ ပြီးတော့. . . စကားစပ်သလို၊ ဘာလိုလိုနှင့် နောင်နောင့်ဆီမှ မနှစ်တုန်းက လက်ကျန်အကြွေးတွေကိုတောင်းသည်။

"လုပ်ပါ ကိုနောင်ရယ်. . . ငါတို့လည်း အရင်းအနှီးက သိပ်ရှိတာမဟုတ်ဘူး။ မနှစ်တုန်းက အကြွေး ၆၅၀၀ ကို အခုပေးထားလိုက်၊ နောက်ပိုက်ဆံမရှိတော့ ပြန်အကြွေးယူပေါ့. . . မကောင်းဘူးလား"

"မနက်ဖြန်ကျရင် ပေးပါ့မယ်ဗျာ. . . ဟုတ်ပြီလား"

နောင်နောင်က မေသူတို့ရိပ်မိသွားမှာစိုးသဖြင့် စကားလို အမြန်

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်၏။ သို့သော် အားလုံးနောက်ကျသွားပြီဖြစ်ပါသည်။ မေသူက ကိုလှသန်းကို ဝင်မေးလိုက်သည်။

"ဦးလေးတောင်းတာ မနှစ်တုန်းက အကြွေးဆိုတော့ သူတို့က အခုမှ First Year တွေ မဟုတ်ဘူးလား"

"ဘယ်က First Year ဟုတ်ရမှာလဲ။ ဒီအုပ်စုက အခုနှစ်ဆို Second Year ပါ သမီးရဲ့။ ကျောင်းမှာ ဒီလောက်နာမည်ကြီးတာ. . . သမီးတို့က အတူတူထိုင်နေပြီး မသိဘူးလား"

သွားပါပြီ။ အားလုံးပေါ်ကုန်ပြီ။ နောင်နောင်က ကိုလှသန်း၏ အဖြေကြောင့် ကိုယ့်နဖူးကိုယ် လက်ဖဝါးနှင့်ရိုက်ချလိုက်မိသည်။ မေသူ့ ဆီမှ မီးဝင်းဝင်းတောက်နေသော အကြည့်တစ်ချက်က ဝင့်ခနဲရောက်လာ ၏။ အောင်ခိုင့်ခမျာ သွားဖြဲလေးနှင့် ရယ်ပြနေရသည်။ ကိုလှသန်းက အကြွေးတောင်းမရတော့ ဟိုလိုလို ဒီလိုလိုနဲ့ ပြန်ထွက်သွား၏။

"လူလိမ်တွေ"

"မဟုတ်ပါဘူး၊ ဘာများ ကျွန်တော်တို့က လိမ်မိလို့လဲ"

"နင်ပဲ ငါနဲ့သူငယ်တန်းတုန်းက သူငယ်ချင်းဆို. . . အခု ဘာ ဖြစ်လို့ နင်က Second Year ရောက်နေရတာလဲ"

"ဒါကတော့ နင်က ဆယ်တန်းကျနေတာဖြစ်မှာပေါ့"

နောင်နောင်စကားကြောင့် မေသူ့ခမျာ စွေ့စွေ့ခုန်နေလေသည်။

"အောင်မာ. . . လူလိမ်ကများ လူပါးဝလို့။ ငါတို့က ဘယ်တော့ မှ စာမေးပွဲမကျဘူးဟဲ့. . . နားလည်လား၊ လူလိမ်ကောင်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် နောင်နောင်လည်း စိတ်ဆိုးသွားကာ မေသူ့ကို တုံ့ပြန်လိုက်သည်။

"ငါ့ကိုများ လူလိမ်၊ လူလိမ်နဲ့. . . နင်တို့ကျတော့ရော မလိမ်ဘူးလား၊ သူ့ကိုယ်သူများ မုံရွာက ဒွေးဒွေးဝင်းတဲ့"

မေသူက သူငယ်ချင်းတွေအားကိုးနှင့် ပြောင်ကြီးဆက်လှိမ့်လိုက်သည်။

"ဟင်. . . ငါ့နာမည်က ဒွေးဒွေးဝင်းပဲဥစ္စာ. . . မယုံရင် ဒီမှာ သူတို့ကို မေးကြည့်ပါလား"

မေသူ့စကားအဆုံးတွင် နောင်နောင်နှင့် အောင်ခိုင်တို့က အားရပါးရ အော်ရယ်သည်။ ထိုအခါ ဘေးနားဝိုင်းက ကျော်သူ၊ ဗိုက်ကြီးနှင့် ချစ်တီးတို့ကပါ ဝင်ရယ်ကုန်ကြ၏။ အရယ်ရပ်သွားတော့ နောင်နောင်က အောင်နိုင်သူတစ်ဦးလိုပြုံးရင်း. . .

"ဟုတ်ပြီလေ. . . နင့်နာမည် ဒွေးဒွေးဝင်းဆိုရင် ကျောင်းသားကဒ်ပြ"

အမှတ်တမဲ့ဆိုတော့ မေသူလည်း အငိုက်မိသွားကာ ဘာဆက်လုပ်ရမှန်းမသိဘဲ ယောင်နနဖြစ်လျက်ရှိ၏။

"ဟို. . . ဟိုလေ. . . အဲဒါက. . . ဟို. . . "

နောင်နောင်က နိုင်ကွက်ကိုနင်းပြီး ထပ်၍ ဖိပြောလိုက်ပြန်သည်။

"ဟိုတွေ ဒီတွေ လုပ်မနေနဲ့၊ အဲဒီဒွေးဒွေးဝင်းဆိုတာလေ. . . ဟို

www.burmeseclassic.com

www.burmeseclassic.com



မှာတွေ့လား၊ ကွမ်းယာဆိုင်မှာထိုင်နေတဲ့ ကုလားမလေးရဲ့နာမည်. . . မယုံရင် မေးကြည့်၊ အားလုံးသိတယ်”

သူမတို့လေးယောက်စလုံးသည် ကွမ်းယာဆိုင်မှာထိုင်နေသော ဧွေးဧွေးဝင်းဆိုသည့် ကုလားမလေးအား လှည့်ကြည့်လိုက်ကြ၏။

ထိုစဉ် ချစ်တီးက အချိန်ကိုက် ထအော်သည်။

“ဟေ့. . . ဧွေးဧွေးဝင်း၊ ဗမာဆေးနဲ့နွယ်ချိုထည့်. . . ကွမ်းယာ ငါးဆယ်ဖိုးလောက်”

ဧွေးဧွေးဝင်းက ချစ်တီးကို ပြန်အော်ပြောပါ၏။

“ဟုတ်ကဲ့ပါ အားကို. . . ”

လူတွေဆီမှ ဝါးခနဲရယ်သံတွေက ယမ်းဘီလူးကန်တင်းဆိုင်မှာ ဆူညံသွားပါသည်။ မေသူသည် ရှက်လွန်းသဖြင့် မျက်ရည်များပင် ဝဲကျလာ၏။ သူမက မျက်နှာကို လက်ဖဝါးနှင့်အုပ်ကာ ခေါင်းကိုငုံ့ချလိုက်သည်။ စန္ဒာကချော့ရ၏။

“မေသူရယ်. . . မငိုနဲ့. . . မငိုနဲ့လေ၊ လိမ်ပြောတာချင်းအတူတူ ပဲဉစ္စာ၊ ဘာဖြစ်လို့ငိုရမှာလဲ”

မေသူ့ဆီက ရှိုက်သံက ပို၍ကျယ်လောင်စွာထွက်လာ၏။ နောက် မေသူက ခေါင်းကို ဆတ်ခနဲမော့လိုက်ကာ နောင်နောင်အား စူးခနဲတစ်ချက်ကြည့်သည်။ ပြီးတော့ ဝိုင်းထဲမှထ၍ ထွက်ပြေးသွားလေတော့သည်။ မေသူ ထွက်ပြေးသွားတော့ စန္ဒာတို့၊ အစွယ်လေးတို့၊ ဟိဟိတို့ကပါ အပြိုင်ထလိုက်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အောင်ခိုင်က ကျော်သူရတို့နှင့် အားရအောင်ရယ်နေကာ ကျန်ရစ်ခဲ့သည်။ နောင်နောင်သည် သူတို့လိုမရယ်ဖြစ်. . .။ သူ့စိတ်ထဲမှာ ခါတိုင်းလို ရယ်၍မရ။ နောင်နောင်သည် ထွက်ပြေးသွားသော မေသူ့ကိုသာ မြင်ယောင်နေမိလျက်ရှိသည်။ လေးနက်သော တစ်စုံတစ်ရာကလည်း သူ့ရင်ထဲမှာ စိုးမိုးထားပါ၏။

သူက သူများတကာကို အမြဲနောက်ပြောင်နေကျဖြစ်သော်လည်း ဒီတစ်ခါတော့ သူ နောင်တရချင်သလို ဖြစ်နေခဲ့လေသည်။ ဘဝ၏ ရုတ်တရက် အချိုးအကွေ့များကို လက်ခံရဲသူဆိုတာ နောင်တရ၍ မဖြစ်သင့်မှန်း နောင်နောင် သဘောပေါက်ထားပါသည်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

အင်းလျား နံနက်ခင်းသည် မြူငွေ့များ လွင့်ပြယ်ခါစဖြစ်ပြီး ပတ်ဝန်းကျင်တစ်ခုလုံး မှုန်ဝါးဝါးအလင်းဖြင့် ခြယ်မှုန်းထားသလို ရှိနေ၏။ နောင်နောင်က ပစ်တိုင်းထောင်ဆေးပေ့ါလိပ်ကို ဖွာရင်း တစ်ယောက် တည်း ကန်ပေါင်ပေါ်သို့ တက်လာသည်။ သူက ဒီနေ့ကျောင်းကို အစော ကြီးရောက်နေခဲ့သည်။ ညကလည်း သူ ကောင်းကောင်းအိပ်မပျော်။ ဒီနေ့ မနက်ကို အမြန်ရောက်ဖို့ သူက လွန်ခဲ့သည့်နှစ်ရက်ကတည်းက စိတ်စော နေခဲ့တာဖြစ်၏။ အကြောင်းကား ရှိပါသည်။

ပြီးခဲ့သောအပတ် သောကြာနေ့က သူတို့ ခပ်တည်တည်နောက် ပြောင်ခဲ့မှုကြောင့် ရှက်ကာ ငိုသွားရှာသည့် မေသူဆိုသော ကောင်မလေး အား နောင်နောင်တွေ့ချင်နေမိသည်။ ထိုဝေဒနာသည် စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက် နှစ်ရက်စလုံး သူ့ကို ဖိစီးထားခဲ့၏။ အခုလည်း နောင်

www.burmeseclassic.com

www.burmeseclassic.com



နောင်က အဆောင်မှကျောင်းကို အစောကြီးထွက်လာခဲ့ပါသည်။ ကျောင်းရောက်တော့ ဘယ်သူမှ မရောက်ကြသေးသဖြင့် သူက ကန်ပေါင်ပေါ် တက်လာခဲ့ခြင်းဖြစ်လေသည်။

မိုးဥတုဖြစ်သော်လည်း ကောင်းကင်သည် မိုးသားများ ကင်းစင်လျက် နေရောင်ခြည်က တဖြည်းဖြည်းချင်း ထိုးခွဲရောက်ရှိလာ၏။ နောင်နောင်သည် ပစ်တိုင်းထောင်ဆေးပေါ့လိပ်ကို နောက်ဆုံးအကြိမ် ဖွာရှိုက်လိုက်ပြီး အစီခံအား ရေစပ်သို့ လွှင့်ပစ်လိုက်သည်။ အတွေးများက ရှုပ်ယှက်ခတ်နေပြီး ဘာဆက်လုပ်ရမည်ကိုလည်း သူဝေခွဲမရဖြစ်နေ၏။

နာမည်လေးက မေသူတဲ့၊ သူ ငါ့ကြောင့်ငိုသွားရတယ်။ သနားလိုက်တာ။ ဒီနေ့ကျောင်းမှာတွေ့ရင် ငါ သူ့ကို တောင်းပန်လိုက်ရင် ကောင်းမလား။ ဒါဆို ငါ့ကို ဟိုကောင်တွေက ဘယ်လိုဝေဖန်ကြမှာလဲ။ ဝိုင်းဟားကြမယ်ထင်တယ်။

နောင်နောင်က ခေါင်းကိုဖွဖွလေးရမ်းလိုက်၏။ ခါတိုင်းလည်း သူတို့အုပ်စုက ဒါမျိုးတွေ နောက်ပြောင်နေကျပဲ။ ဒါ့ထက်ဆိုးသော အခြေအနေတွေကိုပင် သူတို့က တောင်းပန်ခဲ့တာ မဟုတ်ပေ။

ပြီးတော့ အခုကိစ္စက သူတို့ရဲ့ အပြစ်ချည်းသက်သက်မဟုတ်။ သူမတို့က ဌေးဌေးဝင်းဆိုပြီး သူတို့ကို လှည့်ဖျားအရူးလုပ်ဖို့ ကြိုးစားခဲ့ရာမှ သူတို့က တစ်ကွက်သာခဲ့ခြင်းဖြစ်သည်။

ဒါပေမယ့် နောင်နောင်က သူမတို့အဖွဲ့ကို တောင်းပန်စေလိုးဆိုချင်သည်။ မျက်ရည်များကြားမှ သူ့ကို စူးခနဲကြည့်သွားသည့် မေသူ့

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေက နောင်နောင်အား စိုးမိုးထားတာ အခုဆို နှစ်ရက်ကျော် ရှိနေပြီ မဟုတ်ပါလား။ ဒီအကြောင်းကို သူငယ်ချင်းတွေထံ ဖွင့်ဟဝန်ခံ လိုက်လျှင်လည်း သူတို့က သူ့အကြံကို ဝိုင်းကန့်ကွက်ကြမည်မှာ သေချာ လှသည်။ အခန့်မသင့်ပါက သူ့ကို သစ္စာဖောက်စာရင်းသွင်းကာ အားလုံး၏ ဝိုင်းဝန်းနှိပ်ကွပ်ခြင်းကို ခံရနိုင်သေးသည်။ နောင်နောင်က သက်ပြင်းသာချမိ၏။

ဟူး. . . မလွယ်ပါလား။

နေနည်းနည်းပူလာသဖြင့် နောင်နောင်က နာရီကို တစ်ချက် ကြည့်လိုက်ပါသည်။ နာရီလက်တံက ကိုးနာရီထိုးရန် ဆယ်မိနစ်ရှိပြီဟု အဖြေပေးနေ၏။ ဒီအချိန်ဆို အတန်းထဲမှာ လူတွေစုံနေရော့မည်။ သူက ကျောင်းထဲပြန်ဝင်ရန် ကန်ပေါင်ပေါ်မှ ထွက်ခွာလာခဲ့တော့သည်။

ရုတ်တရက် ခပ်လှမ်းလှမ်းဆီမှ အရှိန်နှင့်မောင်းလာသော ခဲရောင်ဆလွန်းကားလေးတစ်စီးကြောင့် သူက လမ်းမကူးသေးဘဲ ရပ်နေ လိုက်၏။ ကားက သူ့ရှေ့တည့်တည့်သို့အရောက်တွင် ကားကိုမောင်းလာ သူအား သူ အမှတ်တမဲ့ကြည့်လိုက်မိသည်။ နောင်နောင် အံ့သြသွား၏။ တစ်ပြိုင်တည်းမှာ သူက ပျော်ရွှင်နေပြန်သည်။ နောင်နောင် မြင်လိုက်ရသူ မှာ နှစ်ရက်လုံးလုံး သူ့စိတ်ကို ကြီးစိုးထားသော မေသူဆိုသည့် ကောင် မလေးဖြစ်နေ၏။

သူမက နောင်နောင့်ကိုမြင်သွားသော်လည်း ဟိုတစ်နေ့ကပို အညာသားဝတ်စုံကြီးနှင့် မဟုတ်တော့သဖြင့် သေချာမမှတ်မိပေ။ နောင်

www.burmeseclassic.com

www.burmeseclassic.com



နောင်သည် သူမအား ဒီနေ့အဖို့ အခုလောက် အစောကြီးတွေ့ရရန် မျှော်လင့်မထားသောကြောင့် ကျေနပ်သွားသည်။ သူ့ကို မမှတ်မိသော သူမ၏ အဖြစ်ကိုလည်း သဘောပေါက်ကာ ပြုံးလိုက်မိ၏။ ခဲရောင်ဆလွန်းကားလေးသည် လမ်းတစ်ခုသို့ ချိုးကွေ့လျက် ပျောက်ကွယ်သွားပါသည်။

ဒီနေ့မနက်အတွက် နောင်နောင် ပထမဆုံးလုပ်သည့်အလုပ် မှာ ယမ်းဘီလူးဆိုင်ရှင် ကိုလှသန်းအား First Year တုန်းက ပေးရန်ကျန် သောအကြွေး ၆၅၀၀ ကို သွားဆပ်လိုက်ခြင်းဖြစ်၏။ ထိုအခါ ကိုလှ သန်းက သူ့ကို အံ့သြသလို ကြည့်နေပြန်သည်။ နောင်နောင်က သူ့မှာ အရေးပေါ်သုံးဖို့ လက်ကျန်ပိုက်ဆံမရှိတော့ပေမယ့် ပျော်နေလေ၏။

* * *

မေသူသည် လွန်ခဲ့သော နှစ်ရက်ကျော်တုန်းက အဖြစ်အပျက်အား တမင်မေ့ပျောက်ထားလိုက်ပြီး ကျောင်းကိုထွက်လာခဲ့၏။ ဟုတ်သည်။ အဲဒီနေ့က၊ ပို၍တိတိကျကျပြောရလျှင် ပြီးခဲ့သည့်အပတ် သောကြာနေ့က မေသူတို့ အရှက်တကွဲဖြစ်ခဲ့ရသည်။ အထူးသဖြင့် မေသူ အရှက်ရခဲ့သည်။ သူမတို့အုပ်စုက ဆယ်တန်းမှာကတည်းက တစ်ကျောင်းတည်းမို့ သိကျွမ်းပြီးသား။ ဒါပေမယ့် မေသူတို့အဖွဲ့သည် တက္ကသိုလ်ရောက်မှ ပို၍တွဲဖြစ်ကာ ရင်းနှီးလာခဲ့ကြသည်။

သူမက ကားကို Parking ထိုးလိုက်ပြီး ဥပဒေဆောင်ဘက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဦးတည်လိုက်၏။ သောကြာနေ့တုန်းက သူမတို့လေးယောက် အညာသား နှစ်ကောင်ကို အရှုးလုပ်ဖို့ အကြံနှင့် နေကြာစေ့ထိုင်စားရင်း စောင့်ခဲ့သည့် နေရာကို ရောက်လာ၏။ သူမသည် ထိုနေ့က အကြောင်းအရာအား အမှတ်ရသွားပြီး စိတ်ရှုပ်သွားမိသည်။ ထို့နောက် သူမနှုတ်ခမ်းလေးတွေ စူသွား၏။ အဲဒီနေရာကိုလည်း မျက်စောင်းထိုးပစ်လိုက်သည်။

မေသူသည် ထိုနေ့တုန်းက ကျောင်းမှာတင်မဟုတ်ဘဲ အိမ်ပြန် ရောက်တဲ့အထိ ငိုခဲ့ရသည်။ အထက်တန်းကျောင်းမှာတုန်းက သူမသည် စာတော်သော်လည်း သူများတကာကို စတတ်၊ နောက်တတ်သူ။ ကျောင်း သား၊ ကျောင်းသူချင်းသာမကဘဲ မေသူက ဆရာ၊ ဆရာမများကိုပင် အလွတ်မပေးခဲ့သူဖြစ်သည်။

သူမ၏ တက္ကသိုလ်ကျောင်းသူသက်တမ်း ငါးရက်အတွင်းမှာပင် မေသူသည် သူမထက်သာသူကို တွေ့ခဲ့ရခြင်းဖြစ်ပါသည်။ တက္ကသိုလ် ဆိုတာ ကိုယ်ထင်ထားတာထက် အများကြီး ပိုမိုကျယ်ဝန်းသည်ဟု မေသူ နားလည်သွားခဲ့၏။

အတန်းထဲကို မေသူရောက်တော့ အစွယ်လေးနဲ့ ဟိဟိတို့က ပြေးကြိုကြသည်။ အစွယ်လေးရဲ့နာမည်က သန္တာထွေး၊ ဟိဟိရဲ့နာမည်က ဟေမာအောင်ဆိုပြီး အသီးသီး နာမည်ရင်းကိုယ်စီရှိကြ၏။ ဒါပေမယ့် သူငယ်ချင်းတွေက သွားတက်လေးတွေ အများကြီးပါသော သန္တာထွေး ကို “အစွယ်လေး” ဟုလည်းကောင်း၊ ဘယ်လိုပင်ရယ်ရယ် ဟိဟိဆိုသည့် အသံမှလွဲ၍ တခြားအသံ လုံးဝ မထွက်တတ်သော ဟေမာအောင်ကို

www.burmeseclassic.com

www.burmeseclassic.com



"ဟိဟိ" ဟုလည်းကောင်း၊ ချစ်စနိုးနှင့် နာမည်ပေးထားကြပါသည်။

"ဟဲ့. . . အစွယ်လေး၊ စန္ဒာရော. . ."

မေသူ့အမေးကို အစွယ်လေးက ပြန်ဖြေသည်။

"ရောက်နေပါပြီ၊ ကန်တင်းမှာ နေ့လယ်ထမင်းစားတဲ့အခါ စားရအောင် ရှောက်သီးသုပ်ချန်ထားပေးဖို့သွားမှာတယ်"

ဟိဟိက မေသူ့ကို သောကြာနေ့တုန်းက အဖြစ်အပျက်အား ရည်ရွယ်လျက် "နေကောင်းသွားပြီလား" ဟု မေးလိုက်၏။ မေသူက သူငယ်ချင်း၏ ငဲ့ညှာမှုကို တွေးမိပြီး ပြုံးလိုက်ပါသည်။

"နေကောင်းပါတယ် ဟိဟိရဲ့၊ ဟိုနေ့တုန်းက ကိစ္စကိုလည်း ခေါင်းထဲမှာ မထားတော့ပါဘူး၊ အေးဆေးပါ"

အစွယ်လေးနှင့်ဟိဟိသည် မေသူ့စကားကြောင့် စိတ်ထဲ၌ ပေါ့ပါးသွားကြသည်။ ထိုစဉ် စန္ဒာက အတန်းထဲကို ပြန်ရောက်လာ၏။ အတန်းထဲမှာက ကျောင်းသားအနည်းငယ် ရှိနေကြပြီး အတန်းထဲ ပြန်ဝင်လာသည့် စန္ဒာ့ကို ဝိုင်းကြည့်နေကြ၏။ စန္ဒာက တော်တော်လှသည်။ မေသူနှင့်စန္ဒာ အတူတွဲထွက်သွားသည့်အခါများ၌ ကောင်လေးတွေက အမြဲလိုလို မျက်လုံးဖြင့် ဝိုင်းဝန်းအားပေးတတ်ကြပါသည်။

မောင်မယ်သစ်လွင်ကြိုဆိုပွဲနေ့မတိုင်မီက "ကွင်း" ဖြစ်နိုင်သည်ဟု တစ်ကြိုစာရင်းအသွင်းခံရသော ဥပဒေပထမနှစ်၏ အချောအလှများထဲမှာ သူမတို့နှစ်ယောက်လည်း ပါဝင်သည်။ တကယ်ကွင်းရသွားသူမှာ နောင်နောင်တို့ အညာသားဟန်ဆောင်ပြီး ပထမဆုံး အကြောင်စရိုက်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည့်ထဲက ပိုလှသော ကေသွယ်ဆိုတဲ့ ကောင်မလေးဖြစ်၏။ စန္ဒာက မေသူ့ကို ပြုံးပြရင်းနှုတ်ဆက်၏။ သူမသည်လည်း သောကြာနေ့တုန်းက ပြဿနာ၏ အကျိုးဆက်ကို မေသူ့ထံ၌ အကဲခတ်နေသည်။ ရွှင်ရွှင်ပျပျ နှင့် ပြုံးချိုနေသော မေသူ့အမူအရာတွေကို မြင်ရမှ စန္ဒာလည်း စိတ်အေး သွားရသည်။ အတန်းထဲသို့ ကျောင်းသူတချို့ ဝင်လာကြ၏။ အခန်း ပေါက်ဝ၊ ပြတင်းပေါက်ဝနှင့် ကော်ရစ်ဒါပေါ်၌ ကျောင်းသားအုပ်စုများက ကိုယ့်လူနဲ့ကိုယ် စုဝေးလျက်ရှိသည်။

အစွယ်လေးမျက်နှာသည် အခန်းပေါက်ဝဆီသို့ ကြည့်နေရာမှ ရုတ်တရက် ပျက်ယွင်းသွား၏။

"ဟိုမှာ. . . ဟိုမှာ"

သူမတို့အားလုံး၏ အကြည့်များသည် အခန်းပေါက်ဝကို စုပြုံ ရောက်ရှိသွားပါသည်။ ဟော. . . တွေ့ပြီ ဟိုကောင်။ အညာသားကောင် နှစ်ကောင်သည် အခုတော့ ရိုးရိုးသာမန် တခြားကျောင်းသားတွေလိုပဲ ဝတ်စားထား၏။

မေသူနှင့်နောင်နောင်တို့နှစ်ယောက် မျက်လုံးချင်းဆုံသွားတော့ သူမကစပြီး ရင်တွေလှုပ်ရှားသွားသည်။ သူ့ကိုကြည့်ရတာ အညာသား ဝတ်စုံနှင့်ကထက် ပိုချောလာသည်ဟု မေသူထင်မိ၏။ ပထမတော့ မေသူက ဒေါသနှင့် သူ့ကိုကြည့်လိုက်တာဖြစ်သော်လည်း နောင်နောင် မျက်လုံးများ၏ ဘာသာစကားမှာ သူမ ချက်ချင်းသိမ်မွေ့သွားပါသည်။

မေသူသည် ကာယကံရှင်ဖြစ်သော သူမမှလွဲ၍ ဒေါသဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြသည့် သူငယ်ချင်းများကို အားနာသွားကာ မျက်နှာလွှဲပစ်လိုက်သည်။ သူမတို့အဖွဲ့သည် သူတို့ကို ဥပေက္ခာပြုလျက် သောကြာနေ့တုန်းက အတန်းတစ်ချိန်လွတ်ခဲ့သော Paper (1) တွေကို ပြန်ကူးနေကြ၏။

သူမသည် သူငယ်ချင်းတွေ မသိအောင် ကော်ရစ်ဒါဆီ လှစ်ခနဲ ကြည့်လိုက်သည်။ ထိုအခါ သူမကို စိုက်ကြည့်နေတတ်သော နောင်နောင့် မျက်လုံးများနှင့်ဆုံပြီး မေသူက ရှက်လန့်တကြား ပြန်လှည့်သွား၏။

ရုတ်တရက် ကော်ပေတံလေးက မေသူလက်အလွှဲနှင့် ခုံစောင်းကြားမှာ ညှပ်ကာချိုးပစ်လိုက်သလိုဖြစ်သွားပါသည်။ သူမတို့အားလုံးသည် ကျိုးသွားသော ပေတံလေးဆီ အာရုံရောက်နေကြ၏။

မေသူက သူမနာမည်အတိုကောက်ထိုးထားသော M.T စာတန်းလေး ပါသည့် ပေတံအပိုင်းလေးအား သေချာကြည့်နေမိသည်။ စန္ဒာက မေသူဖြစ်နေပုံကို ကြည့်ပြီး ပြော၏။

"မေသူရယ် နှမြောစရာကြီးနော်"

သူမတို့သည် အရင်က တစ်ယောက်ရဲ့အတွင်းရေးကိုတစ်ယောက် အကုန်သိရလောက်အောင် ရင်းနှီးခဲ့သူများ မဟုတ်ကြသည့်အတွက် မေသူက သူငယ်ချင်းများအား ရှင်းပြလိုက်ပါသည်။

"ငါလည်း နှမြောတာပါပဲဟာ။ ဒါပေမယ့် ငါနှမြောတာက ပစ္စည်းရဲ့တန်ဖိုးနဲ့ အသုံးဝင်မှုကို နှမြောတာမဟုတ်ဘူး။ ဒီမှာတွေ့လား။ အဲဒီ M.T ဆိုတာ ငါ့ဖေဖေကိုယ်တိုင် ထိုးပေးခဲ့တာဟ။ ဖေဖေက ငါ ငယ်ငယ်လေးတည်းက ငါ့အသုံးအဆောင်ပစ္စည်းလေးတွေမှာ အဲဒီလို M.T ဆိုပြီး ထိုးပေးနေကျ။ အခုတော့ ဖေဖေက ငါ့ကို အဲဒီလိုလုပ်မပေး

www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့တာ ငါးနှစ်တောင်ရှိသွားပြီ။ ငါ့ဆီမှာလည်း ဖေဖေ အရင်တုန်းက လုပ်ပေးခဲ့တဲ့ဟာတွေက နည်းသထက်နည်းလာပြီ။ ငါကလေ ဖေဖေ့ နာမည်ထိုးပေးထားတဲ့ ငါ့ပစ္စည်းလေးတွေကို ပျက်စီးသွားတာတောင်မှ သိမ်းထားတာ။ ငါ့ဗီရိုထဲမှာ ငါငယ်ငယ်တုန်းက သုံးခဲ့တဲ့ အင်္ကျီ၊ စကတ်၊ လွယ်အိတ်၊ ခဲတံ၊ ဖိနပ်. . . အားလုံး ဖေဖေထိုးပေးထားတဲ့ နာမည်ပါလို့ အကုန် ငါသိမ်းထားတယ်။ အခုထိ သုံးလို့ရနေသေးတဲ့ နောက်ဆုံးလက်ကျန်ပစ္စည်းလေးတွေထဲမှာ ဒီပေတံလေးက နောက်ဆုံးပဲ။ ဒါ ငါခြောက်တန်းတုန်းက ဖေဖေ နောက်ဆုံးနာမည်ထိုးပေးခဲ့တဲ့ ပေတံလေးမို့ ငါအရမ်းတန်ဖိုးထားခဲ့တာ အခုတော့သွားပြီ”

မေသူ့စကားအဆုံးတွင် သွက်လက်သော စန္ဒာက သူမ သိချင်တာကို ဖျတ်ခနဲ မေးချလိုက်သည်။

“ဒါဖြင့် နင့်ဖေဖေက ဘယ်ရောက်သွားလို့လဲ”

မေးလိုက်ပြီးမှ အားနာရကောင်းမှန်း သိသွားကာ စန္ဒာက စကားကို ချက်ချင်းပြန်ကာသည်။

“ဟို. . . ဟိုလေ ငါက သဘောရိုးနဲ့မေးတာနော်။ နင်မဖြေ ချင်မဖြေနဲ့ ရတယ်နော် မေသူ၊ သိလား”

မေသူက ဖွဖွလေးပြုံးရင်း လက်ကာပြသည်။ ကိစ္စမရှိပါဘူးဆိုသည့်သဘော။ သူမက စောစောတုန်းက စန္ဒာမေးလိုက်သည့် မေးခွန်းကို တည်ငြိမ်စွာပြန်ဖြေပါသည်။

“ဖေဖေ ဘယ်ရောက်သွားသလဲဆိုတာကို ငါကိုယ်တိုင် အရမ်းသိချင်နေခဲ့တာပါ။ ဖေဖေဟာ လွန်ခဲ့တဲ့ ငါးနှစ်ကျော်လောက်တုန်းက

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းတွင်းမနက်တစ်ခုမှာ လမ်းထလျှောက်ရင်း ပျောက်သွားခဲ့တာ ဒီနေ့ အထိပဲဆိုပါတော့”

“ဟယ်. . . ”

“ဟာ. . . နင်တို့က လိုက်မရှာကြဘူးလား”

“ရှာတာပေါ့ဟ၊ ဒါပေမယ့် အံ့ဩစရာကောင်းတာက ဖေဖေ့ အကြောင်းကို သတင်းအစအနလေးတောင်မှ မရခဲ့တာပဲ။ အားလုံးက ဖေဖေ့ကို ကွယ်လွန်သွားပြီလို့ ဆုံးဖြတ်ကြပေမယ့် ငါ့အနေနဲ့တော့ အလောင်းမတွေ့ရမချင်း ဖေဖေဆုံးသွားပြီလို့ လုံးဝလက်မခံနိုင်ဘူး”

“ပျောက်သွားပုံကလည်း ထူးဆန်းလိုက်တာဟယ်”

“ဟုတ်တယ်ဟ. . .။ ဖေဖေ့မှာ အဲဒီတုန်းက ဘာပြဿနာ တစ်စုံတစ်ရာမှ မရှိဘူး၊ စီးပွားရေးလည်း အဆင်ပြေတယ်။ ဘာသာ တရားကိုလည်း အရမ်းကိုင်းရှိုင်းရိုသေတယ်။ မပျောက်ခင် ဘုန်းကြီး တောင် တစ်လလောက် ဝတ်လိုက်သေးတယ်။ ရန်သူတွေ၊ ဘာတွေလည်း မရှိဘူးဆိုတော့ အားလုံးက စဉ်းစားလို့မရဘူးဖြစ်ကြတာပေါ့”

သူမတို့အဖွဲ့သည် မေသူ ပြောပြနေသည့် အကြောင်းအရာကို စုတ်တသပ်သပ်နှင့် တအံ့တဩ နားထောင်နေကြပါသည်။ မေသူက သူ့ကို သတိရသွားပြီး အခန်းပေါက်ဝဆီ လှမ်းကြည့်လိုက်၏။

သူမရှိတော့. . .။ ထိုအချိန်မှစ၍ သူမမျက်ဝန်းထဲတွင် ကွက် လပ်တစ်ခုကို နောင်နောင်က ဖန်တီးသွားနိုင်ခဲ့ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

နောင်နောင်တို့အဖွဲ့သည် ခဏအတွင်းမှာပင် မေသူတို့ အတန်းထဲမှ ကျော်ကျော်နိုင်၊ ဇော်ဦး အစရှိသည့် ခပ်လျှောင်လျှောင်ကျောင်းသားများနှင့် ရင်းနှီးအောင် ပေါင်းနိုင်ခဲ့သည်။ ဒုတိယနှစ်ကျောင်းသားတွေဖြစ်ကြပေမယ့် စာကျအောင်ဆိုပြီး ပထမနှစ်အတန်းများကိုသာ သူတို့က လိုက်တက်ကြ၏။ ပြီးတော့ မေသူတို့နောက်မှာ သူတို့အဖွဲ့က အရိပ်လို ဘယ်သွားသွားလိုက်ပါလာလေ့ရှိသည်။

မေသူသည် ဒီနေ့မနက်ကတည်းက သူမတို့နောက်ကို နောင်နောင်တို့ ပါမလာသဖြင့် တစ်ခုခုလိုအပ်နေသလို ခံစားနေရ၏။ ဒါကို ရိပ်မိသော စန္ဒာက "ကိုယ်ရံတော်တွေ ပါမလာတဲ့ မင်းသမီးလေးရဲ့ မကျေမနပ်ဖြစ်နေတဲ့မျက်နှာပါလား" ဆိုပြီး လိုက်စနေခဲ့သည်။ မေသူက "သူနေမကောင်းလို့များလား" ဟုပင်တွေးကာ စိတ်ပူနေမိသေး၏။ ဟိုတစ်ခါ ပြဿနာဖြစ်ကြပြီးကတည်းက နောင်နောင်သည် သူမအနားကို ထပ်

www.burmeseclassic.com

www.burmeseclassic.com



မကပ်တော့ဘဲ အဝေးမှသာ သံယောဇဉ်တွေကို ပို့လွှတ်နေခဲ့၏။ ဒီနေ့ဆို သူသည် အတန်းရှေ့ကိုလည်း မလာ။ ကန်တင်းသွားထိုင်တော့လည်း နောက်က မလိုက်။ ဘွဲ့နှင်းသဘင်ဘက်ကို ဓာတ်ပုံသွားရိုက်တော့လည်း မတွေ့။ သူတင်လားဆိုတော့လည်း သူတင်မဟုတ်ဘဲ နောင်နောင်တို့ တစ်ဖွဲ့လုံး အုပ်စုလိုက်ပျောက်နေကြခြင်းဖြစ်ပါ၏။

သူမတို့ကလည်း တစ်နေကုန်နီးပါး ကန်တင်းမှာ အချိန်ထိုင်ဖြုန်းနေခဲ့ပြီး ညနေ ကျောင်းဆင်းခါနီး နောက်ဆုံးအချိန်ကျမှ ကျူတိုရီရယ် တစ်ချိန်ကို ဝင်ဖြေကြသည်။

မေသူသည် မျဉ်းသားရန် ဟိုတစ်နေ့က ကျိုးသွားခဲ့သော ပေတံအကျိုးလေးကို လွယ်အိတ်ထဲမှာ ရှာသည်။ မတွေ့။ သူငယ်ချင်းများကို မေးကြည့်မိသည်။ ဒါလည်း မတွေ့။ အိမ်မှာလည်း ပေတံက မကျန်ခဲ့တာ သေချာသည်။

မနက်တုန်းကတောင် သူမသုံးနေခဲ့သေး၏။ အခု ပေတံလေးသည် M.T စာတန်းပါသည့်ဘက်ဖြစ်ကာ ကျိုးသွားသော်လည်း ခုနစ်လက်မကျော်ကျော် ကျန်နေသေးတာမို့ မေသူက ဆက်သုံးနေခြင်းဖြစ်ပါသည်။ အခုတော့ ဖေဖေ့အငွေ့အသက်ပါသော လက်ကျန်ပေတံလေး မှာ ပျောက်နေခဲ့ပြီ။

မေသူသည် နောက်ဆုံးမျှော်လင့်ချက်အနေဖြင့် ခုံစောင်းအံဝှက်ကိုဖွင့်၍ ရှာမိ၏။ သူမ အံ့ဩသွားပါသည်။ ပေတံကို မတွေ့ရဘဲ သူမနာမည်ရေးထားသော စာတစ်စောင်ကို တွေ့လိုက်ရသောကြောင့်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်. . . သူမက စာကို ခဏမေ့ထားလိုက်ကာ ဖြေလက်စ ကျူတိုရီရယ်ကို ပြီးအောင်ဆက်၍ဖြေသည်။ ပြီးမှ သူမတို့အဖွဲ့ခေါင်းချင်း ဆိုင်ပြီး စာကို ဖောက်၍ဖတ်၏။

*မေသူ. . .*

*ဒီနေ့မနက်ပိုင်း ကီစ္စတစ်ခုရှိနေလို့ မင်းရဲ့အရိပ်လေး အဖြစ်မှ နေ့တစ်ဝက်ခွင့်တိုင်လိုက်ပါတယ်။ ကိုယ့်ကို မတွေ့ရင် မင်းလိုက်ရှာနေမှာစိုးလို့။*

*ကိုနောင်*

မေသူသည် စာဆုံးသွားသောအခါ ‘တောက်’ တစ်ချက်ခတ် လိုက်ပါသည်။ သူမ မျက်နှာက အရှက်ကြောင့် နီရဲနေ၏။

“အမယ်. . . သူ့ကိုယ်သူများ ကိုနောင်တဲ့၊ လာသေးတယ်။ သင်းကများ. . .”

စန္ဒာက နောက်ပါ၏။

“လုပ်မနေစမ်းပါနဲ့ မေသူရယ်၊ သူရေးထားတာ မှန်သားပဲ။ ဒီမနက်ပိုင်း တစ်ခုလုံး သူပြောသလို နင်လိုက်ရှာနေမိတယ် မဟုတ်လား။ ဝန်ခံလိုက်စမ်းပါဟာ”

မေသူ့ကို အစွယ်လေးနဲ့ ဟိဟိကလည်း ပြုံးစိစိလုပ်ရင်း ကြည့် နေကြသည်။ သူမသည် ထိုအဖြစ်အပျက်ကို သူငယ်ချင်းတွေအား ဝန်ခံ လိုက်ရန် မဝံ့မရဲဖြစ်နေလေ၏။

“ငါကလေ ဒီလိုပါဟာ၊ ဟို. . .”

www.burmeseclassic.com

www.burmeseclassic.com



သူမဆီမှာ နောင်နောင်နှင့်ပတ်သက်၍ ငြင်းဆိုဖြေရှင်းဖို့ စကားလုံးတွေရှားပါးနေတာ သေချာပါသည်။ သူငယ်ချင်းများက မေသူအဖြစ်ကို ရယ်ကြ၏။ သို့သော် သူငယ်ချင်းတွေရဲ့ ရယ်သံမှာ သူမကို လှောင်ပြောင်လိုသည့်ဆန္ဒ မုန်ညင်းစေ့မျှတောင် မပါဝင်ကြောင်း မေသူ အာမခံနိုင်ပါသည်။

"ဟဲ့. . . မေသူ၊ ဟိုမှာ. . . ဟိုမှာ"

ထိုအခိုက် စန္ဒာက မေသူ့ကို အထိတ်တလန့်နှင့် အခန်းပေါက်ဝဆီသို့ ညွှန်ပြလိုက်၏။ မေသူ လှမ်းကြည့်လိုက်မိသည်။

အို. . . သူရောက်နေပါလား။

နောင်နောင်က သူမအား ပြုံးစစနှင့် စိုက်ကြည့်နေ၏။ သူ့ဘေးနားတွင် ထုံးစံအတိုင်း အောင်ခိုင်၊ ဗိုက်ကြီးနှင့်ချစ်တီးတို့က ပါလာကြသည်။ မျက်လုံးချင်းဆုံသည့်တဒင်္ဂအတွင်းမှာပင် မေသူပျော်ရွှင်သွားမိသည်။

ရုတ်တရက် သူက မေသူ့ကို အံ့ဩသွားစေမည့်ကိစ္စတစ်ခု လုပ်ပြလိုက်သည်။ နောင်နောင်က မေသူ့ကို ပေတံအကျိုးလေးအား လှစ်ခနဲ ထောင်ပြကာ သူ့လွယ်အိတ်ထဲ အမြန်ပြန်ထည့်သိမ်းလိုက်ခြင်းဖြစ်ပါ၏။ မေသူက ဖျတ်ခနဲသာ မြင်လိုက်ရသော်လည်း ဒါ သူမပေတံဆိုတာ တပ်အပ်သိလိုက်သည်။ ပျောက်နေသော ပေတံလေးကို ပြန်တွေ့လိုက်ရ၍ ဝမ်းလည်းသာသွားမိသည်။ နောင်နောင်က သူမပေတံလေးကို ခုံစောင်းမှာ စာလာထည့်ရင်း တွေ့ခဲ့တာဖြစ်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



"စန္ဒာ ငွေပေတံလေး သူ့ဆီရောက်နေတယ်တော့။ အဲဒါ ဘယ်လို ပြန်သွားတောင်းရမလဲဟင်"

"ဒါများဟယ် ငွေပေတံပြန်ပေးဆိုပြီးတောင်းလိုက်ပေါ့"

အစွယ်လေးက စန္ဒာ့အကြံကို ထောက်ခံပါသည်။

"အေးလေ. . . ဒီလောက်လွယ်လွယ်လေးကိုများ"

"ဒါကတော့ နင်တို့ပြောမှလားဟဲ့၊ ငါလည်း သိတာပေါ့။ ငါက အဲဒီလိုသွားမတောင်းရဲလို့ပါဆို၊ သူတို့က အင်မတန်ဉာဏ်များတာဟ။ တော်ကြာ သူတို့ပညာပေးတာ ထပ်ပြီး ခံနေရဦးမယ်"

ဟိဟိက သူမတို့ပြောသမျှကို ခေါင်းတညိတ်ညိတ်လုပ်ကာ နားထောင်နေရင်းမှ ဝင်ပြော၏။

"မေသူပြောတာ ဟုတ်တော့ဟုတ်တယ်ဟ။ ဒါပေမယ့် ပေတံလေးကို ပြန်ရဖို့ကလည်း အဲဒီလိုတဲ့တိုးပြောပြီး ပြန်တောင်းမှဖြစ်မှာ။ သူတို့ကို မာယာမသုံးဘဲ ရိုးရိုးသားသားပြောပြပြီး ပြန်တောင်းချေ။ အရိုးဆုံးက တစ်ခါတလေ အကောင်းဆုံးနည်းလမ်းဖြစ်နေတတ်တယ်"

ဟိဟိ၏ အကြံပေးချက်ကို သူမတို့အားလုံးက သဘောတူကြလေသည်။ မေသူက နည်းနည်းအတွန့်တက်ပြန်၏။

"ငါတစ်ယောက်တည်းတော့ မသွားရဲဘူး၊ နင်တို့ပါ အဖော်လိုက်ခဲ့"

"အေးပါ. . . လိုက်ခဲ့ပါ့မယ်။ ဒါပေမယ့် ပြောစရာရှိတာကိုတော့ နင့်ဘာသာနင်ပြောရမှာနော်"

www.burmeseclassic.com

www.burmeseclassic.com



“ငါ့ပေတံပြန်ရဖို့ပဲဥစ္စာ ပြောမှာပေါ့”

ဒီလိုနှင့် သူမတို့ အပေးအယူတည့်သွားပြီး အခန်းပေါက်ဝဆီ လှမ်းကြည့်လိုက်သောအခါ နောင်နောင်တို့အုပ်စုက တစ်ယောက်မှ မရှိတော့ပေ။ မေသူက အံကိုကြိတ်ကာ နှုတ်ခမ်းကို ကိုက်ထားမိ၏။

“လာဟာ. . . ငါတို့ယမ်းဘီလူးကို လိုက်သွားကြမယ်”

မေသူ့စကားကြောင့် ဟိဟိက. . .

“သူတို့ ယမ်းဘီလူးဆိုင်မှာလို့ နင့်ကို ဘယ်သူပြောလို့လဲ”

“ငါ့စိတ်ထဲမှာ နောင်နောင်ဆိုတဲ့ကောင် တစ်ယောက်တည်း ယမ်းဘီလူးမှာ လက်ဖက်ရည်သောက်နေတာ မြင်နေရတယ်”

မေသူ့အဖြေစကားမှာ အေးစက်စက်နိုင်လွန်းပါသည်။ ကျန်သူငယ်ချင်းတွေက ဘာမှ ပြန်မပြောဖြစ်ကြဘဲ ထူးဆန်းမှုကြောင့် တစ်ယောက်ကိုတစ်ယောက်သာ ကြည့်မိကြသည်။ စန္ဒာက တိတ်ဆိတ်နေ သည့် အခြေအနေကို ဖြိုခွင်းပစ်လိုက်၏။

“အဲဒါဆိုလည်း ပြီးတာပဲ။ လာ,ထ၊ ငါတို့ယမ်းဘီလူးဆိုင်ကို လိုက်ကြမယ်”

စန္ဒာ့စကားသည် အားလုံးကို ပေါ့ပေါ့ပါးပါးအနေအထားသို့ ပြန်ရောက်သွားစေပါသည်။ ထို့နောက်တွင်တော့ သူမတို့အုပ်စုသည် ယမ်းဘီလူးဆိုင်ကို ထွက်သွားကြတော့သည်။

ယမ်းဘီလူးဆိုင်ဆီရောက်သောအခါ မေသူပြောသည့်အတိုင်း နောင်နောင်က တစ်ယောက်တည်း လက်ဖက်ရည်ထိုင်သောက်နေတာကို

www.burmeseclassic.com

www.burmeseclassic.com



အံ့သြစွာတွေ့ရလေသည်။ သူမတို့အုပ်စုမှာ နောင်နောင်တစ်ယောက်တည်း ထိုင်နေသောစားပွဲကို ဝိုင်းအုံလိုက်ကြ၏။ နောင်နောင်ကတော့ အံ့သြဟန်မပြဘဲ ခပ်အေးအေးသာ ပြန်ကြည့်ပါသည်။

မေသူက စပြော၏။

"ပြီးခဲ့တာတွေအားလုံးကို မေ့ပစ်လိုက်နိုင်မယ်ဆိုရင် ကိုနောင့်ကို ကျွန်မ အကူအညီတစ်ခုလောက် တောင်းချင်လို့ပါ"

မေသူသည် သူ့စာထဲမှာ ရေးထားသလို ကိုနောင်လို့ပဲ အမှတ်တမဲ့ ခေါ်လိုက်မိ၏။ သူမ၏ ချိုသာသောစကားလုံး အသုံးအနှုန်းကို နောင်နောင် အံ့အားသင့်သွားသည်။ ဒါပေမယ့် သူက ပစ်တိုင်းထောင်ဆေးပေါ့လိပ်ကြီးကိုဖွာကာ ခပ်တည်တည်ပဲ တုံ့ပြန်လိုက်၏။

"ပြောပါဦး၊ ကိုယ်က ဘယ်လိုအကူအညီပေးရမှာလဲ"

သူက ပေတံပြန်လာတောင်းတာမှန်း သိသိကြီးနှင့်ပြောနေတာဆိုတော့ မေသူမှာ အောင့်သက်သက်ဖြစ်ရသည်။ သို့သော် သူမက ပြောစရာရှိတာကိုတော့ ပြောလိုက်ပါသည်။

"ကျွန်မ ပေတံလေးကို ပြန်လိုချင်လို့ပါ။ ကိုနောင့်ဆီမှာ အဲဒီပေတံမရှိဘူးလို့တော့ မငြင်းနဲ့နော်"

နောင်နောင်က မျက်လုံးကိုပြူးလိုက်၏။ ပြီးတော့ ပြုံးကာ သူ့လွယ်အိတ်ထဲမှ ပေတံအကျိုးလေးကို ထုတ်ပြသည်။

"ဒါလား. . . "

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုရော့"

"ဟောတော့. . ."

သူက အခုလိုလွယ်လွယ်ကူကူကြီး ပြန်ပေးနေတာမို့ သူမတို့မှာ မယုံနိုင်အောင် ဖြစ်နေရ၏။

"မင်းဥစ္စာဆို ယူလေ ဘာကြောင်ကြည့်နေတာလဲ"

သူက ထပ်ပြောသဖြင့် မေသူက ပေတံလေးကို အမြန်ကောက်ယူလိုက်ပြီး ကြည့်တောင်မကြည့်တော့ဘဲ လွယ်အိတ်ထဲ ထည့်ထားလိုက်မိသည်။

"ကျေးဇူးပါတယ် ကိုနောင်ရယ်၊ ဒီပေတံလေးကလေ ကျွန်မအဖေရဲ့ အမှတ်တရပစ္စည်းမို့ပါ"

နောင်နောင်က သူ့မျက်လုံးအား မှေးရင်း ညစ်ကျယ်ကျယ်ပြုံးလိုက်၏။ နောက် သူ့လက်ထဲက ပစ်တိုင်းထောင်ဆေးပေါ့လိပ်တိုကို ပြာခွက်ထဲ ထိုးချေ၍ မီးသတ်လိုက်ရင်း သူမကို ပြောပါသည်။

"ကျေးဇူးတင်တယ်ဆိုရင် မင်းကိုယ့်ကို ကျေးဇူးမဆပ်ချင်ဘူးလား"

"ရှင်. . ."

မထင်မှတ်ထားသော စကားမို့ မေသူ အံ့သြပြီး ကြောင်သွားရသည်။ သူက သေချာထပ်ပြောပါသည်။

"မင်း ကိုယ့်ကို ကျေးဇူးတင်တယ်ဆိုရင် ကျေးဇူးမဆပ်ချင်ဘူးလားလို့ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . . ဆပ်ချင်ပါတယ်"

"ဒါဆို ဟောဒီမှာကြည့်"

နောင်နောင်က ပြာခွက်ထဲမှ ပစ်တိုင်းထောင်ဆေးပေ့ါလိပ် ဖင်စီခံကြီးကို ပြလိုက်၏။ သူမတို့က ဘာမှန်းမသိဘဲ ဆေးလိပ်တိုကြီးကို ဝိုင်းကြည့်ကြသည်။

"ကိုယ့်ကို ဒါမျိုး ပစ်တိုင်းထောင်ဆေးလိပ်အသစ်တစ်လိပ်လောက် ဝယ်တိုက်ရင် ကျေးဇူးဆပ်ရာရောက်ပါပြီ"

သူတောင်းဆိုသည့်အရာမှာ ထူးဆန်းနေသောကြောင့် မေသူစဉ်းစားနေခဲ့သည်။ သူမက ဆေးပေ့ါလိပ်များ ဘယ်နေရာဝယ်ဝယ်ရတယ်ဟု စိတ်ထဲ၌ပြောလိုက်မိသည်။ နောင်နောင့်ကို သူမ အလျှင်စလိုပဲ သဘောတူလိုက်ပါ၏။

"ကောင်းပြီလေ၊ ကျွန်မ မနက်ဖြန်ကျရင် ဝယ်လာခဲ့ပါ့မယ်"

"ကတိနော်. . ."

"ကတိ. . ."

"နေဦး. . ."

"အဲဒီ ပစ်တိုင်းထောင်ဆေးလိပ်ကို မင်းပြောသလို မနက်ဖြန်မှ မရဘဲ နောက်တစ်နေ့ထပ်ကူးရင် တစ်လိပ်ကနေ နှစ်လိပ်ပေးရမယ်။ ဒါမှ မဟုတ်သေးဘဲ နောက်တစ်နေ့ထပ်ကျော်ရင် နှစ်လိပ်ကနေလေးလိပ်။ အဲဒီလို တစ်ရက်ကျော်တိုင်း တစ်ရက် နှစ်ဆတိုးပေးရမယ်။ အဲဒါကလည်း ငါးရက်ပဲနော်။ ငါးရက်ပြည့်ရင် ဆတိုးကိုလည်း လက်မခံတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မေသူက နောင်နောင့်စကားကိုဖြတ်၍ ပြောလိုက်၏။

"အမလေး. . . စိတ်ချ၊ ငါးရက်ကို မပြည့်စေရဘူး။ ဒါပေမယ့် ကိုနောင့်စကားကိုပြတ်အောင် အပြီးပြောပါ။ ငါးရက်ကျော်သွားရင် ကျွန်မ ဘာလုပ်ရမလဲ"

"အဲဒီအခါ မင်းကို ကိုယ်ရည်းစားစကားပြောမယ်၊ အဲဒါကို နား ထောင်ပေးရမယ်"

"ဘာ. . . "

"ရှင် ရိုင်းလှချည်လား"

ရုတ်တရက်တော့ ကောင်မလေးအုပ်စုမှာ ဒေါသတွေထွက်နေ ကြ၏။

"ဟောဗျာ. . . ကိုယ်က ဘာပြောမိလို့လဲ"

"ရှင်ပဲ ငါးရက်ကျော်တဲ့အထိ ဆေးလိပ်မပေးနိုင်ရင် ရည်းစား လုပ်ရမယ်ဆို"

"ဟာ. . . ကိုယ်ပြောတာ ရည်းစားလုပ်ရမယ်လို့ ပြောတာ မဟုတ်ပါဘူး၊ ရည်းစားစကားပြောတာ နားထောင်ပေးရမယ်လို့ ပြောတာ ပါ"

ကောင်မလေးတွေက အခုမှဆိုလိုရင်းကို ရှင်းသွားတော့၏။ မေသူက ပို၍ သေချာစေရန်မေးခွန်းတစ်ခုအား မေးပြန်ပါသည်။

"ကိုနောင်က ရည်စားစကားပြောတဲ့အခါ ကျွန်မက ထိုင်နား ထောင်ပေးရုံပဲနော်။ Yes,No က ကျွန်မဘာသာကျွန်မ ဆုံးဖြတ်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့. . . "

"အင်း. . . အဲဒါဆိုရင်တော့ မဆိုးပါဘူး။ အိုကေလေ. . . ဒါပဲဆိုရင် သွားတော့မယ်"

"ကောင်းပါပြီဗျာ၊ ဒါပေမယ့် ဟောဒီဆေးလိပ်တိုလေးကိုတော့ နမူနာယူသွားလိုက်ဦး။ ကြိုတော့ပြောလိုက်မယ်နော်၊ အဲဒီဆေးလိပ်က အရမ်းရှားတယ်"

မေသူက ဆေးလိပ်တိုလေးကို တစ်ချက်ကြည့်ရင်း စားပွဲပေါ်မှ ကောက်ယူလိုက်ပါသည်။ ပြီးနောက် သူမ လှည့်ထွက်လာခဲ့၏။

သူမတို့သည် အပြန်လမ်းတစ်လျှောက်လုံး တစ်ယောက်ကိုတစ်ယောက် စကားလုံးဝ မပြောဖြစ်ကြဘဲ အတွေးကိုယ်စီနှင့် ငြိမ်သက်နေခဲ့ကြသည်။ အတန်းမရှိတော့သော်လည်း သူမတို့က အခန်းထဲမှာပဲ ထိုင်ကာ ပစ်တိုင်းထောင်ဆေးလိပ်တိုလေးကို ဝိုင်းကြည့်နေကြ၏။

ပထမဆုံး မေသူက ပစ်တိုင်းထောင်ဆေးလိပ်နှင့်ပတ်သက်၍ သူမကို ပိုးပန်းနေသော သချာင်္ဂဌာနမှ ကျော်ဇံလှုဆိုသည့် အူကြောင်ကြောင်ကောင်အား ဝယ်ခိုင်းရန် မေးမြန်းကြည့်မိသည်။ ကျော်ဇံလှုသည် အမြဲလိုလို ဆေးပေါ့လိပ်တွေကို ဖင်မီးခိုးထွက်အောင် သောက်တတ်ပြီး အကြောင်းမသိသူများကို လေဖောနေလေ့ရှိသူဖြစ်သည်။

သူ့ကို မေသူက အရေးတယူလုပ်ကာ စကားလာပြောသဖြင့် အရမ်းပျော်နေ၏။ ကျော်ဇံလှုက ဆေးပေါ့လိပ်နှင့်ပတ်သက်ပြီး တော်

www.burmeseclassic.com

www.burmeseclassic.com



တော်နှံ့စပ်လေ၏။ သူသိသမျှ ပစ်တိုင်းထောင်ဆေးပေါ့လိပ်အကြောင်း ကို မေသူအား ကျော်ဇံလှက ပြောပြရှာပါသည်။

"အဲဒီပစ်တိုင်းထောင်တံဆိပ်က ရန်ကုန်ဘက်မှာ သိပ်မတွင်ကျယ်ဘူး။ သူက ပြည်တို့ တောင်တွင်းကြီးတို့ဘက်မှာ သုံးစွဲတဲ့လူများ တယ်။ အဓိကကတော့ ပြည်မှာပေ့ါ။ လိုချင်ရင် အသေချာဆုံးက ပြည်ကို လှမ်းမှာလိုက်တာ အကောင်းဆုံးပဲ"

မေသူသည် စိတ်ထဲတွင် တွက်ကြည့်မိ၏။ အဲဒီဆေးလိပ်ကို မနက်ဖြန်တစ်ရက်တည်းနှင့် ရန်ကုန်ရောက်အောင် မှာဖို့ကတော့ မဖြစ်နိုင်။ အချိန်မမီတော့။ အခုပင် ညနေသုံးနာရီထိုးနေပြီ။

အချိန်မီတယ်ဆိုရင်လည်း သူမကိုပို့ပေးရန် ပြည်မြို့မှာ လူခံမရှိချေ။ ဒါပေမယ့် ငါးရက်အတွင်းဆိုပါက အဆက်အသွယ်ရကာ အဲဒီကိစ္စမှာ အောင်မြင်သွားနိုင်ဖွယ်ရှိသည်။ အဲဒီအခါကျရင် သူမသည် ငါးရက်စာအဖြစ် ပစ်တိုင်းထောင်ဆေးလိပ် (၃၂) လိပ်ပေးရပေလိမ့်မည်။ ပြည်မြို့အထိ သွားဝယ်မှတော့ ပိုပိုလိုလို ဆေးလိပ်ကို (၁၀၀) လောက် ဝယ်ခိုင်းလိုက်မှ. . . ဟု မေသူတွေးမိ၏။

သို့သော်. . . ဘယ်မှာလဲ။ မေသူ့ကို ပြည်မြို့အထိ ဆေးပေါ့လိပ်သွားဝယ်ပေးမည့်သူ။ ထိုအခါ သူမစိတ်ဓာတ်တွေ ကျသွားပြန်လေသည်။ မေသူတစ်ယောက်တည်း အတွေးများနှင့် ချာလပတ်ရမ်းနေရ၏။

ညရောက်တော့လည်း သူမ အိပ်မပျော်။ နောင်နောင့်ဆီမှ ယူ

www.burmeseclassic.com

www.burmeseclassic.com



လာသည့် ဆေးပေါ့လိပ်အတိုလေးအား သူမ ထိုင်ငေးနေမိတော့သည်။ တဖြည်းဖြည်းနှင့် ဦးနှောက်ခြောက်ကာ သူမ ပင်ပန်းစပြုလာ၏။

အင်းပေါ့လေ၊ ဖေဖေပေးခဲ့တဲ့ အမှတ်တရပေတံလေးနဲ့ လဲရတာပဲ။ တန်ပါတယ်။

မေသူက ဖြေတွေး‚တွေးလိုက်ရင်း သက်ပြင်းကိုချမိ၏။ ခက်နေတာ တစ်ခုက သူမသည် ထိုပြဿနာကို ဖြေရှင်းဖို့အတွက် နည်းလမ်းရှာမရသေးခြင်း ဖြစ်သည်။ သူမသည် အိပ်မရသဖြင့် ဧည့်ခန်းဆီသို့ ထွက်လာမိခဲ့၏။

ရုတ်တရက် ဧည့်ခန်းစားပွဲပေါ်ရှိ ဆေးလိပ်ပြာခွက်လေးကို သူမ ကြည့်လိုက်မိပါသည်။ အိမ်မှ ဒရိုင်ဘာအဘိုးကြီး ဦးဖိုးချမ်း သောက်ထားသည့် ဂျိုးသိန်းဆေးပေါ့လိပ်တိုလေးတွေက ပြာခွက်ထဲမှာ ငြိမ်သက်နေ၏။ မေသူ့ဖေဖေရှိစဉ်တုန်းကတော့ ဖေဖေက စီးကရက်များသာ သောက်တတ်တာ သူမ မှတ်မိသွားပြန်သည်။

သူမ၏အကြည့်များက ဦးဖိုးချမ်း၏ မီးညှိပြီးခါစ ဂျိုးသိန်းဆေးပေါ့လိပ်တစ်လိပ်ထံတွင် ရပ်တန့်သွား၏။ ထိုဆေးလိပ်က အသစ်နီးပါး ရှည်ကာ ဂျိုးသိန်းဆိုသည့် စက္ကူပတ်လေးပင် ကွာကျနေခဲ့သည်။ မေသူ့ခေါင်းထဲ၌ ဖျတ်ခနဲ ဆာတိုရီ ရသွား၏။

ဟုတ်ပြီ။ သူမ အဖြေရပြီ။ တစ်ချိန်လုံး ခေါင်းခဲနေသည့် ပြဿနာအတွက် သူမ ပေါ့ပေါ့ပါးပါး ပြန်ဖြစ်လာလေသည်။ နောင်နောင်ကို အနိုင်ရရန် မေသူ လမ်းစရသွားခဲ့ပြီမို့ ပျော်နေ၏။ သူမသည် ညဏ်

www.burmeseclassic.com

www.burmeseclassic.com



ကို ပါးနပ်စွာ သုံးတတ်မည်ဆိုပါက နောင်နောင့်ကို ပေတံပြန်ပေးခဲ့သည့် အတွက် ပစ်တိုင်းထောင်ဆေးပေါ့လိပ်ကို ပြည်အထိ မှာယူစရာ မလိုဘဲ မနက်ဖြန်တွင် ကျေးဇူးဆပ်ခွင့်ရတော့မည်ဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

မေသူသည် ဒီနေ့မနက် ကျောင်းကိုခါတိုင်းထက် တက်ကြွစွာ စောရောက်နေမိသည်။ သူမက ကားကြောင့် ဝန်ပိုနေမှာစိုးသဖြင့် တမင် ကားကို ယူမလာဘဲ တက္ကစီငှားကာ လာခဲ့၏။ နောင်နောင့်ကိုလည်း သူမ တွေ့ချင်လှပြီ။ သူမဆီမှာ နောင်နောင့်ကို လျော်ကြေးအဖြစ်ပေးရန် ပစ်တိုင်းထောင်ဆေးပေါ့လိပ်တစ်လိပ်ပါလာခြင်းကြောင့် မေသူ ပျော်ရွှင် နေခဲ့၏။

သို့သော် သူမက ဒီဆေးပေါ့လိပ်ကို သူမ ရရှိလာပုံအား နောင် နောင် သိသွားမှာကိုတော့ အထူးစိုးရိမ်ပါသည်။

နောင်နောင့်ကို မေသူလျှော့မတွက်ရဲ။ သူသည် ခေသူမဟုတ်။ သူနှစ်သက်စွာသောက်သုံးသော ပစ်တိုင်းထောင်ဆေးပေါ့လိပ်ကို အနံ့နဲ့ အရသာလောက်တော့ အလွတ်မှတ်မိနေနိုင်ပါသည်။ ထားပါ. . . ဒါက နောက်မှပဲ။ အဓိကအရေးကြီးတာက သူ့ကို မေသူ ဆေးလိပ်ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



တဲ့အခါ နောင်နောင်က အဲဒီအခိုက်အတန့်အတွင်း သူမပေးလိုက်သော ဆေးပေ့ါလိပ်အား ပစ်တိုင်းထောင်ဆေးပေ့ါလိပ်အဖြစ် လက်ခံလိုက်လျှင် ပြီးသွားပြီ။

ကျန်တာက နောက်ကိစ္စ။

သူမက ဒီနေ့မနက်အစောကြီးထ၍ မေမေနဲ့အတူ စျေးကို လိုက်သွားပြီး ခြင်္သေ့သုံးကောင်တံဆိပ်ဆေးပေ့ါလိပ်တွေကို အစည်းလိုက် ဝယ်လာခဲ့ပါ၏။ မေမေကမေးတော့ သူမက ယတြာချေဖို့ဟု အကြောင်း ပြခဲ့သည်။ အိမ်ကိုပြန်ရောက်သောအခါ မေသူသည် မနေ့က နောင်နောင် ပေးလိုက်သည့် ပစ်တိုင်းထောင်ဆေးလိပ်တို့ရဲ့ ဖက်အရောင်အတိုင်း ခပ် မှိုင်းမှိုင်းညိုညိုအဆင်းရှိ ဆေးလိပ်တစ်လိပ်ကို အစည်းထဲမှ ရွေးထုတ် လိုက်ပါသည်။

အဲဒီနောက် ဆေးလိပ်မှ ခြင်္သေ့သုံးကောင်တံဆိပ် စက္ကူပတ် အား ဖြည်းဖြည်းချင်းသပ်ရပ်စွာခွာလိုက်၏။ ပြီးတော့ ပစ်တိုင်းထောင် ဆေးလိပ်တို့၏ စက္ကူပတ်ကိုယူကာ ခြင်္သေ့သုံးကောင်ဆေးပေ့ါလိပ်မှာ ကပ်လိုက်တော့သည်။ မေသူက ပစ်တိုင်းထောင်ဖြစ်သွားသော ခြင်္သေ့ သုံးကောင် ဆေးပေ့ါလိပ်လေးကို ကြည့်ရင်း သူမလုပ်ရပ်ကို သူမ ကျေနပ် နေမိ၏။

အခုဆို သူမဆီမှာ နောင်နောင့်ကို (အလျော်ပေးတယ်ပြော ပြော၊ ကျေးဇူးဆပ်တယ်ပြောပြော ဘယ်လိုပင်ဖြစ်ပါစေ) ပေးရန် ပစ်တိုင်း ထောင်ဆေးပေ့ါလိပ်အတုတစ်လိပ် အဆင်သင့်ရှိနေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မေသူက နောင်နောင့်မျက်နှာကို အတွေးဖြင့် မြင်ယောင်မိလိုက်သည်။ သူက သူမအား ရက်အနည်းငယ်အတွင်း ဘာအကြောင်းပြချက်မျှ မရှိဘဲ ဆွဲဆောင်ထားနိုင်၏။ သူနှင့်ပတ်သက်၍ သူမကြည်နူးစွာပြုံးဖြစ်သွားပါသည်။ နောင်နောင်က စတွေ့တွေ့ချင်း မေသူ့ကို အရှက်ရစေခဲ့သည်။ အဲဒီကတည်းက သူမသည် နောင်နောင့်ကို နာကျည်းစွာ အမှတ်ရနေမိ၏။ နောက်ပိုင်းတွင် သူမနောက်သို့ နောင်နောင်က အရိပ်လို လိုက်ပါနေသောအခါ သူမစိတ်တွေသည် တိတ်တခိုး ရင်ခုန်စပြုလာသည်။ သူ့ဟန်ပန်တွေက အမြဲစိုးမိုးထား၏။ ထိုအချက်ကို မေသူ သတိထားမိသွားချိန်တွင် သူမ အရမ်းထိတ်လန့်သွားမိပါသည်။

တကယ်တော့ အမုန်းဖြင့် စတင်စွဲလန်းမိရာမှ ထင်သလို အမုန်းက လုံးဝမရှိသောအခါ စွဲလန်းစိတ်သည် ဆန့်ကျင်ဘက်ဖြစ်သွားခဲ့တော့သည်။ မေသူသည် အတန်းထဲမှာ သူငယ်ချင်းများကို တစ်ယောက်တည်းစောင့်နေခဲ့ရာ ပထမဆုံး စန္ဒာရောက်လာသဖြင့် အားရဝမ်းသာ ဖြစ်သွားမိ၏။ စန္ဒာက ခါတိုင်းထက် ပို၍ အူမြူးနေသော မေသူ့ကို အံ့သြနေခဲ့သည်။ ခဏကြာတော့ အင်္ကျီဆင်တူ၊ လုံချည်ဆင်တူ ဝတ်ထားသည့် အစွယ်လေးနှင့် ဟိဟိတို့ရောက်လာကြသည်။ လူစုံသွားပြီဖြစ်သော်လည်း မေသူသည် နောင်နောင့်ကို ကျေးဇူးဆပ်အလျော်ပေးရန် ပစ်တိုင်းထောင်ဆေးလိပ်တစ်လိပ်ရထားတယ်လို့ ပြောခဲ့၍ အကြောင်းစုံကိုတော့ မပြောပြပေ။ ဘယ်လိုရခဲ့သလဲဆိုပြီး ဝိုင်းမေးကြပေမယ့် သူမက ဒီလိုပဲပေါ့ဟာ. . . ဟုသာ မတင်မကျ ပြန်ဖြေခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူမတို့အုပ်စုသည် နောင်နောင်တို့ရှိရာ ဥပဒေဒုတိယနှစ်အခန်းဆီသို့ သွားရှာကြ၏။ မတွေ့တော့ ယမ်းဘီလူးကန်တင်းဘက်ကို လိုက်ရှာကြပြန်၏။ အဲဒီမှာလည်း မတွေ့။ မေးကြည့်မိတော့ စားပွဲထိုးလေး ရဲသွေးက ထသွားကြပြီလို့ သတင်းပေးသည်။ နောင်နောင်ကျောင်းကိုရောက်တာသေချာနေပြီမို့ သူမတို့သည် တခြားအဆောင်တွေဘက် လျှောက်ပတ်ကာ ရှာကြပြန်လေ၏။ လုံးဝ မတွေ့ရတော့မှ သူမတို့လည်း ခြေကုန်လက်ပန်းကျကာ လက်လျှော့ပြီး အတန်းထဲကို နားဖို့ ပြန်လာခဲ့ကြသည်။

အတန်းထဲကိုရောက်တော့ ကိုယ်တော်ချော နောင်နောင်ကဘေးမှာ အခြွေအရံနှစ်ယောက်စီ ခြံရံလျက် ငါးယောက်အုပ်စုလိုက်ကြီးသည် သူမတို့နွမ်းလျပင်ပန်းစွာဝင်လာပုံကို ထိုင်ကြည့်နေလေ၏။ အတန်းထဲတွင် လူအနည်းငယ်သာရှိကြပြီး အဲဒီလူတွေကလည်း နောင်နောင် တို့အုပ်စုကို သိနေကြပြီမို့ အနေအထားက ပုံမှန်ပဲဖြစ်ပါသည်။

မေသူက ပင်ပန်းခဲ့သမျှအတွက် ကိုယ့်နဖူးကိုယ်ရိုက်ကာ သူငယ်ချင်းတွေကို ညှဉ်းဆဲသလိုဖြစ်ခဲ့တာကို တောင်းပန်ရသည်။ ပြီးတော့ သူမက နောင်နောင်တို့ရှေ့သို့ ရင်ကော့လျက် ခပ်တည်တည်လျှောက်သွားလိုက်၏။ သူငယ်ချင်းတွေက မေသူ့နောက်မှ လိုက်ပါလာကြသည်။

"ရော့. . . ကျေးဇူးပြန်ဆပ်တာ"

နောင်နောင်သည် အံ့သြနေကာ သူမလက်ထဲမှ ဆေးပေါ့လိပ်၏ တံဆိပ်ကို မယုံနိုင်သလို သေချာစိုက်ကြည့်နေမိသည်။ ဟုတ်သည်။ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ပစ်တိုင်းထောင်တံဆိပ်ဆေးပေါ့လိပ်အစစ်ပဲ။ မေသူ ဘယ်ကများ ရလာပါလိမ့်။ အင်းပေါ့လေ. . . မေသူကံကောင်းပြီး ပြည်မြို့က လူတစ်ယောက်နဲ့ တိုက်တိုက်ဆိုင်ဆိုင် တွေ့ခဲ့လို့ ဒီဆေးလိပ်ကို ရလာတာဖြစ်မှာ။

မေသူ့လက်ရာမှာ အထူးသပ်ရပ်နေကာ အမူအရာကလည်း ပီပြင်လွန်းသဖြင့် နောင်နောင်သည် သူမအတုလုပ်ထားတာဟု တွေးတောင်မတွေးမိသည့် အခြေအနေသို့ ရောက်သွားရတော့သည်။ မေသူက ထပ်ပြောလိုက်ပြန်၏။

"ကိုနောင်. . . ယူလေ၊ ဘာကြောင်ကြည့်နေတာလဲ"

သူမသာမက သူမ၏သူငယ်ချင်းတွေကပါ ဘာတတ်နိုင်သေး လဲဆိုသည့်အကြည့်တွေနှင့် ဝိုင်းကြည့်နေကြသည်။ တကယ်တမ်းတွင် အစွယ်လေးနှင့်ဟိဟိတို့က ဒီလောက်အိုက်တင်ကောင်းကြသူတွေ မဟုတ်။ ဒါပေမယ့် သူမတို့သည် ဒီကိစ္စမှာ ဟန်ဆောင်နေခြင်းမဟုတ်ဘဲ သူမတို့သူငယ်ချင်းမေသူက တကယ်ပဲ ပစ်တိုင်းထောင်ဆေးလိပ်အစစ်ကို ပေးနေတာလို့ ယုံကြည်ထားသောကြောင့်ဖြစ်၏။ နောင်နောင့်သူငယ်ချင်းတွေဆိုရင်လည်း ပြည်သားဖြစ်သည့် ကာယကံရှင်ကိုယ်တိုင်ကတောင် မသိတာကြောင့် ရိပ်မိသိရှိသွားဖို့ အဝေးကြီးဖြစ်လေသည်။ သူသည် ဆေးလိပ်ကိုယူရန် လက်လှမ်းလိုက်၏။

မေသူသည် ဆေးလိပ်ကို နောင်နောင့်လက်ထဲသို့ ထည့်ပေးလိုက်ပြီး "ကျွန်မ တာဝန်ကျေပြီနော်" ဟု ပြောလိုက်ပါသည်။ သူက

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲကိုရောက်လာသည့် ဆေးလိပ်ကို တစ်ချက်ငုံ့ကြည့်၍ တွေဝေစွာ ခေါင်းညိတ်ပြမိသည်။

နောင်နောင့်ထံမှ သူမလိုအပ်သော အဖြေကိုရသွားတော့ မေသူက ခပ်ထေ့ထေ့လေးပြုံးလိုက်၏။ နောက်. . . သူတို့နှစ်ဦး မျက်လုံးချင်းအဓိပ္ပာယ်ဖွင့်ကြည့်ရန် အလိုအလျောက် ဆုံသွားကြပါသည်။

ထိုအခါ နောက်ကျောမလုံသူတို့၏ ထုံးစံအတိုင်း သူမမျက်နှာမှာ မဆိုသလောက်လေး ပျက်ယွင်းသွားမိ၏။ မေသူက အလျှင်အမြန်အကြည့်လွှဲလိုက်ကာ “ဒါဆိုသွားပြီ” ဟု သူ့ကို နှုတ်ဆက်စကားပြောသည်။ ပြီးတော့ သူမက ထိုနေရာမှ ချာခနဲလှည့်ထွက်သွားလေသည်။ နောင်နောင်တို့က ကြောင်ပြီး ငေးကြည့်၍နေဆဲ။

သူမသည် အတန်းထဲမှာ မနေဘဲ အပြင်ဘက်ကို ထွက်လာခဲ့၏။ မေသူ့ခြေလှမ်းများက သွက်လက်မြန်ဆန်နေသည်။ သူမနောက်မှ လိုက်ပါလာသော သူငယ်ချင်းများသည် သူမကို မီအောင် အပြေးတစ်ပိုင်းနှင့် လိုက်နေရ၏။ မေသူက အဆောင်တစ်ခုဘက်သို့ အမြန်ချိုးကွေ့သွားသည်။ နောက်မှပါလာသူများကလည်း သူမနည်းတူ လိုက်ကွေ့ကြရပြန်သည်။ သူမက သူငယ်ချင်းတွေ လိုက်မမီတာကို ဂရုမစိုက်အား။

အခုချိန်၌ မေသူ့စိတ်ထဲတွင် ဒီနေရာမှ အဝေးဆုံးကိုရောက်သွားချင်သည့်ဆန္ဒတစ်မျိုးသာရှိပါသည်။ အဆောင်တစ်ခု၏နောက်ဘက်ရှိ အသုံးမပြုတော့သော ဓာတ်ခွဲခန်းဟောင်းထဲသို့ မေသူ ဝင်သွားသည်။ အဲဒီထဲရောက်တော့မှ သူမလည်း အမောဖြေရင်း သက်ပြင်းရှည်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ချလိုက်မိသည်။ တစ်ဆက်တည်း သူမက ပူညံပူညံလုပ်ရင်း လိုက်ဝင်လာကြသည့် သူငယ်ချင်းများကို နှုတ်ခမ်းဝတွင် လက်ညှိုးထောင်ပြလိုက်၏။ ထိုအခါ သူငယ်ချင်းတွေက မကျေမနပ်နှင့် တိတ်ဆိတ်သွားသည်။

သူမတို့သည် ထိုင်ရန်အတွက် ထိုင်ခုံများကို အရင်ဆုံး ဖုန်ခါကြရသေး၏။ မေသူက ကိုယ့်ကိုယ်ကို လုံခြုံစိတ်ချရသည့်နေရာကိုရောက်ပြီဆိုပြီး ကျေနပ်စွာ ပြုံးလိုက်ပါသည်။ နောက်. . . သူမက နားမလည်အောင်ဖြစ်နေသော သူငယ်ချင်းများအား အဖြစ်မှန်ကို ရှင်းပြရလေတော့၏။

* * *

နောင်နောင်သည် သူမတို့အုပ်စု ထွက်သွားပုံကို ငေးကြောင်နေရာမှ သူ့လက်ထဲရှိ ပစ်တိုင်းထောင်ဆေးပေါ့လိပ်လေးထံ ငုံ့ကြည့်မိသွားသည်။ သူ့မျက်စိထဲတွင် ပစ်တိုင်းထောင်ဆေးလိပ်ရဲ့ လုံးပတ်က ပိုသေးသွားသလို ထင်မိ၏။ သူသည် တစ်စုံတစ်ရာကို သံသယရှိသွားကာ ချက်ချင်း အခန်းဝမှ မေသူတို့ထွက်သွားသည့်ဘက်ကို လှမ်းကြည့်လိုက်ပါသည်။ ဒါပေမယ့် သူမတို့အုပ်စုကို အရိပ်အယောင်လေးတောင် မတွေ့ရတော့။

နောက်. . . သူက သူ့လွယ်အိတ်ထဲမှာ ပါလာသော ပစ်တိုင်းထောင်ဆေးလိပ်တစ်လိပ်ကို နှိုက်ယူပြီး မေသူပေးသွားသော ဆေးလိပ်နှင့် ယှဉ်ကြည့်လိုက်မိသည်။ မေသူပေးသွားခဲ့သော ဆေးလိပ်မှာ လုံးပတ်နည်းနည်းသေးနေသည့်အပြင် ပို၍တိုနေတာကိုလည်း တွေ့ရ၏။ သူငယ်

www.burmeseclassic.com

www.burmeseclassic.com



ချင်းတွေကလည်း သူ့အပြုအမူကြောင့် ပါးနပ်ကြသူများပီပီ သဘော ပေါက်နေခဲ့ကြပြီ။

နောင်နောင်က မေသူ၏ ပစ်တိုင်းထောင်ဆေးလိပ်ကို မီးညှိကာ တစ်ချက် ဖွာရှိုက်ရင်း ခေါင်းရမ်းမိလိုက်၏။ အဲဒီနောက်မှာတော့ သူ့ကို မေသူ လူလည်ကျသွားခဲ့တာကို နောင်နောင် လက်ခံလိုက်ရလေသည်။ သို့သော် သူက သူမကို စိတ်မဆိုးမိတာ ထူးဆန်းနေ၏။ အခြေအနေကို ရိပ်မိနေသည့် ကျော်သူရက. . .

"ဟေ့ကောင်. . . မင်းခံလိုက်ရပြီ မဟုတ်လား"

"အေး. . . ဟုတ်တယ်"

နောင်နောင် ပြုံးလျက် ဝန်ခံရှာပါသည်။ သူသည် ခုနက မေသူ့ မျက်နှာကွက်ခနဲ ပျက်သွားပုံ၊ မနေ့တုန်းက သူ့ရဲ့ဆေးလိပ်တိုလေးကို သူမ ယူသွားပုံ. . . စသဖြင့် ပြန်မြင်ယောင်လာမိ၏။ ထိုအခိုက် ချစ်တီးက သူ့ကို အပီဝင်တွယ်လိုက်၏။

"နောင်နောင်ရာ မင်းလုပ်ပုံက ညံ့ပါကွာ။ ရှက်စရာကြီး"

"ဟုတ်တယ်၊ မင်းကြောင့် ငါတို့ပါ သိက္ခာကျတယ်"

အညာသားနှစ်ယောက်ဖြစ်သော ချစ်တီးနှင့်ဗိုက်ကြီးတို့က သူတို့ကို တစ်ခါတစ်ရံ ခပ်နှိမ်နှိမ်ပြောတတ်သည့် နောင်နောင့်အား အခွင့်ကြုံ တုန်း တစ်ယောက်တစ်ခွန်း နှိပ်ကွပ်နေကြခြင်းဖြစ်ပါသည်။ ဒါပေမယ့် နောင်နောင်က အပြုံးမပျက်။ အောင်ခိုင်က တုံဏှိဘာဝေ လုပ်နေသော သူ့ကို အားမလို အားမရ ဝင်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



“ဟေ့ကောင်. . . နောင်နောင်၊ မင်းဘယ်လိုဆက်လုပ်မလဲ။ အခုချက်ချင်းလိုက်ရှာကြမှ ဖြစ်မယ်။ သူတို့ကျောင်းထဲမှာပဲ ရှိဦးမှာပါကွ၊ ဘယ်လိုလဲ”

သူက အောင်ခိုင့်ကို လက်ကာပြလိုက်သည်။ ကျော်သူရက သူ့အမူအရာကြောင့် မေးပြန်သည်။

“မင်းမှာ အကြံအစည်တစ်ခုခုများ ရှိလို့လား”

ထိုအခြေအနေ၌ သူငယ်ချင်းတွေကို သူရှင်းပြမှဖြစ်တော့မည်ဟု နောင်နောင် သဘောပေါက်သွားပါ၏။

“ဒီလိုကွာ ငါပြောပြမယ်။ အခုကိစ္စမှာ ငါပေါ့လျော့သွားလို့ ခံလိုက်ရတာကို ဝန်ခံပါတယ်။ ဒါပေမယ့် ငါတို့က သူတို့ကို အခုချက်ချင်းကြီး သွားမရှင်းဘဲနဲ့ လုံးဝမသိချင်ယောင်ဆောင်ထားရမယ်၊ ပြီးမှ ဒီအချက်နဲ့ သူတို့ကို ပြန်လှည့်စားမယ်။ ငါးကြင်းဆီနဲ့ငါးကြင်းကြော်တဲ့ သဘောပေါ့ကွာ။ အသေးစိပ်အစီအစဉ်ကိုတော့ ငါနောက်မှ ပြောပြမယ်၊ ဟုတ်ပြီလား”

သူ့အကြံကို ချစ်တီးနှင့်ဗိုက်ကြီးတို့က သဘောတူရန် အင်တင်တင်ဖြစ်နေစဉ် အောင်ခိုင်က အားရဝမ်းသာလေသံနဲ့ ရုတ်တရက် ဝင်ထောက်ခံပစ်လိုက်ပါသည်။

“ဟာ. . . ကောင်းလိုက်တဲ့ဗျူဟာကွာ၊ တကယ်မိုက်တဲ့ အိုင်ဒီယာပဲ။ အင်း. . . ကောင်မလေးတွေတော့ နောက်တစ်ခါ ထပ်ခံရဦးမှာ မြင်ယောင်သေးတယ်”

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ကျော်သူရကလည်း သူတို့ဘက်ကိုပါလာသည်။

"ဟုတ်ပ၊ အဲဒီအကွက်ကိုတော့ ငါလည်းကြိုက်တယ်"

ထိုအခါ ချစ်တီးတို့က သူ့အကြံကို ဝင်ဖျက်ချင်ပေမယ့် သုံးယောက်၊ နှစ်ယောက်ဖြစ်သွားပြီမို့ ဘာမှ မပြောသာတော့ဘဲ နောင်နောင့်စကားမှာ အတည်ဖြစ်သွားလေသည်။

နောင်နောင်က တစ်ယောက်တည်း ပြုံးနေ၏။ သူက အလစ်တွင် ပြန်၍ ကလဲ့စားချေသွားခဲ့သော မေသူ့အကြောင်း စဉ်းစားကြည်နူးနေမိသည်။ သူက "လုံးဝမရနိုင်" ဟူသောသဘောဖြင့် ရွဲ့ပြီး နမူနာပေးလိုက်သည့် ဆေးလိပ်တိုတစ်ခုကို အသုံးချကာ ပြန်လည်ပညာပေးသွားသော ကောင်မလေးအား သူ့စိတ်ထဲမှာ လှိုက်လှိုက်လှဲလှဲပင် ချီးကျူးလိုက်မိပါ၏။ သူသည် ဒီတစ်ခါ အရင်လို မဟုတ်ဘဲ မိမိကိုယ်တိုင်ရဲ့ ရှုံးနိမ့်မှုကို ရှက်နေရမည့်အစား သူမ၏ဖြတ်ထိုးဉာဏ်နဲ့စွမ်းရည်အား ဂုဏ်ယူနေခဲ့သည်။

ထိုနေ့က မေသူတို့အဖွဲ့သည် အတန်း လုံးဝမတက်တော့။ ညနေရောက်တဲ့အထိ ထိုဓာတ်ခွဲခန်းဟောင်းထဲထိုင်ပြီး မေသူ့စွန့်စားခန်းကို မပြီးနိုင် မစီးနိုင်၊ အပြန်ပြန်အလှန်လှန် စားမြုံ့ပြန်နေကြတော့၏။

ဒီနေ့က မေသူ့မှာ ကားလည်းပါမလာသဖြင့် စိတ်ပူစရာမရှိဘဲ ကျောင်းဆင်းချိန်ကိုကျော်သွားအောင် သူမတို့ အေးအေးဆေးဆေး အချိန်ဖြုန်းနေခဲ့ပါသည်။ ညနေလွန်ချိန်၌ သူမတို့အုပ်စုသည် ကျောင်းထဲမှ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးအိမ်ပြန်သူများအဖြစ် စံချိန်တင်နိုင်ခဲ့ကြ၏။

ကျောင်းမှ အိမ်ပြန်ရောက်သည့်တိုင်အောင် မေသူ့ ရင်ခုန်သံများက မရပ်သေးဘဲ ဆက်လက်ခုတ်မောင်းလျက်ရှိသည်။ ဒါသည် သူမဘဝတွင် သူစိမ်းယောကျ်ားတစ်ယောက်ကြောင့် ပထမဦးဆုံးနှင့် အရှည်ကြာဆုံး ရင်ခုန်ရခြင်းလည်းဖြစ်သည်။ ထိုညက သူမသည် တော်တော်ညဉ့်နက်မှ အိပ်ပျော်သွား၏။ နောက်တစ်နေ့မိုးလင်း၍ သူမ မျက်စိနှစ်လုံးပွင့်လာတာနဲ့ နောင်နောင့်ကိုပဲ အရင်ဆုံးသတိရသည်။ သူ့အကြောင်းတွေးလိုက်မိတော့ ပါးပြင်သည် နွေးခနဲ ရှက်ရွံ့သွားမိ၏။ သူ့ကို အရှုံးလုပ်နိုင်ခဲ့သောကြောင့်လည်း ပြန်စဉ်းစားမိတိုင်း မေသူပျော်ပါသည်။ ဒါပေမယ့် သူမက နည်းနည်းတော့ စိုးရိမ်သည်။

မတော်တဆ ကျောင်းမှာ သူနဲ့မေသူ တွေ့တဲ့အခါ ဘယ်လိုသတ္တိမျိုးနဲ့ ရင်ဆိုင်ရပ့ါမလဲ။ ဒါမှမဟုတ် သူက မေသူ့ကို ဟိုတစ်ခါတုန်းကလို အရှက်ရအောင် တုံ့ပြန်လာရင်ရော. . .။ အဲဒါတွေ တစ်ခုမှ မဖြစ်ဘဲ သူက မေသူ ပေးလိုက်တဲ့ပစ်တိုင်းထောင်ဆေးလိပ်အတုကို အစစ်လို့လည်း ထင်မှတ်ယုံကြည်နေနိုင်တာပဲ။ ကိုယ့်ဘက်က အဲဒီအခါ လိပ်ပြာလုံဖို့တော့လိုတယ်။ စိတ်ခံစားချက်တွေ မျက်နှာပေါ် ရောက်မလာအောင် လေ့ကျင့်ထားဦးမှ။

မေသူသည် မိုးလင်း,လင်းချင်း အိပ်ရာပေါ်မှာ မေးခွန်းတွေ၊ အတွေးစိတ်ကူးတွေအားလုံး ရောထွေးလျက် တစ်ယောက်တည်း ချောင်

www.burmeseclassic.com

www.burmeseclassic.com



ပိတ်မိနေတော့သည်။ အချစ်စိတ်ဆိုတာ ကိုယ့်ကိုယ်ကို ချောင်ပိတ်မိစေသည့် စကားနည်းတစ်မျိုးလည်းဖြစ်နိုင်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ဖွန်လ၏ မိုးရက်များသည် ဖွဲကောင်းလှပြီး လုံးဝတိတ်သွားတာမျိုး မရှိဘဲ တစ်နေကုန်စွေလျက် စွတ်စိုနေပါသည်။ သူမတို့အဖွဲ့သည် ဒီနေ့ Paper ချိန်တွေချည်းပဲမို့ အတန်းမှန်နေကြသည်။ "နင့်ကို သူအခန်းပေါက်ဝမှာ ရပ်ကြည့်နေတယ်" ဆိုတဲ့ စန္ဒာ့စကား ခပ်တိုးတိုးကြောင့် မေသူက လုံးဝလှည့်မကြည့်ရဲဘဲ တစ်ကိုယ်လုံးလည်း ထူပူရှိန်းဖိန်းသွားမိ၏။ မေဂျာချိန်မို့ ရှေ့က ဆရာသင်သမျှကို လက်ချာလိုက်နေသည့် သူမသည် လက်တွေတုန်လာပြီး အယောင်ယောင် အမှားမှားနှင့် ဘယ်လိုမှ စာကိုလိုက်မမှတ်နိုင်တော့။ သူမက စိတ်ပျက်လက်ပျက်နှင့် ဘောလ်ပင်ကို စားပွဲပေါ် ချထားလိုက်ရသည်။

မေသူ့စိတ်တွေ တဖြည်းဖြည်း တိုလာမိ၏။ စာသင်နေတုန်း အနှောင့်အယှက်လာပေးသည့် သူ့ကိုလည်း သူမ စိတ်တိုသည်။ စိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



မထိန်းချုပ်တတ်သေးသော ကိုယ့်ကိုယ်ကိုလည်း သူမ စိတ်တိုသည်။ စာသင်တာမြန်လွန်းတဲ့ ရှေ့ကဆရာကိုလည်း သူမ စိတ်တိုသည်။ အို့ . . မေသူ့အတွက်ဆို အရာရာဟာ စိတ်တိုစရာတွေချည်းဖြစ်နေပါရော့လား။

မေသူက လူတွေနဲ့ကွယ်ကာ ဆရာ မမြင်အောင် စားပွဲပေါ် မှောက်အိပ်နေလိုက်သည်။ ဆယ်မိနစ်ခန့်ကြာတော့ ဆရာက အတန်းကို ဖြုတ်ပေးလိုက်သဖြင့် မေသူ အနည်းငယ် စိတ်သက်သာရာရသွား၏။ ဆရာကို ထနှုတ်ဆက်ရင်း အခန်းပေါက်ဝဆီသို့ သူမ အကြည့်များက အလိုအလျောက် ရောက်သွားခဲ့သည်။

ထိုအခါ သူမကို စိတ်လွတ်ကိုယ်လွတ် ငေးစိုက်ကြည့်နေသော နောင်နောင့်မျက်ဝန်းများအား အမှတ်တမဲ့ ရင်ဆိုင်တွေ့ရသည်။ မေသူသည် မနေ့တုန်းက သူမ လူလည်ကျခဲ့သည့်ကိစ္စကြောင့် သူ့ကို အကဲဖမ်းကြည့်မိ၏။ ဘာမှ မထူးခြားရုံသာမက သူမကိုတောင် သူက အဝေးမှ လှမ်းပြုံးပြလိုက်သေးသည်။

ဒီအတိုင်းဆိုရင် ပစ်တိုင်းထောင်ဆေးလိပ်အတုကိစ္စကို သူမသိတာ သေချာသလောက်ပဲဟု သူမက စိတ်ထဲမှ တွေးလိုက်ပါသည်။

နောင်နောင့်မှာ ဒီနေ့အဖော်တွေ တစ်ယောက်မှမပါတာကို သူမ သတိထားမိ၏။ သူသည် ဘာကိုမှ မသိထားသောပုံစံဖြင့် မေသူ့ဆီသာ တာဝန်တစ်ခုလို စူးစူးရှရှ လှမ်းကြည့်နေပါ၏။ နောင်နောင်က သူမ အား ဒီနေ့ပဲ တက်ကနစ်တစ်ခု ထပ်ပြောင်းစရာရှိတာကြောင့် ကျန်သူငယ် ချင်းတွေကို တမင် တစ်ယောက်မှခေါ်မလာခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မေသူ့ကို သူက အခုချိန်အထိတော့ ပကတိအကြည့်နက်နက်တွေသာ ပို့လွှတ်ထားဆဲ။ သူမသည် သူ့မျက်ဝန်းများ၏ ရစ်ပတ်ဖြားယောင်းမှုတွင် စိတ်လှုပ်ရှားတာမျိုး မဟုတ်ဘဲ ရင်တွေက တငြိမ့်ငြိမ့်နှင့် လှိုင်းတွေလို ခုန်လာလေသည်။

မေသူသည် သူ့အကြည့်များကို ကြာရှည်ရင်မဆိုင်နိုင်သဖြင့် မျက်နှာလွှဲကာ စောစောတုန်းက သူမလိုက်မမီခဲ့ရသည့် စာတွေကို အစွယ်လေးထံမှ ပြန်လိုက်မှတ်နေ၏။ စိတ်ကို တည်ငြိမ်လာအောင်လည်း သူမမှာ မနည်းကြိုးစားထိန်းချုပ်နေရသည်။

အဲဒီလိုအချိန်မျိုးတွင် မေသူ့အတွက် ထိတ်လန့်အံ့သြစရာ အပြုအမူတချို့ကို သူက လုပ်လိုက်ပါသည်။ နောင်နောင်သည် သူမတို့အဖွဲ့လေးယောက်ထိုင်သော အတန်းရှေ့တည့်တည့်မှာ လာရပ်၏။ မော့ကြည့်လိုက်သော မေသူ၏ အံ့သြနေသည့် မျက်ဝန်းတွေကို သူက ပြုံးပြလိုက်ပြန်သည်။ သူမတို့လည်း လုံးဝ မထင်မှတ်ထားသည့်ကိစ္စမို့ ကြောင်အမ်းအမ်းနှင့် သူ့ကို ဝိုင်းကြည့်နေမိသည်။ ဒါ့အပြင် ဆရာထွက်သွားခါစ အတန်းချိန်လည်းဖြစ်နေသဖြင့် အတန်းထဲရှိ လူတွေအားလုံးမှာ သူတို့ထံ အာရုံကျလျက်ရှိကြ၏။ နောင်နောင်က မေသူ့ကို ရည်ရွယ်ကာ ပြောလိုက်ပါသည်။

“ဟို. . . တစ်နေ့တုန်းက မင်းပေးတဲ့ ဆေးလိပ်လေးက အရမ်းသောက်လို့ကောင်းတယ်၊ သိလား။ ကျေးဇူးလည်းတင်တယ်”

www.burmeseclassic.com

www.burmeseclassic.com



မေသူက ယောင်ယမ်းပြီး ခေါင်းညိတ်ပြမိ၏။

"ဟုတ်. . ."

"အဲဒီတော့. . . စည်းကမ်းအရ မင်းကို ကိုယ်ချစ်တယ်လို့ ရည်းစားစကားပြောတာကို မင်းက နားထောင်ပေးစရာ မလိုတော့ဘူး"

"ဒါပေါ့. . . အဲဒါအမှန်ပဲ"

ထိုအခါ နောင်နောင်က တစ်ယောက်တည်း လျှို့ဝှက်စွာ ပြုံးလိုက်သည်။

"ဒါပေမယ့် မေသူ့ကို ကိုယ်စာပေးထားတဲ့အတွက်တော့ အဖြေပေးဖို့ လိုနေသေးတယ်"

သူမတို့မှာ တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်ကာ အပြန်အလှန် အဖြေညှိမိကြ၏။ သို့သော် ဘာအဖြေမှ မရကြ။

"ဟင်. . . ဘယ်တုန်းက စာပေးထားလို့လဲ"

"အေးလေ. . . လာပြီး အကြောင်းရိုက်နေပြန်ပြီ။ မေသူက ကျွန်မတို့နဲ့ အမြဲရှိနေတဲ့ဟာကို"

အစွယ်လေးစကားကို နောင်နောင်က ခေါင်းရမ်းပြနေ၏။ ပြီးမှ "တကယ်ပြောတာပါ။ အဲဒီပေတံ ပြန်ပေးလိုက်တဲ့နေ့ကတည်းက မေသူ့ကို ကိုယ် ရည်းစားစာပေးထားခဲ့တာပါ"

မေသူသည် သူငယ်ချင်းများ၏ မယုံသလို အကဲခတ်ခံလိုက်ရခြင်းကြောင့် နည်းနည်းဒေါပွသွားပါသည်။ လေသံကလည်း အနည်းငယ်မာသွားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါဦး၊ စာကို ကိုနောင်က ဘယ်အချိန်၊ ဘယ်နေရာမှာ ပေးတာလဲ။ အဲဒီပေတံပြန်ပေးလိုက်တဲ့နေ့တုန်းက ညနေစောင်းပြီး လို့မှောင်မှ ကျွန်မတို့ကျောင်းက ပြန်ကြတာ။ သူတို့တွေအားလုံး သက်သေရှိတယ်"

အဲဒီတော့မှ ဝေဝေဝါးဝါးဖြစ်နေသော သူငယ်ချင်းတွေက မေသူ့ဘက်မှ ဝိုင်းဝန်းထောက်ခံကြလေသည်။

"ဟုတ်သားပဲ၊ ကိုနောင်ပြောတဲ့နေ့တုန်းက မေသူနဲ့ကျွန်မတို့တစ်ချိန်လုံး အတူတူရှိနေတဲ့ကိစ္စကြီးကို"

"အေးလေ. . . ဟုတ်ပ့ါ"

"ကဲ. . . အဲဒါဆို ကိုယ် မင်းတို့ကို သက်သေပြမယ်"

"အင်း. . . ဒါဆိုလည်း ပြလေ၊ ကြည့်ရတာပေ့ါ"

မေသူ၏ ပခုံးတွန့်တွန့်နှင့် စိန်ခေါ်သလို အပြောကို နောင်နောင်က ရယ်ကျဲကျဲလုပ်ရင်း တုံ့ပြန်ပါသည်။

"ဟုတ်ပြီ မေသူ၊ ဒါနဲ့စကားမစပ် ဟိုနေ့တုန်းက ကိုယ်မင်းကိုပြန်ပေးလိုက်တဲ့ ပေတံအကျိုးလေးကို ခဏပေးပါလား"

သူမ မျက်မှောင်ကုတ်မိသွား၏။ သူပြောမှ ပေတံဆို၍ သတိရမိသည်။ မေသူသည် ပေတံလေးကို သူပြန်ပေးတုန်းက လွယ်အိတ်ထဲ အမြန်ကောက်ထည့်ခဲ့ပြီး အခုချိန်အထိ တစ်ခါမှ ပြန်ထုတ်မကြည့်မိသေး။ ဒီကြားထဲမှာလည်း သူမက ဘေးမျဉ်းပါပြီးသား ဗလာစာအုပ်တွေချည်း

www.burmeseclassic.com

www.burmeseclassic.com



သုံးနေတာမို့ ပေတံလေးကို လွယ်အိတ်ထဲမှ မထုတ်ဖြစ်။ ဒါပေမယ့် အခု တော့ ပေတံလေးအား သူက သူမဆီမှ တောင်းခံနေလေပြီ။ သူမသည် လွယ်အိတ်ထဲက ပေတံလေးကို ထုတ်ပေးလိုက်၏။

သူက ပေးနေတာကို မယူဘဲ သူမ လက်ထဲမှ ပေတံလေးအား မျက်လုံးမှေး၍ကြည့်ရင်း ပြောပါသည်။

"ကိုယ်ရေးထားတဲ့ ရည်းစားစာက အဲဒီပေတံလေးပေါ်မှာ သေချာကြည့်ပါဦး"

သူ့စကားကြောင့် သူမတို့တစ်တွေ ပေတံဆီကို ဝိုင်းအုံကြည့်ကာ စာကို ရှာကြ၏။ ဟော. . . တွေ့ပြီ။ ဖေဖေကိုယ်တိုင် ရေးထိုးပေးထား သော M.T ဆိုသည့် သူမနာမည်ဘေးတွင် ". . . ကိုချစ်တယ်" ဟု သံချွန်ကလေးဖြင့် နောက်ဆက်တွဲရေးထားလေသည်။

မေသူ့ရင်ခွင်မှာ ထိုခဏလေး၌ နွေးခနဲ ကြည်နူးပျော်ရွှင်သွား ၏။ တစ်ချိန်တည်းမှာလည်း သူ့ရဲ့ ကြိုတင်စီမံထားသော ဉာဏ်ပညာကို လန့်ကာ တုန်လှုပ်မိသည်။ ပေတံလေးကို ပြန်တောင်မကြည့်ဖြစ်သော ကိုယ့်ကိုယ်ကိုလည်း သူမ အပြစ်တင်မိသည်။

သူငယ်ချင်းများသည် ပေတံလေးပေါ်မှ "M.T ကိုချစ်တယ်" ဆိုသည့် စာတန်းကို ဖတ်မိသွားပြီး ထူးဆန်းမှုအား ပြုံးလျက်ရှိနေကြ၏။ မေသူသည် နှုတ်ခမ်းကိုစူကာ ပေတံလေးအား ပါးစပ်လှုပ်ရုံမျှ ကျိန်ဆဲပြစ် လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောင်နောင်က သူမ၏ ထိုအမူအရာလေးကြောင့် ပို၍မြတ်နိုး သွားရ၏။ အဲဒီအခိုက်အတန့်လေးမှာပင် သူမသည် အရာရာအားလုံးကို အနိုင်ရရှိသွားပြီဟု နောင်နောင်က ရိုးရိုးလေး လက်ခံလိုက်မိသွားပါသည်။ သူ့ထံမှ စကားသံ ထွက်လာ၏။

"ကဲ. . . ဘယ်လိုလဲ မေသူ၊ ကိုယ့်ကို အဖြေပြန်ပေးတော့မလား"

"အာ. . . "

ရုတ်တရက် သူမမျက်နှာ နီရဲသွားကာ ရှက်ပြီး ခေါင်းကို ငုံ့ချ ပစ်လိုက်မိသည်။ လူတွေကလည်း သူမတို့ကို ဝိုင်းကြည့်နေကြတာမို့ မေသူ မှာ ရှက်လှပြီ။ သူတို့ပြောသမျှအားလုံးကို ဒီလူတွေက အတိအကျကြီး မကြားသော်လည်း အခြေအနေနှင့်အဖြစ်အပျက်ကိုတော့ သူတို့ရိပ်ဖမ်း သံဖမ်း သဘောပေါက်ကြပါသည်။ အတန်းထဲရှိလူတွေအကုန်လုံးမှာ ပြုံး စိစိနှင့် သူတို့အား စောင့်ကြည့်လျက်ရှိ၏။

ဒီလိုအချိန်အခါမျိုးတွင် သူက ပတ်ဝန်းကျင်တစ်ခုလုံးကိုရှိတယ် လို့တောင် သဘောမထားဘဲ သူမဆီမှ တုံ့ပြန်လာမည့်အဖြေကိုသာ မက် မောစွာ စောင့်မျှော်နေလေသည်။ သူမက စိတ်ထဲတွင် ပြောနေမိ၏။

ဟွန်း. . . တော်တော်မုန်းစရာကောင်းတဲ့လူ၊ အလိုက်က လည်း တစ်စက်မှ မသိဘူး။ ဒီလိုအချိန်မှာ မိန်းကလေးတစ်ယောက် ဘယ် လောက်အနေရခက်သလဲဆိုတာ ရှင် နားမလည်ဘူးလား။ လူလည်းတဲ့၊ ဒါမျိုးကျတော့ အကင်းမပါးဘူး။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှ သူ့ကို ပြောနေရုံဖြင့် အကျိုးထူးမလာနိုင်ကြောင်း မေသူ နားလည်သွားသည်။ မေသူက ခေါင်းကို ဆတ်ခနဲမော့ရင်း သူ့ကို ပြန်ကြည့်လိုက်ပါ၏။ မျက်လုံးချင်း ထိခတ်မိချိန်၌ သူမနှလုံးသားကို သူမကောင်းစွာ ဘာသာပြန်နိုင်ခဲ့သည်။ သူမက ရဲဝံ့နေပြန်၏။

"ကိုနောင်. . ."

"ပြော. . . မေသူ"

"ဒီပေတံပေါ်မှာ ကိုနောင် စာရေးထားတာကို မေသူက အခုမှ သိရတာဆိုတော့ အချိန်နည်းနည်းလောက် ထပ်ပေးမှဖြစ်မယ်။ ပြီးတော့ ကိုနောင့်ကို မေသူ မယုံရဲဘူး"

"ကောင်းပြီ၊ ကိုယ့်အချစ်တွေအတွက် မေသူယုံကြည်နိုင်တဲ့ ခိုင်မာမှုမျိုးနဲ့ မနက်ဖြန်မှာ ကိုယ်ထပ်ပြီး ကမ်းလှမ်းပါ့မယ်။ မေသူက ကိုယ်တို့နှစ်ယောက် ချစ်သူတွေဖြစ်ရဖို့ ဘယ်လောက်ထပ်စောင့်ရမလဲ ဆိုတာကိုသာ ပြောပါ"

မေသူသည် သူ့အပြောကို သဘောကျစွာ ရယ်မောပစ်လိုက်မိသည်။ နောက်. . . သူမက လက်ညှိုးထောင်ပြရင်းပြောပါ၏။

"ဒါဆို မနက်ဖြန်ကစတွက်ရင် နောက်တစ်ပတ်တိတိမှာ အဖြေပေးမယ်၊ ဒီနေ့က စတွက်ရင်တော့ ရှစ်ရက်မြောက်နေ့ပေါ့"

သူမ၏ ဆုံးဖြတ်ချက်နှင့် အေးစက်စက်အသံကြောင့် သူငယ်ချင်းများအားလုံးသည် မေသူ့အား အံ့ဩထူးဆန်းသလို ငေးကြည့်နေကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝမ်းသာမှုကြောင့် နောင်နောင်က ထိုနေရာမှာပင် အငွေ့ပျံသွားတော့မလို ပါးလှပ်လှပ်လေး ခံစားမိရတော့၏။

သူက ဣန္ဒြေမပျက်အောင် ထိန်းထားရင်း “အိုကေ” ဟု သဘောတူလိုက်ကာ သူမတို့အတန်းထဲမှ ပြန်ထွက်လာခဲ့ပါသည်။ အပြန်လမ်း၌ နောင်နောင့်ခြေလှမ်းတွေက မြေမှာမထိဘဲ လေထဲလွင့်နေ၏။ သူ့ကို ဝိုင်းကြည့်နေသောလူတွေကိုလည်း သူက ရှက်နေမိသည်။

ဒီလောက်အရှက်အကြောင်းကင်းမဲ့ပြီး ဟန်ဆောင်ကောင်းလှသူတစ်ယောက်အား အချစ်စိတ်ကရှက်ရွံ့တတ်စေခဲ့ပြီ။ နောင်နောင်သည် သူမျှော်လင့်ထားတာထက် ပိုမိုသော မေသူ၏ တုံ့ပြန်မှုကြောင့် ရင်ထဲမှာ ဝုန်းဒိုင်းကြဲလျက် ထိုနေရာမှ အဝေးသို့ ထွက်ခွာသွားပါသည်။

မေသူက သူမ ဘာတွေပြောမိတယ်ဆိုတာ ကိုယ့်ကိုယ်ကိုပင် သတိမထားမိပေ။ အားလုံးကို ရက်အတိအကျချိန်းဆိုပြီးသွားချိန်တွင်တော့ သူငယ်ချင်းများ၏ ဝိုင်းဝန်းအပြစ်တင်ခြင်းကို သူမ ခံရရှာပါသည်။ ရင်ခုန်သံတစ်ချက်နှင့် သူငယ်ချင်းများ၏ နားပင်းမတတ် ဝိုင်းဝန်းဝေဖန်ခံရခြင်းကို လဲရတာတန်သည်ဟု သူမက သွေးအေးသွားချိန်တွင် တွေးမိသော အခါ ကျေနပ်စရာဖြစ်လေသည်။

သူနှင့်မနက်ဖြန်မှာ ထပ်တွေ့ရန် မေသူစိုးရွံ့နေမိ၏။ သူမသည် ကိုင်ထားသော ပေတံလေးကို ရှက်ကိုးရှက်ကန်းနှင့် လွယ်အိတ်ထဲ ပြန်ထိုးထည့်လိုက်၏။ မေသူ့အတွေးတွေမှာ သူ့မျက်နှာက စိုးမိုးနေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနည်းဖြင့် သူသည် သူမနှလုံးသားထဲသို့ အမှတ်တမဲ့အခြေအနေများမှ ထိုးဖောက်ဝင်ရောက်လာခြင်းဖြစ်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

သူ့ကြောင့် မေသူသည် ဒီနေ့တစ်မနက်လုံး ရင်တွေအခုန်မြန်နေရ၏။ မနက်ပိုင်း၌ Paper (3) အချိန်တစ်ချိန်သာရှိသော်လည်း သူမတို့က ဘယ်ကိုမှမသွားဘဲ အတန်းထဲမှာပဲ ထိုင်နေကြပါသည်။ ထို့ထက်ပို၍ တိတိကျကျပြောရမည်ဆိုလျှင် သူမတို့အဖွဲ့သည် နောင်နောင့်အား စောင့်နေကြခြင်းဖြစ်၏။

ဖွန်လ၏မိုးသားများက အခုချက်ချင်းပဲ ရွာချတော့မလိုနှင့် အမြဲတမ်းနီးပါး အုံ့မှိုင်းမှုန်ဝေနေလျက်ရှိသည်။ နေ့လည် (၁၂) နာရီထိုးသည့်တိုင်အောင် နောင်နောင့် အရိပ်လေးတောင် သူမတို့ မမြင်ကြရသေး။ ဒီအချိန်အထိ တိမ်တွေက မည်းမှောင်ကာ ကောင်းကင်တစ်ခုလုံးလည်း အုံ့ပျပျနှင့် စိမ့်အေးနေ၏။

မေသူက နည်းနည်းမိုးအေးတာကြောင့် မီးခိုးရောင်ဆွယ်တာပါးပါးလေးဝတ်ထားသည်။ ထိုအခါ သူမပုံစံသည် တစ်မျိုးဆွဲဆောင်မှု

www.burmeseclassic.com

www.burmeseclassic.com



ရှိနေပြီး မြတ်နိုးစရာဖြူဖြူစင်စင် ကောင်မလေးတစ်ယောက်ဆိုတာ ပြောဖို့ မလိုဘဲ သိသာလှပါ၏။ သူမတို့သည် နေကြာစေ့စားရင်းမှ အပြင်ကော် ရစ်ဒါဘက်သို့ မကြာခဏ လှမ်းကြည့်မိတတ်ကြသည်။ ကံအားလျော်စွာ စာသင်ခန်းတစ်ခန်းလုံး၌ သူမတို့လေးယောက်တည်းသာ ရှိနေသည့် ရှားရှားပါးပါးအချိန်လည်းဖြစ်သည်။

ထိုစဉ် ကျောင်းသားတစ်စုက ဣန္ဒြေသိက္ခာရှိစွာ စာသင်ခန်းထဲသို့ ဝင်ရောက်လာပါ၏။ မေသူတို့အဖွဲ့သည် သူတို့ကိုမြင်မှ ပြုံးရွှင်သွားကြသည်။ သူမ တစ်မနက်လုံး မျှော်လင့်နေသော နောင့်နောင့်ကို အခုမှ တွေ့လိုက်ရတာမို့ မေသူ သက်ပြင်းချမိသည်။ တစ်ချိန်တည်းမှာ သူမ ရင်ခုန်သံတွေကလည်း ပုံမှန်ထက် ပိုမိုမြန်ဆန်နေပြန်၏။

နောင်နောင့်သူငယ်ချင်းများက အခန်းပေါက်ဝရှိ ထိုင်ခုံများ၌ ကျန်ရစ်ခဲ့သည်။ မနေ့တုန်းကလိုပင် သူက တစ်ယောက်တည်း သူမတို့ လေးယောက်ရှေ့ကို လျှောက်လာသည်။ ပြီးတော့ လွယ်အိတ်ထဲမှ စက္ကူလိပ်တစ်ခုကို သူက ရိုရိုသေသေလေးပဲ ထုတ်လိုက်၏။ နောက်. . . သူက စက္ကူလိပ်ကို ခပ်ဖွဖွကိုင်ပြီး မေသူ့ထံ ညွတ်နူးစွာ ကမ်းပေးပါသည်။

သူမက နားလည်ရခက်ဟန်ဖြင့် စက္ကူလိပ်ကို တစ်ချက်ကြည့်ရင်းမေး၏။

"ကိုနောင့်ဟာက ဘာကြီးလဲ"

နောင်နောင်က အေးဆေးတည်ငြိမ်စွာ ပြန်ဖြေသည်။

"မေသူ့အတွက် ရည်းစားစာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . "

ရည်းစားစာဆိုတော့ မေသူက ယူရမှာ လက်တွန့်သွား၏။ ဒါပေမယ့် ကောင်မလေးတွေအားလုံး၏ မျက်နှာပေါ်တွင် ထိုစက္ကူလိပ်အား စိတ်ဝင်စားနေသည့်အချက်က ဖုံးကွယ်မရဘဲ ထင်ရှားလွန်းလှသည်။ နောင်နောင့်အသံက ညင်သာချိုလွင်စွာ ပေါ်ထွက်လာ၏။

"ဟိုနေ့တုန်းက ပေတံပေါ်မှာ ရေးထားတဲ့ ရည်းစားစာက မထင်မရှားနဲ့ သေးနုပ်သိမ်ငယ်နေမယ်လေ။ ဒါကြောင့် ကိုယ်က အခု မေသူ ယုံကြည်လောက်ပြီး ခိုင်မာသေချာတဲ့ သက်သေတွေနဲ့ ကိုယ့်အချစ် ကို မေသူ့ဆီ ပေးအပ်တဲ့သဘောပါပဲ။ ရော့. . . မေသူ ဟောဒီစာကို ဖတ်ကြည့်ပေးပါ။ စာကို ဖတ်ပြီးရင် ကိုယ့်ရဲ့လေးနက်ခိုင်မာတဲ့ ချစ်မေတ္တာကို မေသူ ခံစားရမှာပါ"

မေသူက နောင်နောင်ပေးလိုက်သော စက္ကူလိပ်ကို လှမ်းယူကာ ဖြည်းညင်းစွာ ဖြေကြည့်နေမိသည်။ သူမလက်ထဲတွင် စက္ကူလိပ်သည် ပြန့်ပြူးလာပြီး ရုပ်လုံးပေါ်လာလေတော့၏။

"ဟာ. . . "

"ဟင်. . . တစ်မျိုးပါလား"

စက္ကူလိပ်အား သေချာမြင်ရပြီးသည့်နောက် ဝိုင်းကြည့်နေကြသော ကောင်မလေးများဆီမှ အာမေဋိတ်သံတွေမျိုးစုံ ထွက်လာပါသည်။ ဟုတ်၏။ သူမတို့တွေ့မြင်ရသော ထိုစာရွက်မှာ တစ်ရာကျပ်တန် တံဆိပ်ခေါင်းနှင့် စာချုပ်စာရွက်တစ်ရွက်ဖြစ်နေ၏။ စာချုပ်စာရွက်ပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



နောင်နောင်က "မေသူ့ကိုချစ်တယ်" ဆိုသည့် အရိုးရှင်းဆုံး ရည်းစားစကားကို ရေးထားပြီး အောက်မှာ သူ့လက်မှတ်အား ရေးထိုးထားသည်။ သူက သူမကို စာချုပ်စာရွက်နှင့် ရည်းစားစာပေးခြင်း ဖြစ်ပါ၏။

ထို့နောက် မေသူက ပြုံးရွှင်လျက် စာချုပ်စာရွက်အား ဆက်လက်ဖတ်ရှုနေခဲ့သည်။ အခုတော့ သူမ ပျော်နေလေပြီ။

*သားလေး နောင်နောင်က သမီးမေသူကို*
*တကယ်လေးလေးနက်နက် ချစ်မြတ်နိုးကြောင်း*
*ထောက်ခံချက်ပေးပါတယ်။*

**(ဦးရွှေဖုန်း + ဒေါ်ခင်မေဝင်း)**

"ကိုနောင်. . ."

"ပြော. . . မေသူ"

"အဲဒီ ဦးရွှေဖုန်းနဲ့ ဒေါ်ခင်မေဝင်းဆိုတာ ဘယ်သူတွေတုံး"

"ဩော်. . . ဒါလား၊ အဲဒါ ကိုယ့်အဖေနဲ့အမေလေ"

"အို. . ."

မေသူ တကယ်ပဲ ရှက်ကာ မျက်နှာကို မထားတတ်အောင် ဖြစ်သွားရ၏။ သူမ၏ ရှက်ရွံ့သွားပုံကို နောင်နောင်က ရှေ့တည့်တည့်မှ ပြုံးပြုံးကြီး စိုက်ကြည့်နေသည်။

"ကိုနောင်က တော်တော်ဆိုးပါလား၊ အလကား လူကြီးမိဘတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို ဒုက္ခလိုက်ပေးနေတယ်”

သူက မေသူပြောသမျှကို ရယ်၍သာနေပြီး ဘာမှ ပြန်မပြော ချေ။ မေသူ့ သူငယ်ချင်းတွေကလည်း စာချုပ်စာရွက်ပေါ်က နောင်နောင့် အိုင်ဒီယာတွေကို သဘောကျလျက်ရှိသည်။ သူမက ကြည်နူးစွာ စာချုပ် စာရွက်ကို ဆက်ဖတ်နေလိုက်၏။

အောက်မှာ ရေးထားတာတွေကတော့ အောင်ခိုင်၊ ကျော်သူရ၊ ဗိုက်ကြီးနဲ့ချစ်တီးတို့ လေးယောက်ရဲ့ တစ်ယောက်တစ်မျိုး လက်စွမ်းပြ ထားသော ထောက်ခံစာတွေဖြစ်ပါသည်။ သူမက မဲ့ပြုံးလေးပြုံးရင်း သူငယ်ချင်းများ၏ ထောက်ခံချက်တွေ ဖတ်နေမိသည်။

မေသူ့ဘဝတွင် ဒီလိုရည်းစားစာမျိုး တစ်ခါမှ အပေးမခံရဖူး သဖြင့် အံ့သြဝမ်းမြောက်စရာကောင်းလှ၏။ သူမက ထူးဆန်းမှုမှာ အိပ်မက်,မက်သလို ခံစားနေရ၏။ နောင်နောင်ဆိုတာ သူတစ်ပါးကို သစ် လွင်သော အရသာများပေးဖို့ သူ့ဦးနှောက်ကြီးထဲမှာ အကြံဉာဏ်တွေ မထပ်နိုင်အောင် ရှိသူဖြစ်ပါသည်။

သူမသည် နောင်နောင့်ကို စိတ်ထဲမှ လန့်စပြုလာ၏။ တစ်ပြိုင် ထဲမှာပင် သူမက သူ့အပေါ် စွဲလန်းနေခဲ့ပြီဖြစ်သည်။

“ကဲ. . . မေသူ၊ ကိုယ့်ရည်းစားစာကို ကျေနပ်ရဲ့လား”

မေသူက ငြင်းဆန်လိုက်ဖို့ အားယူနေဆဲမှာ ခေါင်းက အလိုလို ညိတ်ပြမိလျက်သား ဖြစ်နေတော့၏။ သူငယ်ချင်းများက နည်းနည်းပါးပါး မူရန်အချက်ပြပေမယ့် သူမက အားလုံးလွန်ပြီးနေခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ ဒါဆို ကိုယ်သွားတော့မယ်။ နောက်အပတ် ဒီလိုနေ့ကျရင် ကိုယ်ယမ်းဘီလူးဆိုင်မှာ တစ်နေကုန်ရှိနေမယ်၊ မေသူလာခဲ့ပေါ့။ အိုကေနော်"

ဒီတစ်ခါလည်း မေသူက သူ့အသံလေးမှာ ခေါင်းညိတ်ပြမိပြန်သည်။ သူက အောင်နိုင်သူတစ်ဦးကဲ့သို့ ပြုံးရင်း သူမခေါင်းကို ဖွဖွလေး တစ်ချက်ပုတ်လိုက်သည်။ အဲဒီနောက် သူက မေသူတို့ကို ကျောခိုင်း၍ အတန်းအပြင်ဘက်ကို ထွက်လာခဲ့၏။ သူငယ်ချင်းတွေကလည်း နောင်နောင်နှင့်အတူ အတန်းထဲမှ လိုက်ပါလာကြသည်။

သူက မေသူ့ကို တစ်ချက်လေးတောင် ပြန်လှည့်မကြည့်တော့ဘဲ အဝေးသို့ တစ်လှမ်းချင်းထွက်ခွာသွားတော့၏။

လူသားတစ်ယောက်အနေဖြင့် အရာရာတိုင်းအား ယခုလို သွေးအေးအေးနှင့် ကျောခိုင်းနိုင်ရန်အတွက် အချက်တစ်ချက်ပဲ လိုအပ်ပါသည်။ အဲဒါကတော့ "ဘာကိုမှ အပိုင်မရချင်သောစိတ်" သာဖြစ်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ဒီနေ့ မေသူ့ရင်ထဲမှာ ဖြစ်နေသော လှုပ်ရှားမှုတွေက ခါတိုင်း နေ့များထက် ပို၍ မြန်နှုန်းမြင့်မားလျက်ရှိပါသည်။ ဒါပေမယ့် သူမက ထိုကိစ္စအား ဘယ်သူမှ မရိပ်မိအောင် သေသပ်ပိရိစွာ ထိန်းချုပ်ထားလိုက် နိုင်၏။ မေသူက ပြီးခဲ့သော တစ်ပတ်အတွင်း သူမ၏ ခံစားချက်တွေကို မျက်နှာပေါ် ရောက်မလာစေရန် ဟန့်တားလေ့ကျင့်ခဲ့ရာ အောင်မြင်သည် ဟု ဆိုရမည်။ သူမအတွက် ဒီလိုမှ မလုပ်နိုင်လျှင် မဖြစ်တော့သည့်အခြေ အနေတစ်ရပ်က သိပ်မကြာသောအချိန်တွင် မလွဲမသွေရောက်လာတော့ မှာ သေချာလှ၏။

နောင်နောင့်ကို လွန်ခဲ့သည့် အပတ်တုန်းက ပေးခဲ့သော ကတိ အတိုင်း ဒီနေ့တွင် သူမ အဖြေပြန်ပေးရမည်ဖြစ်သည်။ နောင်နောင်က အရမ်းညက်များသည်။ ဟန်ဆောင်ကောင်းသည်။ ထက်မြက်စူးရှစွာ စဉ်း

www.burmeseclassic.com

www.burmeseclassic.com



စားနိုင်သည်။ ရုတ်တရက် တစ်ခဏအတွင်း ဖြစ်ပွားသော ပြဿနာတစ်ရပ်ကို သူ အသာရအောင် ချက်ချင်းတုံ့ပြန်ဖြေရှင်းနိုင်စွမ်းလည်း ရှိသည်။ သူသာ ကြိုတင်အကွက်ချ၍ စီစဉ်ပါက တစ်ဖက်လူမှာ လုံးဝချောက်ကျရသည်သာ ဖြစ်သည်။ ပြီးတော့ သူ့မှာ ကျောင်းစာမှအပ စာဖတ်အားနှင့် ဗဟုသုတပြည့်စုံခြင်းကလည်း သူတစ်ပါးနဲ့ယှဉ်လျှင် ခေါင်းတစ်လုံး ပိုမြင့်နေစေသည်။

ဒီလိုလူတစ်ယောက်နှင့်တွေ့ဆုံရမှာမို့ မေသူက အတတ်နိုင်ဆုံး ပါးနပ်စွာ ပြုမူနေထိုင်မှ တော်ရုံလောက်ရှိမည်ဆိုတာ သဘောပေါက်ထား၏။ မေသူသည် လွန်ခဲ့သော တစ်ပတ်အတွင်း အကောင်းဆုံး အတွေးတစ်ခုကိုလည်း ပိုင်ဆိုင်ထားသေးသည်။ ထိုအတွေးကတော့ နောင်နောင့်အား သူမအနေဖြင့် ရိုးသားစွာ ဆက်ဆံမည်ဟူ၍ ဖြစ်လေ၏။

ရိုးသားမှုဟာ လက်နက်တစ်ခု ဟုတ်၊ မဟုတ် သူမ သေချာမသိသော်လည်း ရိုးသားခြင်းရှိမှ စိတ်က လိပ်ပြာသန့်နိုင်မည်ဖြစ်၏။ ကိုယ့်စိတ်ကိုယ် လိပ်ပြာသန့်သူဆိုတာ စိတ်ဓာတ်ပိုင်းဆိုင်ရာ၌ ဘယ် တော့မှ တခြားသူအောက်မရောက်ဘူးလို့ မေသူ ယုံကြည်သည်။

နောင်နောင့်ကို သူမက ထိုအားသာချက်အား အသုံးပြုပြီး ဆက်ဆံလျှင် အလုံးစုံ အသာမရသည့်တိုင် အကျိုးတော့ မယုတ်နိုင်ပေ။ မေသူက အားလုံးကိုသေချာပြင်ဆင်ကာ သူငယ်ချင်းများခြံရုံလျက် နောင်နောင်ရှိရာ ယမ်းဘီလူးကန်တင်းဆီသို့ ထွက်လာခဲ့ပါသည်။ သူမတို့အုပ်စု ယမ်းဘီလူးဆိုင်ကိုရောက်တော့ နောင်နောင်တို့က ဗိုက်ကြီးအား ပြုံးစိစိ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဝိုင်းကြည့်နေကြ၏။ ထုံးစံအတိုင်း ဗိုက်ကြီးသည် လက်ဖက်ရည်မှာတာ စကားထစ်နေသည်။ စားပွဲထိုးလေး ရဲသွေးက ဗိုက်ကြီး၏စကားကို သေချာနားစိုက်နေချိန်လည်းဖြစ်၏။ ဗိုက်ကြီးမှာ ပြောလိုသော "လက်ဖက်ရည်ကျဆိမ့်တစ်ခွက်" ဆိုတာကို အသံထွက်မရဘဲ တစ်နေချိန်. . ။သူက အရေးအကြောင်းဆိုရင် စကားထစ်တတ်တာ အကျင့်တစ်ခုဖြစ်နေပြီ။

သူမတို့က မလှမ်းမကမ်းမှ အသာရပ်ကာ ထိုအဖြစ်အပျက်ကို ကြည့်နေလိုက်၏။ ဗိုက်ကြီးက သူပြောလိုတဲ့စကားကို အတင်းအားထုတ်၍ ပြောသည်။

"ဟို. . . လက်. . . လက်. . . လက်. . . လက်. . . "

ရဲသွေးက တစ်ခါမှ မကြုံဖူးသဖြင့် အကြောင်းမသိဘဲ ခေါင်းကုတ်ပြီး ဗိုက်ကြီး၏ လက်ဟန်ပြရာဆီလိုက်ကြည့်၏။ ဘာမှမတွေ့တော့ သူက. . .

"ဘာတွေလက်နေတာလဲ ကိုဗိုက်ကြီးရာ။ နေရောင်ကလည်း ဒီလောက်ကြီး မလက်ပါဘူး၊ မိုးတွင်းပဲဥစ္စာ"

နောင်နောင်နှင့်အောင်ခိုင်တို့ဆီမှ ဝါးခနဲရယ်သံများ ဆူညံသွားသည်။ ကျော်သူရနှင့်ချစ်တီးတို့ကလည်း စပ်ဖြဲဖြဲဖြစ်နေတာမို့ ဗိုက်ကြီး မှာ ဒေါသတွေဖြစ်နေရ၏။ ဗိုက်ကြီးသည် တခြားလူတွေထက် ချစ်တီး သူ့ကိုလှောင်နေတာကို မကျေနပ်နိုင်။

ဗိုက်ကြီး၏မျက်နှာမှာ ဒေါသကြောင့် ရဲတွတ်လာပြီး ထစ်နေသောစကားကို အသံထွက်ရန် အတင်းအားထုတ်နေ၏။ သူ့အကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



သိသည့် သူငယ်ချင်းတွေက သူ့ဆိုလိုရင်းအား ဘာသာပြန်နိုင်သော်လည်း တစ်ယောက်မှ ရဲသွေးကို မရှင်းပြကြ။ ဗိုက်ကြီး ဒုက္ခရောက်နေပုံကိုသာ ရယ်စရာလုပ်ရန် စောင့်ကြည့်နေလေသည်။

"လက်. . . လက်. . ."

ဗိုက်ကြီးကို ရဲသွေးက ကြံရာမရနှင့် သူ့လက်ကြီး ထိုးပေးလိုက်၏။ ဗိုက်ကြီးက ဒေါသတကြီးဖြစ်ကာ ရဲသွေးလက်ကို ပုတ်ထုတ်ပစ်လိုက်သည်။ ရယ်သံများထွက်လာပြန်၏။ ဒါကို ချစ်တီးမှာ သဘောကျ၍ မဆုံးနိုင်တော့။ သူ့ခမျာ အသံထွက်ဖို့ ပိုကြိုးစားလေ ပိုဆိုးလေဖြစ်နေရသည်။ နောက်. . . သူက ရဲသွေးကို လက်ဖက်ရည်ခွက်အား နမူနာပြ၍ မှာရန် စားပွဲပေါ်တွင် ရှာကြည့်၏။ သူတို့ဝိုင်းမှာ ဘယ်သူမှ လက်ဖက်ရည်သောက်မထားသဖြင့် မတွေ့ပေ။ ဗိုက်ကြီး၏ အကြည့်တွေက ဘေးနားဝိုင်းရှိ ကောင်မလေးတစ်ယောက်သောက်နေသော လက်ဖက်ရည်ခွက် အားမြင်သွားသည်။ သူက ရဲသွေးကို ထိုတစ်ဖက်ဝိုင်းမှ လက်ဖက်ရည် ခွက်ထံ လက်ညှိုးညွှန်ပြလိုက်ပါ၏။

ထိုအခါ ရဲသွေးက ဗိုက်ကြီး၏ ဆိုလိုချက်ကို တစ်မျိုးအဓိပ္ပာယ်ကောက်ပြီး သူထင်ရာကို ပြာပြာသလဲ ပြောချလိုက်သည်။

"ဟာ. . . ကိုဗိုက်ကြီး၊ အဲဒါမျိုးတော့ မလုပ်ပါနဲ့ဗျာ။ သူများမှာထားတဲ့ စားသောက်စရာတွေကို ကျွန်တော် သွားမတောင်းရဲဘူး။ ဘာလဲ. . . ကိုဗိုက်ကြီးဆီမှာ ပိုက်ဆံမပါလို့လားဟင်"

ရဲသွေး၏ ထိုအလွန်းပုံနှင့် အလိုက်မသိပုံတွေကြောင့် သူတို့

www.burmeseclassic.com

www.burmeseclassic.com



အုပ်စုမှာ ပွဲကျသွားပြန်၏။ ဗိုက်ကြီးသည် အရမ်းဒေါသတွေကြီးလာပြီး အားရပါးရ ရဲသွေးကို ပြောချလိုက်သည်။ ထိုအခါ ထိတ်လန့်ဖွယ်ရာ သူ့အသံပြဲပြဲကြီးမှာ ထင်မထားဘဲ သုံးခွန်းဆက်တိုက် ထွက်သွားလေတော့၏။

"လက်ဖက်ရည်မှာနေတာကွ၊ လက်ဖက်ရည်မှာနေတာကွ၊ လက်ဖက်ရည်မှာနေတာကွ"

ရဲသွေးမှာ ရုတ်တရက် အသံကျယ်ကြီးနှင့် သုံးခါဆက်၍ အအော်ခံရသောကြောင့် လန့်ကာ နောက်သို့ ခုန်ဆုတ်လိုက်၏။ သူငယ်ချင်းတွေဆီမှာ ရယ်သံများ သောသောညံသွားကြလေသည်။

ဗိုက်ကြီးကို ရဲသွေးက အံ့သြစွာ ပြောပြန်၏။

"ကိုဗိုက်ကြီးကလည်းဗျာ၊ စိတ်မဆိုးပါနဲ့။ ကိုဗိုက်ကြီးမှာ ပိုက်ဆံမရှိလို့ အကြွေးထားတာ ဒီနားတဝိုက်က လူတွေအားလုံး သိပြီးသားပဲ။ ဘာမှ ထူးထူးခြားခြား သိက္ခာကျမသွားပါဘူး"

ဗိုက်ကြီးမှာ ရဲသွေးကို ရှက်ရမ်းရမ်းကာ ရန်လိုနေတာကြောင့် နောင်နောင်က ခပ်ဝေးဝေးတွင် နေဖို့ ရဲသွေးအား အချက်ပြပြီး နှင်လွှတ်လိုက်သည်။ အောင်ခိုင်က ရယ်ရလွန်းသဖြင့် ဗိုက်ကို နှိပ်ထားရ၏။ မေသူတို့အဖွဲ့ကလည်း စကားထစ်ဗိုက်ကြီးနှင့် ငအူကောင် ရဲသွေး၏ အဖြစ်အပျက်မှာ ဘယ်လိုမှ မရယ်ဘဲ မနေနိုင်တော့။ သူမတို့၏ ရယ်သံတွေက ထိုအနီးတဝိုက်တွင် ဆည်းလည်းခတ်သံများပမာ လွင့်ပျံ့သွား၏။

နောင်နောင်က ကျောဘက်ဆီမှ ခိုးခိုးခစ်ခစ် မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



ရယ်သံများကြောင့် ဖျတ်ခနဲ နောက်ကို လှည့်ကြည့်လိုက်မိ၏။ မေသူတို့ကို တွေ့တော့ သူ့နှလုံးသားမှာ တစ်စုံတစ်ရာသော ထူးဆန်းမှုအား ခံစားရပါသည်။

သူသည် မေသူ့အား နှုတ်ခမ်းထောင့်စွန်းလေးကို ကွေးညွတ်၍ ညှိုးငယ်ဟန်ဖြင့် ပြုံးကာကြည့်နေ၏။ ပြီးတော့ သူငယ်ချင်းများကို မျက်ရိပ်ပြကာ သူ့ဝိုင်းမှ ရှောင်ခိုင်းလေသည်။ သူငယ်ချင်းတွေကလည်း အလိုက်သိသိပင် ညာဘက်ဘေးဝိုင်းသို့ ပြောင်းသွားကြသည်။ မေသူ့ သူငယ်ချင်းများသည် ထိုအခြေအနေကို မြင်သောအခါတွင်တော့ သူမတို့လည်း နောင်နောင့်ဝိုင်း၏ ဘယ်ဘက်ကပ်လျက်ဝိုင်းမှာ သတ်သတ်ဝင်ထိုင်လိုက်ကြပါ၏။ မေသူတစ်ယောက်တည်း နောင်နောင့်ဝိုင်းကို လျှောက်သွားကာ မျက်နှာချင်းဆိုင်အနေအထားရှိ ခုံတွင် ထိုင်လိုက်သည်။

အခုဆို သူတို့နှစ်ယောက်တည်းရှိသော ဝိုင်းကို သူငယ်ချင်းတွေက ဘယ်ညာဝန်းရံပြီး နေရာယူထားသလို ဖြစ်နေတော့၏။ မေသူက သူ့ကို တစ်ချက် နှစ်လိုဖွယ် ပြုံးပြမိ၏။ အထူးလေ့ကျင့်ထားသောကြောင့် သူမ၏ စိတ်လှုပ်ရှားနေပုံတွေကို နောင်နောင်မတွေ့ရ။ သူမက ထိုအချက်အား ကျေနပ်မိသွားသည်။ ဒါပေမယ့် အဲဒီကျေနပ်မှုကိုလည်း သူ လုံးဝမသိရအောင် မေသူ လျှို့ဝှက်ထားနိုင်ပြန်၏။

နောင်နောင်သည် သူ့ကို နှုတ်ဆက်သောသဘောဖြင့် တစ်ချက်ပြုံးပြရုံမျှတစ်ပါး ပုံမှန်အတိုင်း ဣန္ဒြေရနေသည့် သူမကြောင့် အံ့သြနေမိသည်။ တကယ်ပင် မေသူ့မျက်နှာ၌ ဘာထူးခြားမှုမှ မရှိ။ ပကတိ တည်

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်နေသော သူမအား လှုပ်ရှားယိမ်းထိုးနေသည့် နှလုံးသားတစ်စုံဖြင့် နောင်နောင်က ရှုးသွပ်စွဲလန်းနေလေပြီ။

"မေသူ. . ."

သူက သူမနာမည်ကို ကျွမ်းကျင်သူတစ်ယောက်ပီပီ တည်ကြည်စွာ ခေါ်လိုက်နိုင်၏။ ထိုနောင်နောင့်အသံတွင် စိတ်လှုပ်ရှားနေတာ ပေါ်လွင်သော်လည်း သူ့ရဲ့ မေသူ့အပေါ် ထားရှိသည့် ချစ်မြတ်နိုးမှုကို လှိုက်လှိုက်လှဲလှဲ တွေ့မြင်ရပါသည်။ သူမ ရင်ထဲ၌ ကြည်နူးသွား၏။ သို့သော် မေသူက ဒါကို ဘယ်သူမှမသိရအောင် သူမ အလေ့အကျင့်အတိုင်း ဖုံးကွယ်ထားပြီးဖြစ်နေလေသည်။

သူမက နောင်နောင့်ကို "ပြောလေ" ဆိုသည့် အဓိပ္ပာယ်ဖြင့် မေးဆတ်ပြကာ တုံ့ပြန်လိုက်၏။ နောင်နောင့်မျက်နှာသည် အရင်လို ဟန်ဆောင်ကောင်းသူဆိုသော ဂုဏ်ပုဒ်ကို ထိန်းမထားနိုင်တော့တာ သေချာသွားပါသည်။

"ကိုယ့်ကို မေသူ ဒီနေ့အဖြေပေးမယ်လို့ ကတိပေးထားတယ်နော်"

"အင်း. . . ဟုတ်တယ်"

မေသူက သူ့ရဲ့ သွယ်ဝိုက်သော သတိပေးမှုကို ပေါ့ပါးစွာ ဝန်ခံလိုက်၏။ နောင်နောင့်မျက်လုံးများဆီတွင် လှုပ်လှုပ်ရှားရှား အရိပ်အယောင်တွေ ယှက်သန်းခုန်ပေါက်သွားတာ သူမ တွေ့ရသည်။

အချစ်နဲ့ ချောင်းဆိုးချင်တာ နှစ်ခုဟာ အောင့်ထားလို့မရဘူး

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် စကားအား သူလက်တွေ့ကြုံရခြင်းဖြစ်၏။ အခုတော့ သူက ညဏ်များသော ဟန်ဆောင်မှုတွေကို ဟိုးအဝေးကြီးမှာ စွန့်ပစ်ထားခဲ့ပြီ။ ရင်ခုန်သံနှင့်အချစ်စိတ်က သူ့အားရိုးသားခြင်းကို သင်ကြားပေးခဲ့သော ဆရာတွေလည်း ဖြစ်သည်။

နောင်နောင်က သူမအား စကားပြောရန် တော်တော်ကြီး အားယူနေရ၏။

"မေသူက ဒါဆို ကိုယ့်ကို. . ."

သူမသည် အဲဒီခဏလေးအတွင်း သူနှင့်ပတ်သက်သော ခံစားချက်အစစ်အမှန်ကို ဖွင့်ဟဝန်ခံဖို့ တစ်ချက်တွန့်ဆုတ်သွားသေးသည်။ ဒါပေမယ့် မူလစဉ်းစားထားသောအတိုင်း သူ့ကိုဖြူစင်ရိုးသားစွာပြောရန် ဆုံးဖြတ်ချက်ချလိုက်၏။ မေသူက လေသံကိုနှိမ့်ကာ သူ့ကို အဖြေပေးပါသည်။

"ဟုတ်တယ်၊ မေသူ ကိုနောင့်ကိုချစ်တယ်"

ကြားလိုက်ရသောစကားကြောင့် သူ့ခန္ဓာကိုယ်သည် လေ၌လွင့်ခနဲ ပျံ့ဝဲသွားသလို ခံစားရလေသည်။ ပျော်ရွှင်ခြင်းနှင့် မယုံနိုင်ခြင်းတို့မှာ သူ့အား လွှမ်းခြုံထားသဖြင့် နောင်နောင့် နားရွက်လေးများသည် ပင် ပူနွေးရှိန်းမြနေ၏။ အကြည့်ချင်းဆုံတော့ နောင်နောင့်မျက်ဝန်း၌ ချက်ချင်းအရည်လဲ့လာပြီး မျက်ရည်ဥများက ရစ်ဝိုင်းခိုတွဲလာခဲ့သည်။ မေသူက ခေါင်းကို ငုံ့ချပစ်လိုက်ပါ၏။

သူတို့နှစ်ယောက်ပြောသမျှကို ဘယ်ညာတစ်ဖက်တစ်ချက်ဆီ

www.burmeseclassic.com

www.burmeseclassic.com



တွင် နားစွင့်နေသော သူငယ်ချင်းများက မကြားရသဖြင့် အချင်းချင်း ခြေဟန်၊ လက်ဟန်တွေသုံးကာ မေးမြန်းနေကြ၏။

ရုတ်တရက် နောင်နောင့်ပါးပြင်ပေါ်သို့ မျက်ရည်စများ လိမ့်ဆင်းသွားပါသည်။ သူမ ဆတ်ခနဲ ခေါင်းပြန်မော့လိုက်ချိန်တွင် မျက်ရည်စက်တွေနှင့် အမှတ်တမဲ့ တိုက်ဆိုင်သွား၏။

အို. . . သူ ငိုနေတာပါလား။

သူက မေသူ့ကို မျက်ရည်များကြားမှ ပြုံးလျက် စကားတွေ ပြောလေ၏။

"ကိုယ့်ကို အခုလို မင်းရဲ့ချစ်သူဖြစ်ခွင့်ပေးတာ အရမ်းကျေးဇူးတင်ပါတယ်။ ကိုယ့်ဘဝမှာ ဝမ်းသာလွန်းလို့ မျက်ရည်ကျရတာ ဒါ ပထမဆုံးပဲ။ မင်းပေးတဲ့အမှတ်တရမျက်ရည်တွေကို ကိုယ်အမြဲသိမ်းဆည်းထားပါ့မယ်။ ကိုယ်ကလေ မေသူ ကိုယ့်ကိုမုန်းပြီး ကလဲ့စားချေလိမ့်မယ်လို့ ထင်ထားတာ။ ကိုယ်က မေသူ ကိုယ့်ကို အနိုင်ယူပါစေတော့ဆိုပြီး မေသူ့ဆုံးဖြတ်ချက်ကို နာခံဖို့ လာခဲ့တာပါ။ အခုတော့ ထင်ထားတာတွေအားလုံး ပြောင်းပြန်ဖြစ်ကုန်တာပဲ။ မေသူ့ကိုလည်း ကိုယ်တကယ် အံ့ဩမိတယ်။ ပြောစမ်းပါဦး မေသူရယ်. . . မင်း နာကျင်အောင်၊ မျက်ရည်ကျအောင် လုပ်ခဲ့တဲ့ကိုယ့်ကို ဘာဖြစ်လို့ ချစ်သွားရတာလဲဆိုတာကို ပြောပြစမ်းပါဦး"

တုန်ရီလှိုက်မောနေသော သူ့အသံလှိုင်းများမှာ မေသူ့စိတ်တွေ အတန်ကြာအောင် မျောပါနေခဲ့သည်။ ခဏကြာမှ သူမက ခန္ဓာကိုယ်၌နှင့် ပျံ့လွင့်နေသည့် အာရုံများကို ပြန်စုစည်းကာ စကားပြန်ပြောဖို့ အားထုတ်

www.burmeseclassic.com

www.burmeseclassic.com



မိ၏။ သူမ ပြောသည့်စကားတွေမှာလည်း အရိုးစင်းဆုံး အမှန်တရားပဲ ဖြစ်ချင်လေသည်။

"ကိုနောင်ရယ်. . . မငိုပါနဲ့တော့ကွာ။ ကိုနောင်သိချင်တာ အားလုံး မေသူပြောပြမယ်။ မျက်ရည်တွေကို သုတ်ပစ်လိုက်. . . ဟုတ်ပြီလား"

သူမ စကားအဆုံးမှာ သူက လက်ခုံဖြင့် မျက်ရည်တွေကို သုတ်ရင်း ခေါင်းညိတ်ပြရှာ၏။ ထိုအခါ မေသူက သူ့ကိုတိုးတိတ်သော အမှန်တရားတစ်ခုအား ရှက်ရွံ့စွာ ဖွင့်ဟလေသည်။

"မေသူတို့နှစ်ယောက် ဒီယမ်းဘီးလူးဆိုင်မှာ ပြဿနာတွေ စဖြစ်ပြီးကတည်းက မေသူ့ရင်ထဲကို ကိုနောင်ရောက်နေခဲ့တာ၊ ကြာလှပြီ. . . သိရဲ့လား"

"ဟုတ်လား၊ ကိုယ်ကဖြင့် မသိပါဘူး။ အဲဒီကတည်းက မေသူ ကိုယ့်ကို မုန်းသွားခဲ့တာလားလို့"

"ဘယ်ကလာ. . . မေသူက အဲဒီအချိန်ကတည်းက ကိုနောင့်ကို စိတ်ဝင်စားသွားတာ၊ ကိုနောင်က အမြဲတမ်း မေသူ့အတွေးတွေမှာ စိုးမိုးတာ။ အစတုန်းကဆို မေသူလေ ကိုယ့်ကိုယ်ကို သိပ်စိတ်တိုတာပဲ သိလား"

"ဟုတ်တယ် မေသူ၊ တကယ်ဆို ကိုယ့်ကို မေသူချစ်ဖို့တောင် မကောင်းဘူး။ ကိုယ်တို့က ဒီကျောင်းမှာဆိုးတယ်လို့ လူပြောများတယ်။ အဲဒီ ကိုယ့်နာမည်ပျက်ကြီးကို မင်းစိတ်မညစ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်းအင်း. . . မညစ်ပါဘူး၊ ကိုနောင့်ဆီမှာ မေသူ့ကို ဆွဲဆောင်ထားနိုင်တဲ့ အချက်လေးချက်တောင်ရှိတယ်"

"ဟာ. . . တယ်ဟုတ်ပါလား၊ ပြောပြစမ်းပါဦး မေသူရဲ့။ စိတ်ကြီးဝင်ပြီး ဘဝင်လေးဘာလေးမြင့်ရတာပေ့ါ"

နှစ်ယောက်သား ရယ်သံတွေကြားမှာ တဖြည်းဖြည်းနှင့် ကျွမ်းဝင်ရင်းနှီးစပြုလာခဲ့သည်။ သူတို့ပြောသမျှကို သူငယ်ချင်းအုပ်စု နှစ်စုစလုံးက သဲသဲကွဲကွဲ မကြားရဘဲ အတင်းလိုက်ပြီးနားထောင်နေကြ၏။

"ဟုတ်ပြီ၊ အဲဒါဆိုရင် အချက်လေးချက်ကို မေသူ ပြောပြမယ်၊ ကိုနောင် သေချာနားထောင်နော်"

"ဟုတ်ကဲ့၊ ကျွန်တော်မျိုးကြီး မေသူပြောသမျှအားလုံးကို အသေအချာ နားထောင်နေပါတယ်ခင်ဗျာ"

နောင်နောင်သည် စကားကို ရွဲ့ပြောရုံသာမက မျက်နှာပြောင်ချော်ချော်နှင့် လက်ကလည်း ကိုယ့်နားရွက်ကိုယ်ဆွဲပြီး နားထောင်သည့်အဓိပ္ပာယ်မျိုးပေါက်အောင် လုပ်ပြနေ၏။ မေသူက အချက်လေးချက်ကို ဆက်၍ပြောပါသည်။

"ပထမအချက်ကို အရင်ပြောမယ်၊ ဒီလိုလေ ကိုနောင်ရဲ့။ မေသူတို့၊ ကိုနောင်တို့တွေက ဗုဒ္ဓဘာသာ၊ မြန်မာလူမျိုးတွေ မဟုတ်လား"

"ဟုတ်တာပေ့ါ"

"အဲဒီမှာ ဆရာတော်ရှင်ဇနကာဘိဝံသက လူတွေကို ဇနနည်း၊

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နည်းအတွက် ဆုံးမဟောကြားထားတာတွေရှိတယ်၊ ကိုနောင်လည်း သိပြီးသားဖြစ်မှာပါ။ ဆရာတော်ဟောထားတဲ့အထဲမှာ ထိပ်ဆုံးအချက်က စိတ်ကောင်းရှိဖို့ ပထမတဲ့။ ကိုနောင့်ကို အားလုံးက ဆိုးတယ်လို့သာ ဝိုင်းပြောကြပေမယ့် တကယ်တမ်းမှာ ဆရာ၊ ဆရာမတွေရော၊ အတန်းဖော် သူငယ်ချင်းတွေရော အားလုံးက ချစ်ကြ၊ ခင်ကြတာပဲ မဟုတ်လား။ အဲဒါ ကိုနောင့်ဆီမှာ ဖြူစင်တဲ့ စိတ်ကောင်းစေတနာကောင်းရှိလို့ပဲ။ ကိုနောင့်မှာ စိတ်ကောင်းလေးရှိနေတာကိုက မေသူ့ကို ဆွဲဆောင်ထားနိုင်တဲ့ အချက်တွေထဲမှာ နံပါတ်တစ်ပေါ့နော်”

မေသူက စကားကို ခဏနား၏။ နောင်နောင်က သူမ၏ လူနှင့် စကားမလိုက်ဖက်ပုံအား အံ့ဩတကြီးဖြစ်နေခဲ့သည်။ “ဒါတောင် တစ်ချက်ပဲရှိသေးတယ်၊ နောက်ဘာတွေလာဦးမလဲ မသိဘူး” ဟု သူက စိတ်ထဲမှာ တွေးနေမိ၏။ ထိုစဉ် မေသူ့ဆီမှ စကားသံ ပြန်ထွက်လာလေသည်။

“နံပါတ်နှစ်အချက်၊ ကိုနောင်က အရပ်မြင့်တယ်။ မေသူ ငယ်ငယ်ကတည်းက အရပ်မြင့်တဲ့ ယောကျ်ားတွေဆို အရမ်းသဘောကျတာ ကိုနောင်ရဲ့။ ကိုနောင့်အရပ်က ငါးပေဆယ့်တစ်လောက်ရှိမယ်ထင်တယ် နော်၊ ဟုတ်လား ကိုနောင်”

သူက သူမ၏မေးခွန်းကြောင့် သိပ်ရှည်ရှည်ဝေးဝေး မပြောနိုင်ဘဲ ခေါင်းသာညိတ်ပြလိုက်မိ၏။ နောင်နောင့်မှာ အံ့ဩပြီးရင်း အံ့ဩနေ

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ သူမပြောသော ငါးပေဆယ့်တစ်လက်မသည် သူ့အရပ်အတိုင်း အတိအကျကြီးဖြစ်နေ၏။

"နံပါတ်သုံးအချက်က. . ."

မေသူသည် စကားကိုဆုံးအောင် မပြောဘဲ တန်းလန်းကြီး ရပ်ထားကာ သူ့အား အကဲခတ်ကြည့်နေပြန်သည်။

"ပြောလေ မေသူရဲ့၊ ကိုယ်နားထောင်နေပါတယ်"

"မေသူပြောရင် ကိုနောင်စိတ်မဆိုးရဘူးနော်၊ ဘယ်လိုလဲ"

"အင်းပါ၊ ပြောသာပြော ကိုယ်လုံးဝ စိတ်မဆိုးဘူး"

"တကယ်နော်၊ အဲဒါဆိုပြောပြီ။ နံပါတ်သုံးအချက် ကိုနောင်က ရုပ်အရမ်းမချောဘူး၊ သိလား။ မေသူက ရုပ်အရမ်းချောတဲ့ ကောင်တွေကို လုံးဝမကြိုက်ဘူး"

"ဟူး. . . တော်ပါသေးရဲ့"

BURMESE CLASSIC .com

နောင်နောင်ခမျာ "ဘာပြောမှာလဲ" ဆိုပြီး ရင်တထိတ်ထိတ်နဲ့ နားထောင်နေရာ အခုမှ သက်ပြင်းချနိုင်တော့၏။ သူကလည်း ယောကျ်ား လေးလုပ်ပြီး ရုပ်အရမ်းချောတဲ့ကောင်တွေကို အမြင်ကတ်သူဖြစ်ပါသည်။ (မနာလိုဖြစ်တာဟုလည်း ထင်ချင်ထင်နိုင်ပါသည်) မေသူက မပြီးဆုံးသေးသော သူမစကားကို ဆက်ပြောနေ၏။

"နောက်ဆုံးအချက်ပေါ့နော်၊ အဲဒါက ဘာလဲဆိုတော့ ကို နောင်က I,Q မြင့်တာပဲ။ လူတစ်ယောက်ကို စကားပြောကြည့်လိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ မေသူသိတယ်။ ကိုနောင့်ခေါင်းက Knowledge အဆင့်မဟုတ်ဘူး၊ Wisdom အဆင့် သိရဲ့လား။ Wisdom အဆင့်မှာက Ethics (နီတိ) တွေပါ ပါ,လာပြီ။ အကောင်း၊ အဆိုးကို ဝေဖန်ပိုင်းခြားနိုင်တဲ့ အသိလည်း ကိုနောင့်မှာရှိတယ်။ အမြဲလိုလို သူများတကာထက် ကိုနောင်သာနေတာ အဲဒါတွေကြောင့်ပဲ”

မေသူပြောသွားတဲ့ နောက်ဆုံးအချက်အဆုံးမှာ သူ တကယ်ပဲ ရင်သပ်ရှုမော ဖြစ်မိသွားသည်။ သူမ ပြောမှ ကိုယ်ကိုယ့်ကိုတောင် နည်းနည်းဘဝင်မြင့်ချင်လာ၏။

ဒီကမ္ဘာကြီးပေါ်မှာ ဘယ်ကောင်မလေးကများ ချစ်သူကောင်လေးအပေါ် မေသူ့လို သူမအပေါ် ဆွဲဆောင်နိုင်စွမ်းရှိတဲ့ အချက်တွေကို ပြောပြဖူးခဲ့ပါသလဲ။

နောင်နောင်က သူမအား အကြာကြီး ဆွေးရီစွာ ငေးစိုက်ကြည့်နေခဲ့သည်။ နောက်. . . သူက မေသူ့ကို စကားတစ်ခွန်းသာ ပြန်ပြောလိုက်ပါ၏။

“ကိုယ့်ကို အခုလို ဆွဲဆောင်နိုင်စွမ်းရှိတဲ့ အချက်လေးချက်ကို သိခွင့်ပေးတာ ကိုယ်ဂုဏ်ယူပါတယ်။ မင်းဟာ တစ်ချိန်မှာ ကိုယ့်ကို မုန်းတီးစက်ဆုပ်သွားတဲ့အချက်တွေပြောပြီး လမ်းခွဲစကားပြောတဲ့အခါ အချက်လေးချက်ထက် ပိုမများပါစေနဲ့လို့ပဲ ကိုယ်ဆုတောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ဟာမင်းကို ရူးရူးသွပ်သွပ်ချစ်နေမိပြီမို့လို့ပဲ”

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံးတွင် ကျွမ်းကျင်စွာ လေ့ကျင့်ထားသူတစ်ဦးလို မေသူက လှလှပပလေး ရယ်မောပစ်လိုက်ခြင်းဖြင့် သူတို့နှစ်ယောက်၏ စကားဝိုင်းမှာ နိဂုံးချုပ်သွားပါသည်။ မကြားတစ်ချက်၊ ကြားတစ်ချက် နားထောင်နေရရှာသော သူငယ်ချင်းများက မေသူ နောက်ဆုံးရယ်မော လိုက်သည့်ကိစ္စအား နားမလည်နိုင်ဘဲရှိ၏။ ရယ်နေသော မေသူ့ကို နားလည်နိုင်သူကတော့ သူတစ်ယောက်တည်းသာ ရှိပါသည်။

နောင်နောင်က သူငယ်ချင်းများကို သူ့ဝိုင်းသို့ ကူးလာနိုင်ပြီ ဖြစ်ကြောင်း အချက်ပြလိုက်၏။ အောင်ခိုင်တို့အုပ်စု ဝိုင်းပြောင်းသွားတာ ကိုမြင်တော့ မေသူ့သူငယ်ချင်းတွေလည်း သူတို့နှစ်ယောက်ဝိုင်းဆီ ကူး လာကြသည်။ ထိုအခါ လူခြောက်ယောက်သာ ထိုင်ရမည့်စားပွဲဝိုင်းသည် စုစုပေါင်း ကိုးယောက်ဖြစ်သွားပြီး လူတွေအုံနေ၏။ စိတ်ဝင်တစားဖြစ် နေသည့် သူငယ်ချင်းများ၏ မျက်နှာအမူအရာတွေကြောင့် နောင်နောင်က သူတို့နှစ်ယောက်၏ ဆက်ဆံရေးအား ကြေညာချက်ထုတ်ပြန်လိုက်ပါ သည်။

"အခုချိန်ကစပြီး ငါနဲ့မေသူဟာ ချစ်သူတွေဖြစ်သွားကြပြီ။ ဒီတော့ အဲဒီအထိမ်းအမှတ်အဖြစ် ဒီနေ့ စားသောက်သမျှအားလုံးကို ကိုလှသန်းဆီမှာ ငါ့နာမည်နဲ့ အကြွေးစာရင်းမှတ်နိုင်တယ်"

"ဟေး. . ."

ဆူညံစွာပေါ်ထွက်လာသည့် ထို "ဟေး. . ." ဆိုသော သြဘာ

www.burmeseclassic.com

www.burmeseclassic.com



ပေးသံတွေက ယောကျ်ားလေးအုပ်စု၏ သီးသန့်အသံများသာဖြစ်၏။ မိန်းကလေးများက ကြောင်စီစီနှင့် တစ်ယောက်ကိုတစ်ယောက် တိုင်ပင်သလို ကြည့်နေကြသည်။ မေသူကိုယ်တိုင်လည်း မထင်မှတ်ထားသော စကားမို့ နောင်နောင့်ကို မျက်လုံးကြီးပြူးကာ ကြည့်လိုက်မိ၏။ သူက အံ့သြနေသည့် မေသူ့ကို မေးလိုက်ပါသည်။

"မေသူ. . . ဘာကြည့်နေတာလဲ၊ ကိုယ် ဘာဖြစ်လို့လဲ"

သူမလည်း အခုမှ သတိဝင်လာကာ နောင်နောင့် အမေးကို ပြန်ဖြေဖို့ အထစ်ထစ် အငေါ့ငေါ့ဖြစ်နေသည်။

"ဟိုလေ. . . ဟို. . . ဟို၊ ကိုနောင်က ဒီနေ့အထိမ်းအမှတ်ပွဲကို အကြွေးမှတ်ထားဆိုတော့"

မေသူ့စကားက မဆုံးဘဲ တစ်ဝက်နှင့်ရပ်သွား၏။ သူမ စကားမှာ တစ်ဝက်သာဖြစ်သော်လည်း ဆိုလိုရင်းအဓိပ္ပာယ်အပြည့်အစုံကို သူ သဘောပေါက်ပါသည်။ နောင်နောင်က နှစ်ခြိုက်စွာ ပြုံးလိုက်၏။

"ဟုတ်တယ်လေ၊ ကိုယ့်မှာ ပိုက်ဆံမပါလို့ အကြွေးမှတ်ထားခိုင်းတာ။ ဘာလဲ မေသူက ရှက်လို့လား"

"သြော်. . . မေသူတို့က မိန်းကလေးပဲ အမှန်အတိုင်းပြောရရင်တော့ ရှက်တာပေါ့။ ဟိုတစ်ခါလို လူကြားထဲ အကြွေးတောင်းခံရရင် ရှက်စရာကြီး။ အဲဒီအကြွေး (၆၅၀၀) ကိုရော ဆပ်ပြီးပြီလား"

"ဆပ်ပြီးပါပြီ မေသူရဲ့။ အဲဒီအကြွေးဆပ်ပြီးလို့ နောက်ထပ်

www.burmeseclassic.com



အကြွေးထပ်စားထားတာ (၂၃၀၀) ရှိနေပြီ”

“ဟောတော့. . .”

မိန်းကလေးတွေဆီမှ အာမေဋိတ်သံကြီးက တိုက်ထားသလို တညီတညာတည်း ထွက်လာ၏။ ထိုအာမေဋိတ်သံ၏ နောက်ဆက်တွဲအဖြစ် သူက အသံနေအသံထားနှင့် “ချမ်းလိုက်တာ အသည်းကိုတုန်ရောရှင်. . . ဟောတော့” ဟု သီချင်းလုပ်ဆိုကာ နောက်ပြောင်လိုက်ပါသည်။

“ဝါးဟားဟား. . . ဟား. . . ဟား. . .”

အဲဒီနောက်မှာတော့ မိန်းကလေးတွေသာမက ယောကျ်ားလေးတွေဆီကပါ ရယ်သံများ ဆူညံစွာ ထွက်ပေါ်လာ၏။ မေသူမှာ အတန်ကြာအောင်ရယ်နေမိပြီး သူ့လုပ်ရပ်ကို စိတ်တိုရမလို၊ အံ့သြရမလို ဖြစ်နေရသည်။

ဒါဟာ နောင်နောင်မှ နောင်နောင်အစစ်ပဲ။ တစ်ခုခုဆို ချက်ချင်းတုံ့ပြန်နိုင်သူ၊ ဟာသဉာဏ်ရွှင်ကာ ဖြတ်ထိုးဉာဏ်ကောင်းသူ၊ အရှိအတိုင်း ပွင့်လင်းစွာ ပြောပြတတ်သော်လည်း မာနကြီးရမည့်ကိစ္စတွေမှာ မာနကြီးတတ်သူ။

မေသူသည် သူမ၏ ချစ်သူအသစ်စက်စက် နောင်နောင့်အပေါ် ရိုပ်ဖမ်းသံဖမ်းတော့ နားလည်သဘောပေါက်စပြုလာပါသည်။ သူမက ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုနောင်ရယ်. . . ဒီနေ့အထိမ်းအမှတ်အတွက်တော့ သူငယ်ချင်းတွေကို အကြွေးတင်ခံပြီး မကျွေးပါနဲ့။ မေသူ့မှာ ပိုက်ဆံပါပါတယ်။ အဲဒါတွေကို မေသူရှင်းလိုက်မယ်လေ. . . နော်"

"ဟာ. . . မလုပ်ပါနဲ့၊ ဒါက ကိုယ်ရှင်းရမယ့်တာဝန်ပဲ"

"ဟင်. . . အတူတူပဲလေ၊ မေသူ ရှင်းလည်းရတာပဲ မဟုတ်ဘူးလား"

နောင်နောင်က ပြုံးရင်းခေါင်းရမ်းပြလိုက်သည်။

"မဟုတ်ဘူး"

"ဘာဖြစ်လို့"

"ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့မှာ မေသူ့ဆီက အချစ်ကို ကိုယ်အဖြေရတာ။ ကိုယ်က တောင်းခံထားတဲ့လူ၊ မေသူက ပေးတဲ့လူ။ အချစ်လည်းပေးရတယ်၊ ပိုက်ဆံလည်း ကုန်သေးတယ်ဆို ဘယ်ဟုတ်တော့မလဲ"

ကောင်မလေးတွေက တခွိခွိနဲ့ ရယ်ကြပြန်၏။ သူပြောတော့လည်း ဟုတ်သလိုလိုကြီးဖြစ်နေတာမို့ မေသူ ငြိမ်နေလိုက်ရသည်။ ငြိမ်မနေဘဲ သူ့ကို ပြန်အတွန့်တက်ပြီး အနိုင်ရအောင် ပြောဖို့ဆိုတာကလည်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်။ ရုတ်တရက် မေသူ့ခေါင်းထဲကို အကြံတစ်ခုက ဖျတ်ခနဲ ဝင်ရောက်လာ၏။

"ဒါဆို ဒီလိုလုပ် ကိုနောင်"

"ပြောပါဦး၊ ဘယ်လိုလုပ်ရမှာလဲ"

"ကိုနောင့်ကို မေသူ ပိုက်ဆံချေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက အနည်းငယ်စဉ်းစားသလိုလုပ်ကာ သူမ၏ အဆိုပြုချက်ကို သဘောတူလိုက်ပါသည်။

"အင်း. . . ဟုတ်ပြီလေ၊ အဲဒါဆိုရင်တော့ ဖြစ်ပါတယ်"

နောင်နောင့်အဖြေကြောင့် သူမ ပြုံးသွားရသည်။ ထိုအချိန်တွင် ကျော်သူရက သူ့ကို ဝင်နောက်၏။

"အမလေး နောင်နောင်တို့က အကြွေးများရလို့ကတော့ ဆင်တောင်ဝယ်တယ်"

"ဆင်ဝယ်တယ်ဆိုတဲ့ ဥပမာက ဒိတ်အောက်နေပါပြီဟ။ အခုခေတ်က အကြွေးများရလို့ကတော့ မန်ချက်စတာကိုတောင် ဝယ်တယ်လုပ်ရမှာ"

အောင်ခိုင်၏ ကြားဖြတ်ပြက်လုံးကြောင့် သူတို့အားလုံး ဝါးခနဲပွဲကျသွားကြသည်။ သူမက နောင်နောင့်ကို မျက်နှာများပျက်သွားမလားဟု စိုးရိမ်ကာ အလျင်အမြန်ကြည့်မိ၏။ သူက မျက်နှာတစ်ချက်တောင်မပျက်ဘဲ သူ့ထုံးစံအတိုင်း လျှပ်တပြက် တုံ့ပြန်ကာ သူမ၏ စိုးရိမ်မှုကို ချေဖျက်ပစ်လိုက်ပါသည်။

"ဟာ. . . မင်းကလည်း ဒီခေတ်ကြီးက အကြွေးရှိမှ ခေတ်မီတာကွ။ အမေရိကန်လည်း အကြွေးရှိတာပဲ၊ အင်္ဂလန်လည်း အကြွေးရှိတာပဲ၊ မဟုတ်ဘူးလား။ အထူးသဖြင့် တက္ကသိုလ်ကျောင်းသားဘဝ ဖြစ်သန်းမှုမှာ ကျောင်းသားကဒ်လေးကို ကန်တင်းမှာ အပေါင်ထားပြီး အကြွေးစားဖူးရတယ်ကွ၊ ဒါမှ အရသာရှိတာ။ တစ်ချိန်ချိန်ကျရင် နောင်

www.burmeseclassic.com

www.burmeseclassic.com



လာနောက်သားတွေကို ကိုယ့်ရဲ့ကျောင်းသားဘဝအကြောင်း ပြန်ပြောပြတဲ့အခါ အဲဒါတွေက အမှတ်တရလွမ်းဆွတ်စရာလေးတွေပေါ့။ နောက်ကျရင် မပြောနဲ့၊ အခုပြောရင်းနဲ့တောင် တော်တော်အရသာရှိနေပြီ”

သူ့စကားဆုံးတော့ သူငယ်ချင်းတွေအားလုံးက တစ်ယောက်တစ်ပေါက် သဘောတူထောက်ခံကြပါသည်။

“ဟုတ်ပ့ါကွာ”

“ဟုတ်တယ်၊ မှန်တယ်၊ နောင်နောင်ပြောတာ အများကြီးအဓိပ္ပာယ်ရှိတယ်”

“မင်းပြောမှပဲ ငါတောင် ပိုက်ဆံပါလျက်သားနဲ့ ကန်တင်းမှာအကြွေးစားရမလိုဖြစ်နေပြီ”

ဒီကြားထဲ အောင်ခိုင်က သူ့ကို ရယ်စရာပြောသလိုနဲ့ ခြောက်နေပြန်၏။

“အေး. . . အဲဒီလိုတွေ မင်းကြပ်ကြပ်ပြော။ ဟိုမှာတွေ့လားကိုလှသန်းကြီးကြားရင် မင်းကိုလိုက်ရိုက်လို့ ပြေးပေါက်မှားနေဦးမယ်”

သူတို့တွေအားလုံးသည် ဒီနေ့အဖို့ နောင်နောင်ပြောသမျှကို သဘောတူလိုက်၊ ရယ်မောလိုက်၊ ပြန်နောက်ပြောင်လိုက်နှင့်ချက်ချင်းပဲ ငယ်ပေါင်းတွေကဲ့သို့ ခင်မင်ရင်းနှီးသွားကြသည်။ ပြီးတော့ နောင်နောင်အကြွေးနှင့်ကျွေးသော စားသောက်ဖွယ်ရာများကိုလည်း အလျှုအိမ်လို့သဘောထားကာ အားမနာစတမ်းစားကြပြန်၏။ ဒီတစ်ခါ နောင်နောင်

www.burmeseclassic.com

www.burmeseclassic.com



အကြွေးတင်သွားသည့် ကြွေးရှင်က ကိုလှသန်း မဟုတ်တော့။ သူနှင့်ချစ်သူ သက်တမ်း နာရီပိုင်းမျှသာ ရှိသေးသော မေသူဆိုသည့် အံ့သြစရာ ကောင်မလေးဖြစ်လေသည်။

ဒီလိုနှင့် ထိုနေ့က သူတို့အားလုံး အတန်းမတက်ကြဘဲ ညနေ ကျောင်းဆင်းချိန်ထိအောင် ယမ်းဘီလူးဆိုင်မှာထိုင်ကာ ပျော်ရွှင်နေမိကြ၏။ သူမအတွက် အချိန်တွေသည် ဘယ်ကဘယ်လိုကုန်သွားမှန်း မသိ လိုက်အောင် မြန်ဆန်လွန်းလှသည်။ သူများတကာတွေ နောက်ပြောင် ရယ်မောနေချိန်တွင် တစ်ယောက်တည်း ထိန်းချုပ်ဟန်ဆောင်နေရခြင်း ၌ သူမ ပင်ပန်းငြီးငွေ့လာ၏။ ပြီးတော့ သူတို့အားလုံးနှင့် သူမကြားတွင် နံရံတစ်ခု ခြားနားနေသလို ခံစားရ၏။

ပြဿနာ၏ အဖြေကို မေသူတွေးကြည့်မိ၏။ ပြီးခဲ့သော တစ် ပတ်လုံးလုံး ကြိုးစားလေ့ကျင့်ခဲ့သည့် ကိုယ့်ခံစားချက်ကို ဘယ်သူမှ မသိ အောင် ဖုံးကွယ်ထားခြင်းအတတ်သည် သူမအား နှောင့်ယှက်နေတာ ဖြစ်သည်။ ဒါသည် ကိုယ့်ကိုယ်ကို ကာကွယ်ရန်ဖြစ်သော်လည်း ဟန် ဆောင်မှုဆိုတာလည်း မရိုးဖြောင့်ခြင်းတစ်မျိုးသာဖြစ်၏။ ထိုအခါ နောင် နောင့်အပေါ် ရိုးသားစွာ ဆက်ဆံရန်ကိစ္စ၌ မရိုးဖြောင့်သူတစ်ယောက် အဖို့ လိပ်ပြာမလုံသလို သူမ ခံစားရပါသည်။ မေသူက ဟန်ဆောင်ထိန်း ချုပ်သည့် အလေ့အထအား ပြန်လည်၍ မေ့ပစ်လိုက်၏။ သူမ တစ်ကိုယ် လုံး ချက်ချင်းဆိုသလို လွတ်လပ်ပေါ့ပါးလာ၏။ ရိုးသားမှု၏အလှမှာ မေသူက အချစ်ကိုပါ ခံစားချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်တော့ ပထမဆုံးချစ်သူစဖြစ်သည့်နေ့မှာပင် ပိုက်ဆံ (၂၈၅၀) ချေးလိုက်ရသော တက္ကသိုလ်ကျောင်းသူတစ်ယောက်အဖြစ် ကံကော်မြေ၏ ရာဇဝင်၌ မေသူ မှတ်တမ်းဝင်သွားခဲ့၏။

သူ့အတွေးအခေါ်အတိုင်းဆိုပါက အခုကိစ္စသည်လည်း ဂုဏ်ယူစရာတစ်ခုဖြစ်နိုင်သည်ဟုတွေးကာ မေသူ ကြည်နူးပျော်ရွှင်နေမိလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

သူတို့နှစ်ယောက်၏ ချစ်သူဘဝအစပိုင်း ရက်စွဲများသည် မိုးရန့်များနှင့် စွတ်စိုလှပနေခဲ့၏။ တစ်ယောက်ရင်ထဲကိုတစ်ယောက် တိုးဝင်စူးစမ်းကြည့်တော့ မမြင်ရသော စည်းပါးပါးလွှာလွှာတစ်ခုက ရှိနေနှင့်သည်။ ဘာအဓိပ္ပာယ်ရှိမှန်းလည်း သူတို့မသိကြ။ သူတို့နှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် နက်ရှိုင်းစွာ ချစ်ကြ၏။ အပြန်အလှန် နားလည်စာနာပေးပြီး လေးစားမှုလည်း ရှိကြ၏။

ဒါပေမယ့် မိသားစုဘဝချင်း ယှဉ်ရင်တော့ မိစုံ၊ ဖစုံရှိသည့် နောင်နောင်က အဖေပျောက်နေသော မေသူ့ကို အမြဲငဲ့ညှာတတ်သည်။ သူမ၏ ဖခင်မေတ္တာ ငတ်မွတ်နေပုံမှာ သနားစရာကောင်းလှ၏။ နောက်ဆုံးတွင် မနေနိုင်တော့ဘဲ သူမကို အဖေပျောက်လိုက်ရှာဖို့ သူက တိုက်တွန်းမိခဲ့သည်။ သူမ အမေ အပါအဝင် သူမအဖေနှင့် ရင်းနှီးသော

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေများထံမှ သဲလွန်စ ရလိုရငြား မကြာမကြာ မေးမြန်းစပ်စုရန် နောင်နောင်က ညွှန်ကြားထား၏။ မေသူကလည်း ပျောက်ဆုံးနေသော သူမအဖေကို ချစ်သူကိုယ်တိုင် အားတက်သရော ကူညီရှာဖွေပေးနေတာကြောင့် မျှော်လင့်ချက်တွေ ပြန်လည်ရှင်သန်လာတော့သည်။ နောင်နောင်က မျှော်လင့်ချက်တွေနှင့် တတ်ကြွနေသောချစ်သူကို တတ်နိုင်သမျှ ကူညီဖို့ ဆုံးဖြတ်ထား၏။

တကယ်တော့ ငါးနှစ်ကျော်၊ ခြောက်နှစ်နီးပါးလောက် အိမ်မှ ပျောက်သွားသော မေသူ့အဖေကို မိသားစုကတောင် မရှာနိုင်ခဲ့တဲ့ကိစ္စ မှာ သူလို သူစိမ်းတစ်ယောက်က ဘာအားကိုးနဲ့များ လိုက်ရှာနေရသနည်း။ ထိုမေးခွန်း၏အဖြေကို စဉ်းစားမိသောအခါ နောင်နောင်မှာ စိတ်ပျက်စွာ ခေါင်းရမ်းသွားရမြဲဖြစ်၏။

နောင်နောင်သာမက သူငယ်ချင်းတွေကလည်း နောက်ပိုင်းမှာ မေသူ၏ အဖေပျောက်ရှာပုံတော်၌ ပါဝင်လာခဲ့ကြသည်။ သူတို့သည် ပထမဦးစွာ မေသူ့အဖေ ဦးရာကျော်နှင့် ပတ်သက်သောအချက်များကို ဖိုင်တစ်ခုဖွင့်ထားလိုက်ပါသည်။

| | |
|---|---|
| အမည်ရင်း | - ဦးရာကျော် (မွေးချင်းမောင်နှမ မရှိ၊ တစ်ဦးတည်းသောသား) |
| ယခုလက်ရှိအသက် | - (၄၇) နှစ် |
| ငယ်နာမည် | - တောသား |
| အဖအမည် | - ဦးကျော်ရှိန် (ကွယ်လွန်) |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| အမိအမည် | - | ဒေါ်ခင်ခင်ကြီး (ကွယ်လွန်) |
| အလုပ်အကိုင် | - | "မြစ်ဖျားဧရာ" ဆောက်လုပ်ရေးကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ |
| ဇနီးအမည် | - | ဒေါ်မေငြိမ်း |
| သား၊ သမီးများ | - | သမီးတစ်ဦးရှိ (မေသူ) |
| အရင်းနှီးဆုံးမိတ်ဆွေများ | - | (၁) ဦးညီပု (ရွှေနေ) |
| | | (၂) ဒေါက်တာစိုးဝင်း (ဆရာဝန်) |
| | | (၃) ဦးသန့်ဇော် (ကုန်သည်ပွဲစား) |
| | | (၄) ဒေါ်သိန်းရှင် (ငယ်သူငယ်ချင်း ကျောင်းဆရာမ) |
| | | (၅) ဒေါ်ထွေးထွေးစိုး (ရွှေဆိုင်ပိုင်ရှင်) |

သူတို့တွေသည် အထက်ပါအတိုင်း မေသူ့အဖေ၏ ကိုယ်ရေးအကျဉ်းကို ပြုစုလိုက်ပြီးသောအခါ ဦးရာကျော် မပျောက်ဆုံးခင် နောက်ဆုံးပြောခဲ့သည့်စကားများ၊ အဖြစ်အပျက်များကို သိရှိရန် စူးစမ်းကြရပြန်သည်။

အဲဒီတုန်းက မေသူသည် ဆဋ္ဌမတန်းကျောင်းသူတစ်ဦးမျှသာ ရှိသေး၏။ ဦးရာကျော်က ဆောင်းတွင်း မနက်စောစောဆို ပုံမှန်လမ်းလျှောက်ထွက်နေကျဖြစ်သည်။ မေသူက မနက် ခုနစ်နာရီမှ နေ့လည် ဆယ့်နှစ်နာရီအထိ နေ့တစ်ဝက်တက်ရသော ကျောင်းသွားနေချိန်မို့ ဖေဖေ ပျောက်သွားတာကို မသိလိုက်။ မေသူ အိမ်ပြန်ရောက်ချိန်တွင် ဖေဖေ့ကို မတွေ့ရတော့လည်း ခါတိုင်းလိုပင် အလုပ်ကိစ္စနဲ့ ခရီးသွားတာ ဟု့ထင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဘာသိဘာသာပဲ နေခဲ့၏။ (ဦးရာကျော်က တစ်ခါတလေ ခရီးထွက်ရင် ဒီလိုပဲ ငါးရက်၊ တစ်ပတ်လောက်ပျောက်နေတတ်ပြီး အိမ်ပြန်ရောက်လာသည့်အခါ မေသူ့အတွက် အရုပ်တွေ၊ လက်ဆောင်တွေ ပါလာတတ်သည်။)

သို့သော် အခုတစ်ခါမှာတော့ ဖေဖေက တစ်လလောက်ကြာတဲ့အထိ ပြန်မလာသဖြင့် မေသူသည် မေမေ့ကို မေးကြည့်မိ၏။ မေမေက သူမကို ဝေ့လည်ကြောင်ပတ်သာ ပြန်ဖြေသည်။ ပြီးတော့ အခုတလော အိမ်ကလူတွေ (မေမေ့အဒေါ် ဘွားဘွားလေး အန်တီပု၊ မေသူ့ဘွားဘွားကြီး ဒေါ်စောရင်၊ အိမ်ဖော် မစိန်၊ ဒရိုင်ဘာ ကိုသူရိန်တို့) အားလုံးသည် မျက်နှာသိပ်မကောင်းလှ။ သူတို့အားလုံးမှာ တိတ်ဆိတ်စွာ ကိုယ့်အလုပ်ကိုယ်လုပ်လျက် တစ်ယောက်ကိုတစ်ယောက် စကားအပိုတွေလည်း မပြောကြသဖြင့် သူမတို့အိမ်သည် အရင်လိုမဟုတ်ဘဲ ခြောက်သွေ့နေလေသည်။ သိပ်မကြာခင် မေမေက ဖေဖေ့လူ ဒရိုင်ဘာ ကိုသူရိန်ကို အလုပ်ထုတ်ပစ်လိုက်ပြန်၏။

မေသူက ထိုအခြေအနေမျိုးကို ဝမ်းနည်းလှ၏။ မကြာမီ ဖေဖေ့ကို လွမ်းပြီး သူမ အပြင်းဖျားတော့သည်။ တစ်အိမ်လုံးလည်း ယောက်ယက်ခတ်ကာ မေသူ့ကျန်းမာရေးကို အသည်းအသန် ဂရုစိုက်ကြပါ၏။ မေသူ နည်းနည်း နာလန်ထလာမှ မေမေက သူမကို ဖေဖေ ပျောက်ဆုံးနေကြောင်း ပြောပြလေသည်။ အဲဒီတုန်းက သူမမှာ ဖေဖေ့ကိုလည်း လိုက်မရှာတတ်ဘဲ ငိုနေရုံသာ ငိုနေခဲ့ရ၏။

အခုတော့ မေသူသည် အဲဒီအချိန်တုန်းကလို သူငယ်နှပ်စား

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့။ တက္ကသိုလ်ကျောင်းသူကြီးတစ်ယောက်ဖြစ်နေပြီ။ ပြီးတော့ သူမကိစ္စအတွက် ပါဝင်ကူညီကြမည့် သူငယ်ချင်းတွေ အများကြီးလည်း ရှိသည်။ အထူးသဖြင့် သူမ၏ ချစ်သူနောင်နောင်။ သူက ဉာဏ်ပညာ ကြီးမားလှပြီး အရာရာကို အကွက်ချကာ စနစ်တကျ စဉ်းစားတတ်သူ၊ သူ့ကို မေသူ အားကိုးမိသည်။ ဦးသန့်ဇော်တစ်ယောက်မှအပ သူတို့သည် ဦးရာကျော်၏ မိတ်ဆွေတွေကို တစ်လှည့်စီသွားရောက်တွေ့ဆုံမေးမြန်း ကြ၏။ အားလုံးမှာ ပုံမှန်သာဖြစ်ပါသည်။

အထူးခြားဆုံး သဲလွန်စအဖြစ် ဦးရာကျော်၏ သူငယ်ချင်းလည်း ဖြစ်၊ ရှေ့နေလည်းဖြစ်သော ဦးညီပုထံမှ တစ်စွန်းတစ်စ စီးပွားရေး အနေ အထားကို သိခဲ့ရ၏။ မေသူ့ဖေဖေမှာ မပျောက်ဆုံးမီ နှစ်လခန့်အထိ သူ့သူငယ်ချင်းတစ်ဦးဖြစ်သူ ကုန်သည်ဦးသန့်ဇော်ထံတွင် ဘာကြောင့်မှန်း မသိရဘဲ ငွေ သိန်းငါးရာ အကြွေးတင်နေသည့်သတင်းဖြစ်သည်။ လက်ရှိ သူမတို့နေသော အိမ်နှင့်ခြံကို ထိုအကြွေးအတွက် ဖေဖေက ဦးသန့်ဇော် အား အပေါင်ထားပြီး မေမေ့ကိုပင် အသိမပေးဖို့ ဦးညီပုကို နှုတ်ပိတ်ထား ကြောင်း၊ ထိုအပေါင်ခံသည့်စာချုပ်ကို ဦးညီပုကိုယ်တိုင် ရေးပေးခဲ့ရ ကြောင်း၊ ဖေဖေက အကြွေးတွေရှိသော်လည်း ဟန်မပျက်နေခဲ့ကြောင်း၊ အခုတော့ အချိန်တွေ ကြာလွန်လှပြီမို့ရော. . . သမီးမေသူ၏ အလွန် ပြင်းပြသောဆန္ဒကြောင့်ရော သူက အမှန်တရားတစ်ခုအား အသိပေးခြင်း ဖြစ်ကြောင်း ဦးညီပုက ပြောပြခဲ့သည်။ ယခုအခါ လူပျိုကြီး ဦးညီပုသည် ရှေ့နေအလုပ်မှ အချိန်မတိုင်ခင် အနားယူခဲ့ရပြီး တရားမွေ့နှင့်သာ ပျော် မွေ့အချိန်ကုန်နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



နောင်နောင်က ဦးဆောင်ကာ ဦးသန့်ဇော်၏သတင်းကို စုံစမ်းကြည့်တော့ လွန်ခဲ့သောငါးနှစ်ခန့်က နိုင်ငံခြားသို့ အပြီးပြောင်းသွားသည်ဟု အိမ်နီးချင်းများထံမှ ကြားရ၏။ ဦးသန့်ဇော် ထွက်သွားသည့် နိုင်ငံအမည်နှင့်လိပ်စာကို မေးစမ်းကြည့်ကြရာတွင် ရေရေရာရာ မရှိဘဲ အမေရိကန်လိုလို၊ ကနေဒါလိုလို ဖြစ်နေသည်။

ဒီမှာတင် သူတို့အတွက် လမ်းစပျောက်သွားခဲ့၏။ နောက်ထပ်သူတို့သိရသည်မှာ ဦးသန့်ဇော်က ငယ်ငယ်ရွယ်ရွယ်သာ ရှိသေးသည့် ဇနီးဆုံးသွားပြီးကတည်းက နောက်ထပ်အိမ်ထောင်မပြုတော့ဘဲ တစ်ကိုယ်တည်းသမားဘဝကို ခံယူခဲ့သည်။ အပျော်အပါး မက်မောလွန်ကျူးတတ်၍ ငွေရှာရာ၌လည်း ပါးနပ်ကျွမ်းကျင်လွန်းသူဖြစ်၏။ သူ့မှာ လျှို့ဝှက်ချက်တွေများသည်။ ဒါက သူတို့သိရသည့်အချက်အလက်များဖြစ်ပါ၏။

သူတို့အုပ်စုသည် ဦးသန့်ဇော်ကို ဆက်လက်ခြေရာခံရန် လမ်းစပျောက်နေသော်လည်း စိတ်မပျက်ကြ။ မေသူက သူမအမေထံမှ အိမ်နှင့်ခြံဂရမ်စာချုပ်တွေကို ကျောင်းသို့ယူလာကာ နောင်နောင်အားပြ၏။ နားလည်တတ်ကျွမ်းသူများနှင့် အိမ်ဂရမ်စာချုပ်တွေကို စစ်ဆေးရာတွင်လည်း ဂရမ်စာချုပ်တွေက အစစ်တွေဖြစ်ပါသည်။ နောင်နောင်မှာ များစွာ နားမလည်နိုင်အောင် ဖြစ်နေရ၏။

မိုးရာသီ၏ ကျောက်တက်ရက်များတွင် သူတို့အဖွဲ့ကိုးယောက်တွဲကြီးသည် အရင်လို ဗရုတ်သိပ်မကျတော့ဘဲ ကန်တင်း၌ စုဝေးတိုင်ပင်နေပုံကို တွေ့နိုင်သည်။ နောင်နောင်နှင့်မေသူတို့နှစ်ယောက်မှာ ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



စုံတွဲများကဲ့သို့ မနေဘဲ တခြားသူငယ်ချင်းတွေပုံစံအတိုင်းသာ ရှိကြ၏။ သူတို့အုပ်စုအတွင်း အခုကဲ့သို့ စိတ်ဝင်စားစရာကိစ္စတစ်ခုရှိနေခြင်းက လည်း တစ်မျိုးပျော်စရာကောင်းပါသည်။

ထိုအခြေအနေ၌ မေသူသည် သူမ အမေ ဒေါ်မေငြိမ်းထံမှ ဦးရာကျော်၊ ဦးသန့်ဇော်နှင့် ဦးညီပုတို့သုံးယောက်တွဲ ရိုက်ထားသော ဓာတ်ပုံတစ်ပုံကို ရရှိလာ၏။ မေသူက မေမေ့ကို ဦးညီပုဆီမှ သိခဲ့ရသော ဖေဖေ့အကြွေးတွေကိစ္စကို လျှို့ဝှက်ထားလိုက်သည်။ ဦးသန့်ဇော်အား သူတို့က ဓာတ်ပုံထဲတွင် မျိုးစုံခန့်မှန်းနေကြသည်။ နောင်နောင်က အဲဒီ ဓာတ်ပုံကို ကြည့်ကာ ပြော၏။

"အခုအတိုင်းဆိုရင် ဦးသန့်ဇော်က အရမ်းစိတ်ဝင်စားစရာဖြစ် နေပြီ။ မေသူ့အဖေပျောက်သွားတဲ့ အချိန်နဲ့ သိပ်မကွာဘဲ ဦးသန့်ဇော်က နိုင်ငံခြားသွားမယ်ဆိုပြီး ခြေရာဖျောက်သွားခဲ့တယ်။ ဒါက နံပါတ်တစ် မသင်္ကာစရာအချက်။ နောက်တစ်ခုက ဦးရာကျော်က သူ့ဆီမှာ အကြွေး တွေ ဒီလောက်အများကြီး ဘာကြောင့်တင်နေရတာလဲ။ သူတို့နှစ်ယောက် ဘာတွေလုပ်ကြသလဲ။ ပြီးတော့ အိမ်ဂရမ်နဲ့ခြံဂရမ်ဟာ မေသူတို့ဆီ ပုံစံ မပျက်ဘဲ နှစ်လအတွင်း ပြန်ရအောင် အဲဒီအကြွေးတွေကို ဦးရာကျော်က ဘယ်လိုပြန်ဆပ်ခဲ့သလဲ. . . ဆိုတာ စဉ်းစားစရာကောင်းတယ်"

မေသူသည် အချက်အလက်ပေါင်းများစွာကို ထောင့်စေ့အောင် စဉ်းစားပြနေသော နောင့်နောင့်ကို စိတ်ထဲမှ ချီးကျူးလိုက်မိသည်။ နောက်. . . သူမတွေးမိသွားသည့်အချက်တစ်ခုကိုလည်း သူ့အား ပြောပြ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေအားလုံး တစ်ခုမှ မဟုတ်ခဲ့ဘူးဆိုရင်ရော"

"ဒါဆိုရင်တော့ ဖြစ်စရာတစ်ခုပဲရှိတယ်၊ အဲဒါက ဦးညီပု လိမ်ပြောတာပဲ ဖြစ်လိမ့်မယ်"

ထိုအခါ သူမက အတင်းဝင်ငြင်းမိတော့သည်။

"အဲဒီကိစ္စက လုံးဝမဖြစ်နိုင်ပါဘူး၊ ဦးညီပုကိုတော့ မေသူ အပြည့်အဝ တာဝန်ယူနိုင်တယ်။ နောက်ပြီးတော့ ဦးညီပုလိုလူကြီးတစ်ယောက်က လုံးဝမဟုတ်တဲ့ကိစ္စတစ်ခုကို အကျိုးမရှိဘဲ လိမ်ပြောစရာ ဘာအကြောင်းမှ မရှိဘူး"

"ဒါဆိုရင်တော့ ကိုယ် စောစောက ဦးသန့်ဇော်နဲ့ပတ်သက်လို့ ပြောခဲ့တဲ့ အချက်တွေဟာ သံသယဖြစ်ဖို့ အကောင်းဆုံးမေးခွန်းတွေပဲ"

ရုတ်တရက် အောင်ခိုင်က ဦးရာကျော်တို့ သုံးယောက်တွဲ ဓာတ်ပုံလေးကို ကိုင်၍ အကြံတစ်ခုဝင်ပေးသည်။

"ဟောဒီဓာတ်ပုံကို ဦးညီပုဆီယူသွားပြီး ပြကြည့်ပါလား၊ အကြောင်းတစ်ခုခု ထပ်ထူးသွားနိုင်တယ်"

အောင်ခိုင့်အကြံကို စန္ဒာက ဝင်ကန့်ကွက်ပါ၏။

"ဟာ. . . နင်ကလည်း သူ့ဘာသာသူ တရားဓမ္မနဲ့ ပျော်မွေ့နေတဲ့လူကြီးတစ်ယောက်ကို သက်သက်မဲ့သွားပြီး ဒုက္ခမပေးစမ်းပါနဲ့၊ ဦးညီပုက ဟိုတစ်ခါကတည်းက သူသိထားသမျှကို စကားကုန်ပြောတာလို့ ပြောခဲ့ပြီးပြီပဲ"

"ဟုတ်တယ်. . ."

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ. . . ဟုတ်သားပဲ၊ ဦးညီပုဆီ ထပ်မသွားပါနဲ့"

အစွယ်လေးနဲ့ ဟိဟိက စန္ဒာ့စကားကို ဝိုင်း၍ ထောက်ခံကြသဖြင့် အောင်ခိုင်လည်း ထပ်မပြောသာဘဲ ငြိမ်သွား၏။ အညာသား ကပ်စေးနဲ့ ချစ်တီးက စန္ဒာ့ကို လိုက်ကြည့်နေသည်။ ချစ်တီးက စန္ဒာ့ကို စိတ်ဝင်စားနေတာ အားလုံးက ရိပ်မိနေကြပြီ။ သို့သော် ချစ်တီးက တစ်ခွန်းမှ ဖွင့်မပြောသေးဘဲ အမူအရာဖြင့်သာ စန္ဒာ့ကို ဂရုစိုက်ကြောင်း အား ပြသသည်။ ဒီလိုအချိန်မျိုးမှာ ချစ်တီးက လုံးဝ အမှားအယွင်း မရှိအောင်၊ အမှတ်ပြည့်ယူနိုင်အောင် ပါးနပ်စွာ နေထိုင်၏။ တစ်နည်းအားဖြင့် ဟန်လုပ်သည်။ ကပ်စေးနဲ့ကောင်က အခုမှ စန္ဒာ့ရှေ့မှာ တစ်ဝိုင်းလုံး ရှင်းတာတွေဘာတွေလုပ်နေ၏။

ဒါကို ကြည့်မရဖြစ်နေသည့် သူ့ရဲ့အချစ်တော် ငယ်သူငယ်ချင်း ဗိုက်ကြီးက ငွေသုံးစွဲရာ၌ လက်လွယ်သော စန္ဒာ့အကြောင်းကို တွေးမိပြီး ချစ်တီးအား နှိပ်ကွပ်ရန် အကွက်တွေ့သွား၏။

"သူငယ်ချင်းချစ်တီးရာ၊ မင်း အခုတလော ရက်ရောလှချည်လားကွ၊ အရင်ကနဲ့ လုံးဝ မတူတော့ပါလား"

ဗိုက်ကြီးက ဒီလောက်နှင့် အစပျိုးလွှတ်လိုက်ပြီး မသိမသာ အကဲဖမ်းကြည့်မိသည်။ ချစ်တီးမှာ ဗိုက်ကြီး စောစောက ပြောလိုက်သည့် စကားထောင်ချောက်အား မမြင်ဘဲ ဘဝင်ခွေ့သွား၏။

"စေတနာပေါ့ သူငယ်ချင်းရယ်၊ ငါက သူငယ်ချင်းတွေအတွက်ဆို ဘယ်လောက်ဖြစ်ဖြစ် ထွက်ပါတယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ဗိုက်ကြီးက ချစ်တီးကို ပူးသတ်လေတော့သည်။

"ကျားသားမိုးကြိုး မဖြစ်နိုင်တာကွာ။ မင်း အရင်ကဆို အရမ်း ကပ်စေးနှဲတာ၊ မုံရွာမှာ ငယ်ပေါင်းတွေ ဘယ်သူမေးမေး သိတယ်"

ချစ်တီးက သူ့ကို ဗိုက်ကြီးဖြုတ်ပြီဟု ချက်ချင်းသဘောပေါက်သွားကာ ဒေါသထွက်မိသွားပါသည်။ စန္ဒာက လှမ်းကြည့်လိုက်သဖြင့် သူ ရှက်သွား၏။

"အောင်မာ. . . အထစ်ကောင်ကများ၊ ငါ့ကို မင်းလိုများ ထင်နေလို့လား"

"လာသေးတယ်၊ ကပ်စေးနှဲကော်တရာကောင်က. . . ငါ အခု ပြောနေတာ ထစ်လို့လား၊ မင်းထက်တောင် မြန်သေးတယ်"

သူ့စကားကြောင့် အားလုံးမှာ ပြုံးသွားကြသည်။ သူပြောတာ ဟုတ်တော့လည်းဟုတ်၏။ ဗိုက်ကြီးက အခုတော့ စကားပြောသမျှ ဖြောင့်တန်းလို့၊ ကြည်မြပီသလို့။

"အောင်မာ. . . ငထစ်ကများ အကြောင်းမသိတာကျနေတာပဲ။ တစ်ခါတလေ ကံကောင်းလို့ လေပေးဖြောင့်တာ အဟုတ်မှတ်မနေနဲ့"

"အေး. . . ငါစကားထစ်တာ ဘာမှမဖြစ်ဘူး။ မင်းက မရိုးသားတာ၊ ကိုယ် ပိုးနေတဲ့ကောင်မလေးရှေ့ရောက်မှ သဒ္ဓါချင်ယောင်ဆောင်တာ မဟုတ်ဘူး၊ နားလည်လား။ အင်း. . . ဒါပေမယ့် မင်းချစ်တီးကျတာ မျိုးရိုးလိုက်တာဆိုတော့ မင်းအလွန်ချည်းပဲတော့ မဟုတ်ပါဘူး"

"ဟော့ကောင် မင်းမဆိုင်တာတွေ ထည့်မပြောနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ မင်းတို့အဖေဆိုလည်း ချစ်တီး၊ မင်းအမေလည်း အဲဒီအတိုင်းပဲ။ ဆီငါးကျပ်သားကို တစ်ပတ်လောက်သုံးတယ်။ ငယ်ငယ်တုန်းက မင်းတို့အိမ်မှာ ရေခဲသေတ္တာဝယ်လာတော့ ပတ္တာရိုက်ပြီး သော့ခတ်ဖို့ ကြိုးစားတာ ဘယ်သူလဲ၊ မင်းအဖေ ဦးကပ်စီးမဟုတ်ဘူးလား"

ဗိုက်ကြီးစကားကြောင့် နားထောင်နေသော သူငယ်ချင်းတွေအားလုံး ဝါးခနဲ ပွဲကျသွားကြသည်။ အထူးသဖြင့် မိန်းကလေးများမှာ တခွိခွိနှင့် ရယ်မဆုံးနိုင်အောင် ဖြစ်နေရ၏။ သူပြောတာမှန်နေသဖြင့် ချစ်တီးက ဗိုက်ကြီးအား ဘာမှပြန်မချေပတော့ဘဲ မျက်ထောင့်နီကြီးနဲ့ ကြည့်နေလေသည်။ မေသူက စန္ဒာ့ကို နောက်ပါသည်။

"စန္ဒာရယ်. . . နင်အသုံးကြမ်းပုံမျိုးနဲ့ အဲဒီလိုယောက္ခမမျိုးနဲ့ ဖြစ်ပါ့မလား"

စန္ဒာက ဘာမှပြန်မပြောဘဲ ရယ်ရင်းနှင့် လက်ကိုခါပြ၏။ ချစ်တီးက အဲဒါကိုမြင်ပြီး ရှက်ကာ ဝိုင်းထဲမှ မပြောမဆို ထ,ထွက်သွားတော့သည်။

အခြေအနေတွေက ရုတ်တရက် ရှုပ်ထွေးသွား၏။ စောစောက ရယ်နေသောအသံများ တိတ်ဆိတ်ကာ သူတို့အားလုံး ချစ်တီးပေါ် စိုးရိမ်စိတ်တွေဝင်လာလေသည်။ စန္ဒာ့မျက်နှာမှာ စိတ်မကောင်း ဖြစ်နေတာ သိသာလှ၏။ အောင်ခိုင်နဲ့ နောင်နောင်က ချစ်တီးနောက်ကို ထလိုက်သွားကြသည်။ စန္ဒာက သူမ ဆက်ဆော့ပြီး လက်ခါပြမိလို့ ဖြစ်ရတာဆိုပြီး ကိုယ့်ကိုယ်ကို အပြစ်တင်မဆုံးဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ကြီးခမျာ မျက်နှာငယ်ကလေးနှင့် သူ့ပယောဂမကင်းဘူး ဟူသည့်အသိကြောင့် ချစ်တီး တစ်ခုခုဖြစ်သွားမှာကို စိတ်ပူမိပါသည်။

ခဏကြာတော့ သူတို့အားလုံး မြင်ကွင်းတစ်ခုကြောင့် ပြုံးသွားကြ၏။ ချစ်တီးမှာ နောင်နောင်နှင့်အောင်ခိုင်တို့ ခြံရံလျက် သူတို့ဝိုင်းသို့ ပြန်လိုက်လာခဲ့သည်။ ချစ်တီးကို ဆယ့်ငါးမိနစ်လောက်အတွင်း နောင်နောင်တို့ ဘယ်လိုပြန်ချော့ခေါ်လာသည်မသိ။ သူ့မျက်နှာအမူအရာတွေက မယုံရဲသလို ဖြစ်နေ၏။

နောင်နောင်က စန္ဒာ့ကို ဘယ်သူမှ မမြင်အောင် အမြန်မျက်စိမှိတ်ပြလိုက်ပြီး ဘေးနားမှာ ကပ်လျက်ထိုင်လိုက်သည်။ ချစ်တီးသည် မျက်နှာကြီးတစ်ခုလုံးနီမြန်းနေကာ စန္ဒာ့ကို မကြည့်ဘဲ အဝေးကြီးက အဆောင်ခေါင်မိုးတွေဆီ ရှက်ကိုးရှက်ကန်း လှမ်းကြည့်နေ၏။ ထိုခဏ၌ နောင်နောင်သည် စန္ဒာ့နားသို့ကပ်ပြီး "နင့်ကို ချစ်တီးက ဟုတ်လားလို့ မေးရင် ခေါင်းညိတ်ပြနော်" ဟုပြောလိုက်သည်။ စန္ဒာကလည်း နောင်နောင့်စကားကို လိုက်နာမည့်အကြောင်း ခေါင်းတစ်ချက်ပြန်ညိတ်ပြ၏။ နောင်နောင်နှင့် စန္ဒာ၏ ထိုအပေးအယူကို အောင်ခိုင်တစ်ယောက်မှအပ ဘယ်သူမျှမသိချေ။

ချစ်တီးက ဟိုဟိုသည်သည် လှမ်းကြည့်နေရာမှ မျက်နှာချင်းဆိုင်ရှိ စန္ဒာ့ကို စူးစူးစိုက်စိုက်ကြည့်ချလိုက်သည်။ အကြည့်ချင်းဆုံချိန်တွင် စောစောတုန်းက သူမ၏ အပြုအမူအတွက် စန္ဒာက တောင်းပန်သည့်သဘောဖြင့် ပြုံးပြမိ၏။ ချစ်တီးသည် သူ့ကို နှစ်လိုဖွယ်ပြုံးပြနေသော

www.burmeseclassic.com

www.burmeseclassic.com



စန္ဒာ့ကြောင့် ရင်တွေ တဒိန်းဒိန်း ခုန်လျက်ရှိလေသည်။ နောင်နောင်တို့ ပြောတာ အမှန်ပဲဖြစ်မှာ. . . ဟုလည်း သူယုံကြည်သွား၏။ ချစ်တီး အသံက တုန်ခါစွာ ပေါ်ထွက်လာသည်။

"စန္ဒာ. . . ဟုတ်လားဟင်"

စန္ဒာက နောင်နောင် သင်ပေးထားသည့်အတိုင်း ခေါင်းကို ညိတ်ပြလိုက်၏။ ရုတ်တရက် ချစ်တီး၏ မျက်နှာပေါ်၌ မယုံနိုင်ခြင်းတွေ ယှက်သန်းဖြတ်ပြေးသွားကြသည်။

ပြီးတော့ ချစ်တီးက ဝိုင်းထဲမှ ဝမ်းသာအားရ ထခုန်ကာ "ဟေး" ခနဲ အော်ချလိုက်သည်။ တစ်ဆက်တည်း သူက လက်သီး၊ လက်မောင်းလည်း တန်းလိုက်သေး၏။

နောက်. . . ချစ်တီးတစ်ယောက် ဘာမပြော၊ ညာမပြော သူတို့ ထိုင်နေသောဝိုင်းနှင့် ဆန့်ကျင်ရာဆီသို့ အော်ဟစ်ထွက်ပြေးသွားလေတော့သည်။ အားလုံးမှာ အံ့အားသင့်စွာ ငေးကြောင်ကြည့်နေကြ၏။

ဒီတစ်ခါတော့ သူ့နောက်ကို နောင်နောင်ရော၊ အောင်ခိုင်ပါ လိုက်မသွားကြတော့။ သူတို့က စန္ဒာ့ကိုသာ ပြုံးစိစိနှင့် ကြည့်နေမိ၏။ ဘာဖြစ်သွားသည်ကို နားမလည်ကြဘဲ သူငယ်ချင်းတွေက နောင်နောင်နှင့်အောင်ခိုင်တို့ ရှင်းပြမည့်အချိန်ကို စောင့်နေကြပါသည်။ နောင်နောင့်ကို မေသူက စိတ်မရှည်နိုင်ဘဲ ပခုံးကို တွန်းထိုး၍မေး၏။

"ချစ်တီးက ဘာဖြစ်သွားလဲဟင် ကိုနောင်"

"သူ ရည်းစားရသွားလို့ ပျော်သွားတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . သူက ဘယ်သူနဲ့ ရည်းစားဖြစ်သွားတာလဲ"

နောင်နောင်က စန္ဒာ့မျက်နှာတည့်တည့်ကို လက်ညှိုးထိုးပြလိုက်ရင်း ပါးစပ်ကလည်း "သူနဲ့" ဟု ဖြေလိုက်ပါသည်။ စန္ဒာက အခုမှပင် အခြေအနေကို ဆက်စပ်သဘောပေါက်သွားပြီး ရှက်လွန်းသဖြင့် လဲသာသေပစ်လိုက်ချင်နေတော့၏။

အဲဒီမှာ အောင်ခိုင်က နားမလည်သေးသော ကျန်သူငယ်ချင်းများကို ဝင်ရှင်းပြပါသည်။

"စောစောတုန်းက ချစ်တီး ရှက်ပြီး ထွက်ပြေးသွားတာကို ငါတို့ခေါ်တော့ ဘယ်လိုပြောပြီး ခေါ်လာခဲ့သလဲ၊ သိလား"

သိချင်လွန်းလှပြီမို့ စိတ်မရှည်တော့ဘဲ ဟိဟို့က အောင်ခိုင်ကို ထ,ဟောက်ပါသည်။

"မသိလို့နားထောင်နေတာပေါ့ သေနာကောင်ရဲ့။ ပြောစရာရှိတာကို မြန်မြန်ပြောတာ မဟုတ်ဘူး"

အောင်ခိုင်က အဟောက်ခံရတာကို မမှုဘဲ ပြုံးဖြဲဖြဲလေး ဆက်ပြော၏။

"ဘယ်လိုပြောခဲ့သလဲဆိုတော့ နောင်နောင်က ချစ်တီးရယ်. . . မင်းကို စန္ဒာက ပြောခိုင်းလိုက်တယ်၊ သူနောက်တာပါတဲ့။ မင်းကို အရှက်ခွဲတာ မဟုတ်ပါဘူး။ သူက မင်းကိုချစ်ပါတယ်တဲ့၊ သူ့ကို မင်းက ချစ်တယ်ဆိုရင် ပြန်လိုက်ခဲ့ပါလို့ မှာလိုက်တယ်။ အဲဒီလိုပြောတော့ အဲဒီကောင်က သိပ်မလိုက်ချင်ရှာပါဘူး၊ "တကယ်လား" ဆိုပြီး ချက်ချင်းကို လိုက်လာ

www.burmeseclassic.com

www.burmeseclassic.com



တော့တာပဲ။ ဒီလည်းရောက်ရော ချစ်တီးက စန္ဒာ့ကို မေးလိုက်တာ အားလုံးကြားကြတယ် မဟုတ်လား။ ဟိုကောင်က 'ဟုတ်လား' ဆိုတာ စန္ဒာက ခေါင်းညိတ်ပြလိုက်တော့ အဖြေပေးလိုက်တဲ့သဘောပဲပေါ့။ အဲဒါကြောင့် ဟိုကောင်ချစ်တီး ပျော်ပြီး အဲဒီလိုတွေဖြစ်သွားတာ"

အခုမှ အားလုံးမှာ ဇာတ်ရည်လည်ပြီး မျက်ရည်တွေ ထွက်မတတ် ရယ်ကုန်ကြလေသည်။ စန္ဒာ့ခမျာ မျက်နှာကြီးစူပုပ်ပြီး နောင်နောင့်အား လိုက်ရိုက်၏။ နောင်နောင်က စားပွဲဝိုင်းကို ပတ်ပြေး၊ စန္ဒာက သူ့ကိုပတ်လိုက် နှစ်ယောက်သား ဝုန်းဒိုင်းကြနေတော့သည်။

စန္ဒာ မောလာတော့မှ နောင်နောင်က အမိခံလိုက်ပြီး သူမဗိုက်ခေါက်လိမ်ဆွဲတာကို ကြိတ်ခံရှာပါသည်။ ဟိုကောင်ချစ်တီးဆိုတဲ့ ငတကတော့ ထိုနေ့ညနေအထိ သူတို့ဝိုင်းဆီ ပြန်ရောက်မလာတော့။ နောင်နောင်က စန္ဒာ့ကို စပါ၏။

"စန္ဒာရယ်. . . နင်ချစ်တီးကို အဖြေပြန်ပေးရမှာ ခက်နေတာကိုသိလို့ ငါက စေတနာနဲ့ ဝင်ဖြေရှင်းပေးတာပါဟ။ နင်က ကျေးဇူးတောင်တင်ရဦးမယ်"

"သွားသေလိုက်ပါလား. . . ဘာမှ လာလုပ်မနေနဲ့။ ဒီကိစ္စက လုံးဝ တရားမဝင်ဘူး"

"စန္ဒာရာ. . . အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့။ ဟိုကောင် အညာသားက အခုတော်တော်ပျော်နေရှာတာ။ တော်ကြာ မဟုတ်ဘူးဆိုရင် တစ်ခုခုလျှောက်လုပ်လို့ အသက်အန္တရာယ်တွေ၊ ဘာတွေ ဖြစ်ကုန်ရင်

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ကိုယ်ကျိုးတွေနည်းကုန်လိမ့်မယ်”

“အဲဒါနဲ့ပဲ ငါက အဲဒီကောင်ကို ချစ်ရတော့မှာလား”

“နင်ကလည်းဟာ နင် သူ့အပေါ်မှာ သံယောဇဉ်တော့ ရှိတယ် မဟုတ်လား၊ ငါသိပါတယ်”

“အဲဒါကတော့ သူငယ်ချင်းတွေပဲ ရှိတာပေါ့ဟဲ့”

“အေး. . . ဒါပဲပေါ့၊ ပြီးနေတဲ့ဟာကို အတူတူပဲဥစ္စာ”

“ဘာမှမတူဘူး၊ လျှောက်ပြောမနေနဲ့”

“ဟာ. . . တကယ်ပြောတာ၊ ဒီမှာ ငါနဲ့မေသူဆိုရင် ချစ်သူတွေပဲ။ ဒါပေမယ့် နင်တို့တွေကြားထဲမှာ ငါတို့ဘယ်လိုနေလဲ၊ သူငယ်ချင်းလိုပဲ နေကြတာ မဟုတ်ဘူးလား။ အဲဒါ အတူတူပဲ”

ထိုသို့ဖြင့် နောင်နောင်၏ ဇွတ်အတင်း သဘောတူညီခိုင်းမှု ကြောင့်ရော၊ ချစ်တီးအား အဖြေပေးမိလျက်သား ဖြစ်နေခဲ့တာကြောင့် ရော၊ သူမကိုယ်တိုင်ရဲ့ ချစ်တီးပေါ်ထားရှိမိသော သံယောဇဉ်များကြောင့် ရော. . . အားလုံးကို ထောက်ထားကာ စန္ဒာက ချစ်တီး သဘောပေါက် ထားသည့်အတိုင်းပဲ ထားလိုက်ပါသည်။ ဒီလိုနည်းဖြင့်လည်း တက္ကသိုလ် ပရိဝုဏ်ထဲ၌ ချစ်သူစုံတွဲ အသစ်တစ်တွဲ တိုးလာခဲ့ဖူးလေသည်။

မေသူက နောင်နောင်၏ ဉာဏ်များလွန်းပုံကိုသာ ထူးဆန်းထွေ လာ ဖြစ်နေမိတော့၏။ သူမသည် သတိရတိုင်း စန္ဒာ့ကို ချစ်စနိုးဖြင့် စတတ်၏။

“စန္ဒာရယ်. . . နင့်မှာ လက်ကလေးတစ်ခါခါပြပြီး ခေါင်းလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ညိတ်ပြမိရုံနဲ့ ရည်းစားတစ်ယောက် အဖတ်တင်ရတာ ဘယ်လောက် ရင်နာစရာကောင်းထားလဲ”

ထိုအခါများတွင် စန္ဒာက မေသူ့ကို လုံးဝ မတုံ့ပြန်ဘဲ ခေါင်းလေးငုံ့လျက် ရှက်ပြုံးလေးသာ ပြုံးနေလေ့ရှိသည်။ သူမက ချစ်တီးကို ချစ်မိသွားခဲ့ပြီ မဟုတ်ပါလား။ မိုး၏ စွတ်စိုသော နေ့စွဲများမှာ သူတို့က ထိုသို့ အလွယ်တကူ ပျော်ရွှင်နေမိခဲ့ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

သူတို့တွေ၏ စိတ်လှုပ်ရှားဖွယ်ရာ မိုးဥတုရက်စွဲများမှာ တဖြည်းဖြည်း ပါးလျားလျော့နည်းလာခဲ့သည်။ မေသူ၏ အဖေပျောက်ရှာပုံတော်၌ လူငယ်ဆန်သော အတွေ့အကြုံနှင့် ရဲရင့်သည့် စွန့်စားခန်းများသည် သူတို့ကို ဆန်းသစ်မှုတွေပေးသည်။ မျှော်လင့်ချက်တွေကို ရင့်သန်လာစေသည်။ လွတ်လပ်ပွင့်လင်းသော အယူအဆများကိုလည်း သင်ကြားပေး၏။

အခုဆို သူတို့အဖွဲ့ ကိုးယောက်တွင် နောင်နောင်နှင့်မေသူ၊ ချစ်တီးနှင့်စန္ဒာ ဆိုသော အတွဲနှစ်တွဲ ပေါ်ထွက်လာပါသည်။ ကျော်သူရကတော့ ကြောင်လွန်းအားကြီး၍ ဘယ်ကောင်မလေးမှ မကြိုက်သော ဘဝကိုရောက်နေရရှာသည်။ တစ်ခုအံ့သြစရာကောင်းသည်မှာ ကိုကြောင်သည် ကိုယ့်အဖွဲ့ထဲမှ ကောင်မလေးများကို လုံးဝစိတ်မဝင်စားခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အရင်တုန်းက ဖြစ်သလိုနေတတ်သော သက်ခိုင်လွင် (ခေါ်) ချစ်တီးတစ်ယောက်မှာ အချစ်ကြောင့် သပ်ရပ်စွာ ဝတ်စားတတ်လာသည်။ ပိုက်ဆံကိုလည်း အရင်လောက် ကပ်စေးမနဲ့တော့ဘဲ သုံးစရာရှိသည့်အခါ သုံးလာသည်။ ဒါပေမယ့် ကန့်သတ်ချက်တစ်ခုတော့ ရှိ၏။ ချစ်တီး၏ ပိုက်ဆံအသုံးစာရင်းအားလုံးမှာ စန္ဒာနှင့်ပတ်သက်သော ကိစ္စ ရပ်များ၌သာဖြစ်သည်။ ကျန်အခြေအနေများတွင်တော့ သူ့ဗီဇအတိုင်း ကုတ်ကုတ်ကပ်ကပ်ပဲ သုံးစွဲ၏။

ထိုအချက်ကိုကြည့်မရသော သူငယ်ချင်းများက ချစ်တီးကို စန္ဒာ့အား အကြောင်းပြု၍ ကြံဖန်ရင်ကြုံသလို ညှဉ်းတတ်ကြ၏။ ချစ်တီး ရည်းစား ရသွားတာကို မခံချင်ဖြစ်နေရသူကတော့ သူ့ရဲ့ငယ်သူငယ်ချင်း ဗိုက်ကြီးပင်ဖြစ်လေသည်။

သူ့ခမျာ အပြင်က တခြားကောင်မလေးတွေကို ပိုးပန်းရလောက်အောင်လည်း အစွမ်းက မရှိတာကြောင့် ချစ်တီးလိုပဲ အုပ်စုထဲကတစ်ယောက်ကို ကျိတ်ပြီး ကြံစည်နေ၏။ ဗိုက်ကြီး စိတ်ဝင်စားနေသည့် တစ်ယောက်က အစွယ်လေး. . . ။

သို့သော် ခက်နေတာတစ်ခုရှိသည်။ အဲဒါက ဟိဟိ။ သူမသည် စန္ဒာ့ကို ချစ်တီး ကြိုးစားစဉ်တုန်းကလို ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင် မဟုတ်ဘဲ အခံရခက်နေ၏။ အစွယ်လေးနဲ့ ဟိဟိတို့နှစ်ယောက်မှာ အထက်တန်းသူဘဝကတည်းက တစ်ယောက်ကိုတစ်ယောက် အရမ်းချစ်ကြသည်။ အမြဲတတွဲတွဲနေ၏။ အကျီ၊ လုံချည်၊ ဖိနပ်၊ လွယ်အိတ် ကလစ်

www.burmeseclassic.com

www.burmeseclassic.com



အစရှိသော အသုံးအဆောင်တွေဆိုလျှင်လည်း ဆင်တူပဲ ဝယ်တတ်ကြသည်။ ငယ်စဉ်ကပင် သူမတို့နှစ်ယောက်သည် တစ်ယောက်အိမ်တစ်ယောက် လိုက်အိပ်နေကျ။ စာကို အတူတူကျက်နေကျ။ ရည်းစားလည်း လုံးဝမထားဘဲ ညီအစ်မအရင်းတွေထက်တောင် ပို၍ သံယောဇဉ် တွယ်တာကြသူတွေဖြစ်၏။

ဒါကြောင့် အခုလို အစွယ်လေးကို ဗိုက်ကြီးက ကြိုးစားနေသည့်ကိစ္စတွင် ဟိဟိမှာ ဒေါသမီးယမ်းပုံပေါ် ကျပြီး အကြီးအကျယ် ပေါက်ကွဲလေတော့သည်။ အထူးသဖြင့် အစွယ်လေးကိုယ်တိုင်က ဗိုက်ကြီး၏ယောကျ်ားမာယာများတွင် သာယာနေသည့် ကိစ္စအား ဟိဟိမှာ လုံးဝမကျေနပ်နိုင်ဘဲရှိ၏။ ဟိဟိက အစွယ်လေးကို သစ္စာမဖောက်ဖို့ ကတိတောင်းသဖြင့် အစွယ်လေးခမျာ အခက်တွေ့နေရသည်။

ဗိုက်ကြီးသည် သူ ပိုးပန်းနေသည့် ကောင်မလေးအား သဘာဝမဟုတ်သော ဟိဟိနှင့် အပြိုင်ဖြစ်နေရခြင်းအတွက် များစွာ စိတ်ညစ်နေမိ၏။ ပိုဆိုးသောအချက်မှာ ဟိဟိသည် အပြင်လူမဟုတ်ဘဲ သူတို့အုပ်စုဝင် သူငယ်ချင်းတစ်ဦးဖြစ်နေခြင်းပင်။

နောက်ဆုံးတော့ ဗိုက်ကြီးက သူ့ကိစ္စကို ဉာဏ်ကြီးရှင် နောင်နောင်အား ဖွင့်ဟအကူအညီတောင်းခံသည်။ ဒါမျိုးကျတော့ နောင်နောင်ကိုယ်တိုင်လည်း ဘာမှ မတတ်နိုင်သည့် အနေအထားဖြစ်နေ၏။

ဗိုက်ကြီး၏ အဖြစ်အပျက်ကို သိသူတိုင်းက သူ့ကို သနားစရာဖို့ထက် အရင်ဦးစွာ ရယ်လိုက်မိသွားကြသည်ချည်းဖြစ်သည်။ ထိုသို့

www.burmeseclassic.com

www.burmeseclassic.com



အရယ်ခံရလျှင် သူက ပို၍ မခံချင်ဖြစ်မိသည်။ ဟုတ်တော့လည်းဟုတ်၏။ ဒါပေမယ့် ခက်လည်းခက်လှသည်။ အစွယ်လေးတစ်ယောက်တည်းသာ ဆိုပါက ဗိုက်ကြီး အခြေအနေကောင်းမည့်ကိစ္စတွင် ဟိဟိက ကြားမှ ကန့်လန့်ခံနေခြင်းဖြစ်၏။

ဒီလိုဆို၍ အစွယ်လေးနှင့်ဟိဟိ၏ ဆက်ဆံရေးမှာ တခြားတွေး စရာတွေ ရှိလာသည်။ အမှန်က ရိုးရိုးလေးမျှသာဖြစ်၏။

ဟိဟိသည် သူငယ်ချင်းကို ကိုယ့်ထက်ပိုချစ်သွားမည့် ရည်းစား မရစေချင်ခြင်းသက်သက်ဖြစ်ပြီး အဲဒါကလည်း ဖြူစင်သော သံယောဇဉ် ပေါ်၌ အခြေခံထား၏။ သူတို့၏ သုံးပွင့်ဆိုင်ဇာတ်လမ်းတွင် ကျန်သူငယ် ချင်းတွေကပါ စိတ်ညစ်ကုန်ကြရသည်။ နောင်နောင်နှင့်အောင်ခိုင်တို့ နှစ်ယောက်မှာ ထိုပြဿနာအတွက် ခေါင်းချင်းဆိုင်ကာ အကြံထုတ်ကြ ရပြန်၏။ သူတို့နှစ်ဦး သုံးရက်ကြာအောင် အချိန်ယူပြီးတော့ အဖြေတစ်ခု ထွက်လာသည်။ အဲဒီနောက်တွင်တော့ သူတို့က အစီအစဉ်ကို စတင် အကောင်အထည်ဖော်ကြလေသည်။

* * *

သူတို့၏ အစီအစဉ်မှာ နှစ်ယောက်တည်းနှင့် မပြီးသဖြင့် ဂိုင်း ဝန်းပံ့ပိုးပေးရန် မေသူ့ကို အကူအညီတောင်းကြရသည်။ မေသူသည်

www.burmeseclassic.com

www.burmeseclassic.com



နောင်နောင့်အစီအစဉ်ကို ကြားတော့ သဘောကျစွာ ရယ်နေမိသေး၏။ နောက်. . . သူမက သူ့ကို အံ့သြချီးကျူးလိုက်မိပါသည်။

နောင်နောင့်အစီအစဉ်မှာ ဒီလိုဖြစ်၏။ သူတို့အုပ်စုထဲ၌ အင်မတန် ရည်းစားလိုချင်နေသည့် ကျော်သူရအား ဟိဟိနှင့်ဝိုင်းလှော်ပေးခြင်းဖြင့် ပြဿနာမှာ ပြေလည်သွားလိမ့်မည်ဟု နောင်နောင်က ပြောပြသည်။ ကျော်သူရနှင့်ဟိဟိသာ အဆင်ပြေသွားပါက ကိုယ့်အတွဲနဲ့ကိုယ်မို့ ဟိဟိလည်း အစွယ်လေးကို ရန်လုပ်တော့မှာမဟုတ်။ ဒါ့အပြင် တွေ့သမျှ ကောင်မလေးတွေကို လိုက်နေရရှာသည့် ကိုကြောင်၏ဒုက္ခလည်း ချုပ်ငြိမ်းအေးချမ်းသွားမည်။ သူငယ်ချင်းအဖွဲ့ထဲတွင် ဒီကိစ္စအောင်မြင်သွားခဲ့လျှင် တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို တော်တော် ပြဿနာကင်းသွားမှာ သေချာလှ၏။ မေသူကလည်း ကျော်သူရနှင့်ဟိဟိကို လှော်ပေးရန် ဝမ်းသာအားရ သဘောတူပါသည်။

ထိုနေ့မှစ၍ သူတို့သုံးယောက်သည် ကျော်သူရနှင့်ဟိဟိကို ကြံရင်ကြံသလို ဝိုင်းပို့ကြတော့၏။ တစ်ယောက်နဲ့တစ်ယောက် စိတ်ဝင်စားလာစေရန် ရွှေတင်သာမက ကွယ်ရာတွင်လည်း ကြံဖန်၍ ချိတ်ဆက်ကာလျှောက်ပြောကြရသည်။ ထုံးစံအတိုင်း ကျော်သူရက ကိုကြောင်ဆိုသည့် နာမည်ကို ထိန်းသိမ်းကာကွယ်ရင်း ဟိဟိအား စတင်ချဉ်းကပ်လာခဲ့သည်။ ဟိဟိကလည်း အစပိုင်းနှစ်ရက်လောက်အထိ အေးအေးဆေးဆေးဖြစ်ပေမယ့် သုံးရက်မြောက်နေ့မှစ၍ နည်းနည်းစိတ်ယိုင်စပြုလာ၏။ ပတ်ဝန်းကျင်ဆီမှ မိန်းမဆန်ဆန် ရှက်ကိုးရှက်ကန်း အမူအရာများကို သူတို့အနေနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးအကြိမ် တွေ့မြင်ရခြင်းလည်းဖြစ်ပါသည်။

နောင်နောင်က ကျော်သူရအား အရင်လို ကမ္ဘူးရှူးထိုး မလုပ်ဘဲ ဣန္ဒြေရရလေးပဲ ကြိုးစားဖို့ ပြောထားရ၏။ မဟုတ်ပါက ရည်းစားထားသည့် အတွေ့အကြုံ လုံးဝမရှိသေးသော ဟိဟိတစ်ယောက် တစ်ခါတည်းနှင့် လန့်ဖျပ်သွားနိုင်လေသည်။

တစ်ချိန်တည်းမှာ ဗိုက်ကြီးနှင့် အစွယ်လေး၏ အခြေအနေတွေက ပုံမှန်တိုးတက်နေ၏။ အောင်ခိုင်ကလည်း သူတို့တွေကြား၌ ဇာတ်ပို့ကောင်းတစ်ယောက်အဖြစ် ပြောင်မြောက်စွာ အသုံးတော်ခံနေလေရာ စက်တင်ဘာနောက်ဆုံးပတ်သည် သူငယ်ချင်းအုပ်စုအတွင်း ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ပျော်ရွှင်ကျေနပ်စရာကောင်းသော ရက်သတ္တပတ်တစ်ခုဖြစ်ခဲ့ပါသည်။

ယောကျ်ားလေးငါးယောက်နှင့် မိန်းကလေးလေးယောက် စုစုပေါင်း ကိုးယောက် စုစည်းထားသောသူတို့အဖွဲ့ကြီးသည် အခုဆို အတွဲလေးတွဲနှင့် ဘက်ပဲ့နေသည့် အောင်ခိုင်တစ်ယောက် ပါဝင်လေ၏။ တကယ်တော့ အောင်ခိုင်ကလည်း သူ့ဇာတ်လမ်းနှင့်သူပင်။ အောင်ခိုင်သည် မေသူတို့ First Year မှ ကွင်းဖြစ်သော ကေသွယ်အား လိုက်ချိတ်နေသူဖြစ်၏။ သူတို့နှစ်ယောက်မှာ နောင်နောင်နှင့်အောင်ခိုင်တို့ ကလေးဓာတ်ပုံတစ်ပုံကိုင်၍ အညာသားဟန်ဆောင်ကာ ပထမဦးဆုံး ကေသွယ်တို့ကို အကြောင်းစရိုက်စဉ်ကတည်းက မျက်လုံးချင်း အချက်ပြခဲ့ကြပြီးသားဖြစ်ပါသည်။ ကေသွယ့်ကိုလိုက်နေသည့် ကျောင်းသားများစွာအနက်

www.burmeseclassic.com

www.burmeseclassic.com



အောင်ခိုင့်အနေအထားမှာ 'ကောင်း၊ သင့်၊ ညံ့. . .' သုံးမျိုး၌ "ကောင်း" ဆိုသော အဆင့်တွင်ရှိ၏။

သူတို့အုပ်စု၏ အစဖြစ်သော နောင်နောင်နှင့်မေသူ၏ အမှတ်တမဲ့ ပဋိပက္ခမှာ အားလုံးအတွက် အမှတ်ရစရာကောင်းလှ၏။ အခုလို သူငယ်ချင်းအုပ်စုကြီးဖြစ်သွားချိန်တွင် ထိုအတိတ်သည် သတိရတိုင်း ပြန်ပြောကာ ရယ်မောကြရသည့် အဖြစ်အပျက်တစ်ခုလည်းဖြစ်လေသည်။

အမှန်က အဖွဲ့ဝင်ကိုးယောက်ပါသော သူတို့အုပ်စုတွင် ဆယ်တန်းနှစ်ခါစီကျဖူးပြီး အတန်းတစ်နှစ်ကြီးသော ယောက်ျားလေး ငါးယောက်မှာ မေသူတို့လေးယောက်ထက် အသက်သုံးနှစ်ကျော် ပိုကြီးပါ၏။ ဒါပေမယ့် သူတို့က အသက်အရွယ်ကို မေ့ထားလျက် တကယ့်ငယ်ပေါင်းများပမာ ပြောဆိုဆက်ဆံတတ်ကြသည်။ မိန်းကလေးများအနက် မေသူတစ်ယောက်တည်း နောင့်နောင့်အား "ကိုနောင်" ဟုခေါ် သည်မှအပ ကျန်လူများက အချင်းချင်း ဗိုက်ကြီး၊ ချစ်တီး၊ ကိုကြောင် ပြီးတော့ နင်တွေ၊ ငါတွေနှင့် အဆင်ပြေသလိုသာ ပြောကြလေ၏။

သူငယ်ချင်းဆိုသည်မှာ အသက်အရွယ်၊ အယူအဆ၊ ဂုဏ်သိက္ခာ၊ ချမ်းသာကြွယ်ဝခြင်းနှင့် အသိဉာဏ်ဆိုင်ရာ လင်းပွင့်မှု အားလုံး တန်းတူ အခွင့်အရေးရှိရန် လိုအပ်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အခုတလော သူတို့အုပ်စု၌ ထူးခြားသောပြောင်းလဲမှုတွေ စဖြစ်လာခဲ့၏။ ဘယ်လိုတွေဖြစ်ကုန်သည်မသိ။ သမီးရည်းစားဖြစ်လုဖြစ်ခင် အတွဲနှစ်တွဲအနက် ကျော်သူရနှင့် ဟိဟိတို့အတွဲက သူတို့ထက်ပို၍ စီနီယာကျသော ဗိုက်ကြီးနှင့် အစွယ်လေးတို့ကို ကျော်တက်ကာ ချစ်သူတွေ ဖြစ်သွားကြခြင်းဖြစ်သည်။

မေသူကပဲ သတင်းထူးကို နောင်နောင့်ထံ သယ်ဆောင်လာပါသည်။ အဲဒီသတင်းကို ကြားကြားချင်းမှာ နောင်နောင်နှင့်အောင်ခိုင်တို့က လက်ဖဝါးရိုက်ပြီး အောင်ပွဲခံကြ၏။ မေသူက သူတို့နှစ်ယောက်ကို ပြုံး၍ကြည့်နေသည်။ ဒီကိစ္စမှာ ဘာမှမဟုတ်သလိုရှိသော်လည်း သေချာစေ့စေ့ တွေးလေ နောင်နောင်၏ ထိုးထွင်းဉာဏ်နှင့် ထက်မြက်မှုက ပို၍ ထင်ရှားလေဖြစ်၏။ မေသူသည် နောင်နောင်အား ကြည့်ရင်းမှ တဖြည်းဖြည်း ကြောက်တောင်လာမိသည်။ သူမက သူ့ကိုပြောလိုက်၏။

"ကိုနောင့်လုပ်ရပ်တွေကို ကြည့်ရင်းနဲ့ မေသူတောင် လန့်လာပြီ သိလား။ ကိုနောင်က အရမ်းသွေးအေးတာပဲနော်။ မေသူတော့ တကယ် အံ့သြတယ်"

"ဒါကတော့ မေသူရယ် ဘဝကိုဖြတ်သန်းဖို့ စနစ်တကျ သေချာ စဉ်းစားထားတဲ့ ဘယ်သူမဆို ကိုယ့်လိုပဲ ဖြစ်နေပါလိမ့်မယ်"

"အင်း. . . ကိုနောင်ပြောတာ ဟုတ်မှာပါ"

သူမက တွေးတွေးဆဆပြောရင်း ခေါင်းတညိတ်ညိတ်လုပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



“ဩော်. . . မေသူ၊ ဒါနဲ့ မေသူ့အဖေကိစ္စက ဘာတွေထပ်ပြီး ထူးခြားသေးလဲ။ မေသူတို့အိမ်မှာ အရင်ကရော အဖေနဲ့ပတ်သက်လို့ ထူးထူးခြားခြား ဘာတွေဖြစ်ခဲ့ဖူးသလဲ”

“ကိုနောင်ဆိုလိုတာက. . .”

“ဟိုလေ ကိုယ်ပြောချင်တဲ့သဘောက ဟို. . . ဟို. . .”

မေသူက ပြောရခက်နေသော နောင်နောင့်ကို စကားလမ်းကြောင်း ဖွင့်ပေးလိုက်ပါသည်။

“ပြောစရာရှိတာပြောပါ ကိုနောင်၊ ဘာမှ အားနာစရာမလိုပါဘူး။ မေသူ့ကို တည့်တည့်ပဲပြောပါ”

နောင်နောင်က သက်ပြင်းကို မသက်မသာမှုတ်ထုတ်လိုက်ရင်း မေသူ့အား တစ်ချက်ကြည့်၏။ နောက်တော့ သူက ပြောသည်။

“ကိုယ်ဆိုလိုတာက ဒီလိုပါ။ မေသူတို့အိမ်မှာ အရင်တုန်းက မေသူ့အဖေ ပျောက်ဆုံးသွားတဲ့ နှစ်ပတ်လည်နေ့ဆို ဘုန်းကြီးဆွမ်းကျွေးတာတို့၊ ဘာတို့ပေါ့၊ အဲဒါမျိုးတွေ လုပ်လေ့ရှိသလား”

အခုမှ မေသူသည် စောစောတုန်းက နောင်နောင် သူမကို ပြောဖို့ခက်နေသည့်အဖြစ်အား နားလည်သွားပါ၏။ နောင်နောင်က သူမအဖေကို သေဆုံးသွားခဲ့တာလား၊ ပျောက်ဆုံးသွားခဲ့တာလား၊ ဒါမှမဟုတ် ကွယ်လွန်သွားတဲ့ အဖေအတွက် မေသူ စိတ်ထိခိုက်မှာစိုး၍ မိသားစုအားလုံးက ဝိုင်းလိမ်နေကြတာလား။ ကွဲကွဲပြားပြား သိချင်နေပုံရသည်။

“မေသူ မှတ်မိသလောက်တော့ အဲဒါမျိုးတွေ အိမ်မှာ တစ်ခါမှ လုပ်တာ မတွေ့ဖူးဘူး”

www.burmeseclassic.com

www.burmeseclassic.com



သူက မေသူ့အဖြေစကားကြောင့် ခေါင်းကိုတစ်ချက်ညိတ်ကာ လေးလေးနက်နက် စဉ်းစားနေပြန်၏။ နောင်နောင်သည် မျက်မှောင်ကုတ်ရင်း မေသူ့အား မေးလိုက်သည်။

"မေသူ့အဖေ အိမ်က ပျောက်ဆုံးသွားချိန်မှာ အိမ်သားအား လုံးဘယ်နှယောက်ရှိသလဲ၊ လက်ရှိအိမ်ကအတိုင်းပဲလား။ လျော့သွားတာ၊ ပိုလာတာ အဲဒါမျိုးတွေရော ရှိသလား"

သူမက သူ့မေးခွန်းကြောင့် အနည်းငယ်စဉ်းစားပါသည်။ ပြီးတော့ မေသူက သူ့ကို မရှင်းတာတစ်ခုအား ပြန်မေးလိုက်၏။

"ကိုနောင်ပြောတာ မိသားစုဝင်သီးသန့်ချည်းပဲလား၊ ဒါမှမဟုတ် အိမ်ဖော်တို့၊ ဒရိုင်ဘာတို့ အဲဒါမျိုးတွေရော ပါသလား"

"နှစ်မျိုးစလုံး တိတိကျကျ သိရရင် ပိုကောင်းတာပေါ့"

"မိသားစုဝင်ကတော့ လွန်ခဲ့တဲ့ခြောက်နှစ်အတွင်း အိမ်မှာ လုံးဝအပြောင်းအလဲ မရှိဘူး။ မေမေရယ်၊ ဘွားဘွားကြီးရယ်၊ ဘွားဘွားလေးအန်တီပုရယ်၊ မေသူရယ် ဒါပဲ။ ကျန်တာတွေထဲမှာ အိမ်ဖော် မစိန်က တော့အခုထိ အိမ်မှာရှိတုန်းပဲ။ ဒရိုင်ဘာပဲ အပြောင်းအလဲများတာ။ မေမေက ဒရိုင်ဘာတွေကို စိတ်တိုင်းမကျလို့ ခဏခဏလဲတယ်"

"ဟုတ်ပြီ၊ အဲဒီအချိန်တုန်းက ဒရိုင်ဘာက ဘယ်သူလဲ၊ မေသူမှတ်မိသလား"

"မှတ်မိတာပေါ့. . . သူ့နာမည်က ကိုသူရိန်တဲ့။ သူက အိမ်မှာအကြာဆုံးဒရိုင်ဘာလို့ ပြောရမယ်။ မေသူ မွေးကတည်းကပဲ ဆိုပါတော့"

"အဲဒီ ကိုသူရိန်က အသက်ဘယ်နှစ်နှစ်လောက်ရှိသလဲ၊ နောက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး သူက ဘာဖြစ်လို့ အလုပ်က ထွက်သွားရတာလဲ”

“သူ့ကို ကိုသူရိန်လို့ မေသူခေါ်တာက ဖေဖေတို့၊ မေမေတို့ ခေါ်လို့လိုက်ခေါ်တာ ကိုနောင်ရဲ့။ တကယ်တမ်းမှာ သူ့အသက်က ဖေဖေနဲ့ ရွယ်တူလောက်ပဲ။ အခုချိန်ဆို လေးဆယ့်ခြောက်၊ လေးဆယ့်ခုနစ်လောက် ရှိရောပေါ့။ ကိုသူရိန်က အလုပ်ထွက်သွားတာ မဟုတ်ဘူး၊ ဘွားဘွားလေး ပြောတာကတော့ မေမေက ကိုသူရိန်ကို ဖေဖေ့လူမို့လို့ ဖေဖေပျောက်သွားပြီး မကြာခင်ပဲ အလုပ်က ထုတ်ပစ်လိုက်တာတဲ့”

နောင်နောင်သည် ကိုသူရိန်ဆိုသော သူမသိသည့် ဒရိုင်ဘာတစ်ယောက်အကြောင်းကို စိတ်ဝင်တစား နားထောင်နေခဲ့သည်။ သူက မေသူ့ကို တောင်းဆိုမှုတစ်ခု ပြုလိုက်၏။

“ကိုယ် မေသူ့မေမေနဲ့တွေ့ချင်တယ်၊ အဲဒီကိစ္စကို မေသူ စီစဉ်ပေးနိုင်မလား”

ရုတ်တရက် မေသူ ရှက်သွားမိသည်။ အခုချိန်မှာ မေမေနှင့် ချစ်သူကို မိတ်ဆက်ပေးရလောက်အောင်အထိ သူမ သတ္တိမရှိသေးပါ။ ပြီးတော့ မေမေ့ကို မေသူ မျက်နှာပူပါသည်။ မေသူသည် သူမမှာ ချစ်သူရှိနေသည့်အကြောင်း မေမေ့ကို မပြောပြဘဲ ထိန်ချန်ထားမိ၏။

မေမေနှင့် ကိုနောင့်ကို လူချင်းမိတ်ဆက်ပေးလိုက်လျှင် အလွန်ပါးနပ်သော မေမေက အကုန်ရိပ်မိသွားပေလိမ့်မည်။ ဒါပေမယ့် မေသူက မေမေ့ကို နောင်နောင့်အကြောင်းတွေအား မသိမသာလေးတော့ ပြောပြထားမိသည်။ နောင်နောင့်ဆီမှ မေးခွန်းတစ်ခွန်းထပ်ပေါ်လာ၏။

“မေသူ ကိုယ်မေးတဲ့ကိစ္စ ဘယ်လိုလဲ၊ အိုကေရဲ့လား”

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်းချလိုက်ရသည်။

"ကောင်းပြီလေ ကိုနောင့်ကို မေမေနဲ့တွေ့ပေးဖို့ မေသူ စီစဉ်လိုက်ပါ့မယ်"

"ဘယ်တော့လောက်ဖြစ်မလဲဟင်"

"ရွှေ့အပတ် တနင်္ဂနွေ"

နောင်နောင်က လှစ်ခနဲ ပြုံးလိုက်မိသည်။ သူမဆီမှ တိကျသော ရက်ချိန်းရလိုက်၍ နောင်နောင် ဝမ်းသာနေ၏။ သူက မေသူတို့မိသားစု၏ အရှုပ်တော်ပုံအား တစ်စထက်တစ်စ ပို၍ စိတ်ဝင်စားလာခဲ့သည်။

ပထမဆုံးက ရွှေ့နေ ဦးညီပု၏စကားများ၊ ဒုတိယက ခြေရာ ပျောက်နေသည့် ဦးသန့်ဇော်၊ တတိယက မေသူ့ဖေဖေ ဦးရာကျော်နှင့် ဦးသန့်ဇော်တို့ကြားမှ အကြွေးစားရင်း သိန်းငါးရာကိစ္စ၊ စတုတ္ထက မေသူ့ မေမေ ဒေါ်မေငြိမ်းက ဒရိုင်ဘာ ကိုသူရိန်အား ဦးရာကျော်၏လူ ဆိုသည့် အကြောင်းပြချက်နှင့် အလုပ်ထုတ်ပစ်ခဲ့သော အဖြစ်အပျက်။ နောင်နောင် သည် အားလုံးကို ဆက်စပ်တွေးတောနေခဲ့၏။

ရွှေ့အပတ်တနင်္ဂနွေမှာ မေသူ့မေမေနှင့် သူတွေ့ရတော့မည်။ "အဲဒီအခါကျရင် သိချင်တာတချို့ကို အဘွားကြီးဆီမှာ အစ်အောက်မေး မြန်းမယ်" ဟု သူက စိတ်ကူးထားမိသည်။

တချို့ပုစ္ဆာတို့၏အဖြေများသည် နောက်ထပ်ပုစ္ဆာတစ်ပုဒ် ဖြစ် နေတတ်ခြင်းကို ရင်ဆိုင်ရန် သူက အဆင်သင့်ရှိနေခဲ့ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

အချိန်ကာလသည် တဖြည်းဖြည်းနဲ့ မိုးနေ့များ၏ နိဂုံးပိုင်းသို့ ရောက်လာခဲ့၏။ သူတို့အုပ်စုကြီးမှာ သူငယ်ချင်းသက်တမ်း ကြာရှည်လာတာနဲ့သမျှ တစ်ယောက်အပေါ်တစ်ယောက် ထားရှိသည့် သံယောဇဉ်များကလည်း ပိုမိုနက်ရှိုင်းလာတော့သည်။

မေသူက နောင်နောင်နှင့် မေမေ့ကို တနင်္ဂနွေနေ့ကျရင် တွေ့ပေးမည့်အစီအစဉ်မှာ နှစ်ယောက်တည်း သီးသန့်မဟုတ်ဘဲ တခြားသူငယ်ချင်းတွေအားလုံးကိုပါ ပါဝင်စေ၏။ သူငယ်ချင်းများနှင့်အိမ်မှာစုပြီး မုန့်ဟင်းခါးချက်စားကြမယ်လို့ သူမက ဒေါ်မေငြိမ်းအား အကြောင်းပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် တနင်္ဂနွေနေ့တွင်လည်း သူတို့အုပ်စုမှာ ပုံမှန်ကျောင်းဖွင့်ရက်အတိုင်း စုရုံး၊ စုရုံးလုပ်ပြီး ပျော်ရွှင်နေကြ၏။ ဒေါ်မေငြိမ်းက တစ်ခါမှ အခုလို အခွင့်အရေး မတောင်းခဲ့ဖူးသော သမီးဖြစ်သူကိုသာ အံ့သြနေမိသည်။ မေသူက အခုတလော အဆန်းတွေလုပ်နေ၏။ ဟိုတစ်ပတ်ကလည်း "အိမ်ဂရမ်စာချုပ်ဆိုတာ ဘယ်လိုမျိုးလဲ၊ ဘာတွေရေးထားတာလဲ၊ သမီးတွေ့ဖူး၊ ဖတ်ဖူးချင်လို့ ပြစမ်းပါ" ဆိုပြီး တစ်ရက်ယူသွားသေး၏။

လူငယ်တွေဆီမှ နောက်ပြောင်အော်ဟစ်သံများက ရုတ်တရက်ဟိန်းထွက်သွားပါသည်။ မုန့်ဟင်းခါးချက်ရန် ပျော်ရွှင်တက်ကြွနေသော သမီးသူငယ်ချင်းများကို ကြည့်ရင်း ဒေါ်မေငြိမ်းဆီကိုပါ အပျော်တွေ ကူးစက်လာ၏။

သမီးရှင် မိခင်တစ်ယောက်အနေဖြင့် အခုလိုကိစ္စမျိုးကို အိမ်မှာ လုပ်ခွင့်ပေးလိုက်ခြင်းသည် မေသူ့ဆန္ဒသက်သက်ကြောင့်ချည်းပဲ မဟုတ်။ ဒေါ်မေငြိမ်းထံတွင် တခြားအကြံတစ်ခုလည်းရှိသေး၏။ သူမက ဒီလိုစဉ်းစားမိသည်။ မေသူက အခုနှစ်မှ တက္ကသိုလ်ပထမနှစ်စတက်တာမို့ ကျောင်းမှာ သမီးပေါင်းသည့် အပေါင်းအသင်းတွေကို ဒေါ်မေငြိမ်း မသိသေး။ ဒါပေမယ့် သမီးက ပြောပြသဖြင့် တချို့နာမည်တွေကိုတော့ သူမနားရည်ဝပြီးသားဖြစ်ပါသည်။

ထိုအထဲတွင် "ကိုနောင်" ဆိုသောနာမည်ကို သမီးက ပြောပြနေချိန်များ၌ လေသံနှင့်အမူအရာတွေမှာ ထူးဆန်းနေ၏။ နောက်. . .

www.burmeseclassic.com

www.burmeseclassic.com



အဲဒီသူငယ်အပေါ် သမီးက အထင်တကြီးလည်း ရှိလှသည်။ ဒေါ်မေငြိမ်းသည် ငယ်ရာမှ ကြီးလာသူပီပီ ဒါလောက်တော့ အကင်းပါးပါသည်။ အိမ်ကို သမီးခေါ်လာမည့် လူစာရင်းထဲတွင် ကိုနောင်ဆိုတဲ့ကောင်လေး ပါကို ပါရမည်ဟု ဒေါ်မေငြိမ်းက တွက်မိ၏။ အခု သူမတွက်ကိန်း မှန်ပါသည်။

သမီးက သူငယ်ချင်းတွေနှင့် အမေကို မိတ်ဆက်ပေးသည့်အခါတွင်လည်း နောင်နောင့်အလှည့်၌ တခြားသူများလို မဟုတ်ဘဲ ထူးခြားစွာ "ဒါ မေမေ့ကို သမီးပြောပြောနေတဲ့ ကိုနောင်လေ" ဟု ပြောခဲ့၏။ သူမ အကဲခတ်မိသလောက်တော့ သမီးနှင့်ထိုကောင်လေးကြားတွင် သာမန် သူငယ်ချင်းထက်ပိုသော ဆက်ဆံရေးတစ်ရပ်ရှိတာ သေချာပါသည်။ ဒေါ်မေငြိမ်းက အားလုံးထဲမှာ နောင်နောင့်ကို အထူးလေ့လာကြည့်မိသည်။

နောင်နောင်က ထက်မြက်သည်။ လူရည်လည်သည်။ တစ်ခုခုဆို သူက ခေါင်းဆောင်၍ ဆုံးဖြတ်ချက်ချတတ်သည်။ ပြီးတော့ သမီးအပေါ် ချစ်မြတ်နိုးလွန်းတာလည်း သိသာပါ၏။ သမီးရွေးချယ်ထားသည့် ကောင်လေးမှာ ဒီလောက်အတိုင်းအတာအရ မဆိုးလှပါ။

ဒေါ်မေငြိမ်းသည် ကိုယ့်သားမက်တော်ရမည့်လူတစ်ယောက် ကို ဒီအချိန်တိုလေးအတွင်း အကဲခတ်ပြီး မှတ်ချက်ချရတာကြောင့် ထိုမှတ်ချက်မှာ ရာနှုန်းပြည့်မှန်ကန်ဖို့ မဖြစ်နိုင်ကြောင်း သူမ သဘောပေါက်ပါသည်။ သူမသည် နောင်နောင့်ကို စကားပြောကြည့်ချင်မိသည်။ ဒါပေမယ့် သမီးရဲ့ တခြားသူငယ်ချင်းတွေကို ဘာမှမပြောဘဲ နောင်နောင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း စကားကွက်ပြောဖို့ကျတော့ ဒေါ်မေငြိမ်းအနေနှင့် တစ်မျိုးကြီးဖြစ်နေ၏။ မုန့်ဟင်းခါးချက်နေစဉ်တစ်လျှောက်လုံး နောင်နောင့်အား စကားများများပြောခွင့်ရမည့်အကွက်ကောင်းကို သူမက စိတ်ပင်ပန်းစွာ စောင့်နေခဲ့သည်။

ကိုယ့်သမီးလေးအရွယ်ရောက်လာချိန်တွင် လူငယ်တို့သဘာဝမေတ္တာရေးရာ၌ မိခင်တစ်ယောက်ရဲ့ စိုးရိမ်ပူပန်မှုတွေကို သူမ ရင်ဆိုင်နေရခြင်းဖြစ်၏။ အခုလိုအချိန်မျိုးတွင် ဒေါ်မေငြိမ်းက သမီးကိစ္စကို တိုင်ပင်စရာအဖော်တစ်ယောက်လောက် လိုချင်မိသည်။ ရုတ်တရက် သူမက သမီး၏ဖခင် ဦးရာကျော်ကို သတိရသွား၏။ နောက်. . . ချက်ချင်းပဲ သူမက ခေါင်းကို ရမ်းခါပစ်လိုက်ပါသည်။ ထိုအပြုအမူများသည် အမှန်တရားကို လက်မခံဘဲ ခါးခါးသီးသီး ငြင်းဆန်ပစ်သူတချို့၏ သင်္ကေတများသာ ဖြစ်သည်။

မုန့်ဟင်းခါးစားရန် အဆင်သင့်ဖြစ်တော့ အချိန်က နေ့လည် (၁၂) နာရီကျော်ကျော်ရှိနေပြီ။ တစ်မနက်လုံး ဈေးဝယ်၊ ချက်ပြုတ်နေကြသော သူတို့အဖွဲ့မှာ (အောင်ခိုင်မှအပ) ကိုယ့်အတွဲနဲ့ကိုယ်မို့ ပင်ပန်းသော်လည်း ပင်ပန်းတယ်မထင်ကြသည့်အပြင် ပျော်တောင်ပျော်ရွှင်နေကြသေးသည်။

အဲဒီလို အခြေအနေများကြားတွင် နောင်နောင်နှင့် ဒေါ်မေငြိမ်းတို့နှစ်ယောက် အကြံကိုယ်စီနဲ့ တစ်ယောက်ကိုတစ်ယောက် မသိမသာ အကဲခတ်၍နေလေ၏။ မုန့်ဟင်းခါးစားရင်း အကြည့်ချင်းဆုံသွား

www.burmeseclassic.com

www.burmeseclassic.com



တော့ နောင်နောင်ကပဲ စပြီးပြုံးလိုက်ပါသည်။ ဒေါ်မေငြိမ်းကလည်း ချက်ချင်းဆိုသလို နောင်နောင့်ကို ခေါင်းပြန်ညိတ်ပြကာ အသိအမှတ်ပြုလေ၏။

ဗိုက်ပြည့်သွားတော့ ဇယ်တောက်ခုံမှာ လူတွေ ဝိုင်းအုံကာ ကစားကြပြန်သည်။ အစွယ်လေးနှင့်ဟိဟိတို့ကလည်း ဇယ်ဝိုင်းမှာ ပါဝင်လက်စွမ်းပြနေ၏။ အစွယ်လေး၏ ငြင်းခုံသံက အကျယ်ဆုံးပင်။ ခဏကြာတော့ အောင်ခိုင်နဲ့ ကျော်သူရတို့က ဇယ်တောက်ခုံမှ ထလာပြီး ဇယ်ဝိုင်းနှင့် မနီးမဝေးတွင် ဂိမ်းထိုင်ဆော့နေကြသည်။

ဧည့်ခန်းထဲမှာပဲ နောင်နောင်၊ စန္ဒာနှင့်ဒေါ်မေငြိမ်းတို့က မေသူ သုပ်ကျွေးသော လက်ဖက်သုပ်ကို စားရင်း စကားဝိုင်းဖွဲ့နေ၏။ မေသူက ကိုနောင်နှင့်မေမေတို့ကို စကားလမ်းကြောင်းပွင့်သွားစေရန် အကြံဖြင့် လက်ဖက်သုပ်ဝိုင်းကို စီစဉ်ခဲ့ခြင်းဖြစ်၏။

သူတို့စကားဝိုင်းတွင် အစပိုင်း၌ ရောက်တတ်ရာရာများကို လျှောက်ပြောကာ ရင်းနှီးမှုရအောင် တည်ဆောက်နေကြသည်။ သူတို့ စကားဝိုင်းဆိုသော်လည်း အဓိကမှာ ဒေါ်မေငြိမ်းနှင့်နောင်နောင်တို့ နှစ်ယောက်တည်းပဲ ပြောနေလေ၏။ ဒေါ်မေငြိမ်းက နောင်နောင်အား မိဘမျိုးရိုးနှင့် အလုပ်အကိုင်အကြောင်းတွေကို မသိမသာ မေးမြန်းနေ၏။ ဒါကို နောင်နောင်က ပေါ့ပေါ့ပါးပါးပုံစံနှင့် ခပ်ရိုးရိုးပဲ ပြန်ဖြေပါသည်။ မေသူက မေမေနှင့် စကားပြောနေသော ချစ်သူတို့ကြားတွင် အခေါင်မပြေဖြစ်မှာ လုံးဝ စိတ်မပူမိ။ ဒီလိုကိစ္စမျိုး၌ နောင်နောင်က အလွန်ကျွမ်း

www.burmeseclassic.com

www.burmeseclassic.com



ကျင်သူတစ်ယောက် မဟုတ်ပါလား။

နောင်နောင်သည် ဒေါ်မေငြိမ်း၏ တိုက်စစ်ကို ပါးနပ်စွာ ရှောင်တိမ်းနေရာမှ ကောက်ကာငင်ကာနှင့် မေးခွန်းတစ်ခုအား မေးချလိုက်၏။

“အန်တီ. . . ဟိုအန်တီခင်ပွန်း ဦးရာကျော်တစ်ယောက်ရော ဘယ်တော့လောက် မြန်မာပြည်ပြန်ရောက်မလဲ”

မေသူလည်း သူ့မေးခွန်းကြောင့် ရင်ထဲမှာ ဒိန်းခနဲ မြည်သွားပြီး နောင်နောင့်အား လှမ်းကြည့်လိုက်မိသည်။ နောင်နောင်က အပြုံးပါးပါးလေးတစ်ခုနှင့် ခေါင်းကို ဆတ်ပြ၏။ သဘောကတော့ “တန်ပြန်ထိုးစစ်စနေပြီ၊ ငြိမ်ငြိမ်နေ” ဟု အချက်ပေးလိုက်ခြင်းသာဖြစ်သည်။ မေသူက မေမေ့မျက်နှာကို ကြည့်လိုက်၏။

ဒေါ်မေငြိမ်းသည် သူ့ရဲ့ လုံးဝမထင်မှတ်ထားသည့် တလွဲတချော်မေးခွန်းကြီးကြောင့် ကြောင်နေမိသည်။ ပထမအချက်က ထိုမေးခွန်းမျိုးကို နောင်နောင့်ဆီမှ မျှော်လင့်မထားခြင်းဖြစ်ပြီး ဒုတိယအချက်ကတော့ မေးသည့်အကြောင်းအရာ၊ အချက်အလက်တွေက အားလုံးသိထားသလို မဟုတ်ဘဲ လွဲချော်နေခြင်းပင်ဖြစ်၏။ ဒေါ်မေငြိမ်းက သမီးဆီသို့ မျက်လုံးနှင့် အဖြေတိုက်ကြည့်မိပြန်သည်။ မေသူက ဒေါ်မေငြိမ်းကို မျက်နှာနွမ်းနွမ်းလျှလျှဖြင့် မရဲတရဲလေး ကြည့်နေရှာ၏။ သမီးက သူမကို အကြည့်တွေနဲ့ တောင်းပန်နေတာဖြစ်ပါသည်။

ဒီအတိုင်းဆို နောင်နောင်သိထားတဲ့ သတင်းတွေဟာ သမီး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ပြောပြခဲ့တာပေါ့။ ဒါဆို သမီးက သူ့ကောင်လေးကို ရှုပ်ထွေးလှသော မိသားစုအကြောင်း အသိမပေးဝံ့ဘူးပေါ့။ ထိုအတွေးများကြောင့် ဒေါ်မေငြိမ်း တော်တော် စိတ်ဆင်းရဲသွားပါ၏။ သို့သော် တစ်ခဏလေးအတွင်းမှာ ဒေါ်မေငြိမ်းက ဘာဆက်လုပ်ရမည်ဆိုတာကို တိကျစွာ ဆုံးဖြတ်ချက်ချပြီးသားဖြစ်နေလေသည်

"အန်တီ့ခင်ပွန်း ကိုရာကျော်ဟာ သားမေးသလို နိုင်ငံခြားသွားနေတာ မဟုတ်ဘူးကွဲ့။ သူဟာ လွန်ခဲ့တဲ့ခြောက်နှစ်လောက်တုန်းက ပျောက်သွားခဲ့တာပါ"

နောင်နောင်က ထိုအဖြေကြောင့် အလွန်အမင်း အံ့သြသွားဟန်ဖြင့် မေသူ့ဆီ လှမ်းကြည့်လိုက်ပါသည်။ မေသူကား ခေါင်းကို ကြမ်းပြင်သို့ စိုက်ချထား၏။ ဒေါ်မေငြိမ်းကို သူက တောင်းပန်သည်။

"အားနာလိုက်တာဗျာ။ ဆောရီးနော် အန်တီ၊ ဟို. . . ဟိုလေ ကျွန်တော် သိထားတာက"

နောင်နောင့်ကို ဒေါ်မေငြိမ်းက လက်ကာပြလိုက်၏။ ပြီးတော့ သူ့ကို ခပ်ပြုံးပြုံးလေးပြောသည်။

"ဘာမှအားမနာပါနဲ့။ အန်တီ သဘောပေါက်ပါတယ်ကွယ်၊ ဟုတ်ပြီလား"

ဒေါ်မေငြိမ်းသည် မေသူ့အား တစ်ချက်လှမ်းကြည့်လိုက်ပါ၏။ သူမ၏ အကြည့်များက သမီးကို အရာရာ၌ တတ်သိနားလည်သော မိခင်တစ်ယောက်ရဲ့ခွင့်လွှတ်ခြင်းတွေသာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် ဒေါ်မေငြိမ်း၏ မျက်လုံးများက နောင်နောင့်ထံ ရွေ့လျားသွားပြန်၏။ တစ်ယောက်စိတ်ကိုတစ်ယောက် အနက်ရှိုင်းဆုံး အထိ ထိုးဖောက်စူးစမ်းမိကြသည်။ ထိုခဏလေး၌ ဒေါ်မေငြိမ်းဆီတွင် လျှို့ဝှက်သော အဖြစ်အပျက်တွေ ရှိနေကြောင်း သူရိပ်စားမိသွားပါသည်။ နောင်နောင်က ကိုယ့်ကိုယ်ကို အံ့အားသင့်နေ၏။ မရိုးသားသူတစ်ယောက်၏ မလုံခြုံမှုကို အကဲဖမ်းနိုင်သည့် ပါရမီ သူ့မှာပါသောကြောင့်ဖြစ်သည်။

ဒေါ်မေငြိမ်းမှာ သူ့မျက်လုံးတွေကို လန့်သွားမိ၏။ အဲဒီသူငယ်ရဲ့ အကြည့်တွေက သူမရဲ့လျှို့ဝှက်ချက်တွေကို သိနေသလိုပါပဲလား။ ဒါပေမယ့် သူမက “ဘယ်လိုမှ မဖြစ်နိုင်ပါဘူး” ဟု ကိုယ့်ကိုယ်ကို အားတင်းထားလိုက်သည်။

နောင်နောင်သည် သူ့ရဲ့တန်ပြန်တိုက်စစ်တစ်ချက်တည်းမှာပင် အလူးလူး အလဲလဲဖြစ်သွားသော ဒေါ်မေငြိမ်းကို ကျိတ်၍ ပြုံးနေမိ၏။ ဒေါ်မေငြိမ်းက ပျက်ယွင်းနေသည့် သူမ၏ မျက်နှာအမူအရာတွေကို ချက်ချင်းပဲ ပြုပြင်လိုက်၏။ သို့သော် နောင်နောင်နှင့် မျက်လုံးချင်းမဆုံအောင်တော့ သူမ ကြိုးစားနေမိပါသည်။ နောင်နောင်သည် သူ့ကိုယ်သူ ကျေနပ်သွားပြီး မူလက စဉ်းစားထားသလို ဒေါ်မေငြိမ်းအား နှိုက်နှိုက်ချွတ်ချွတ် လျှောက်မမေးတော့ဘဲ သူ့အစီအစဉ်တွေကို ရပ်တန့်ပစ်ခဲ့သည်။ မေမေ့ ပုံစံများကြောင့် မေသူက ပါးနပ်စွာ ဟိုပြော၊ ဒီပြောနှင့် စကားဝိုင်းကို ဝင်ပြီး အဆုံးသတ်လိုက်၏။

သို့သော်. . . သူတို့နှစ်ယောက်ကြားတွင် အချိန်မကြာခင် ဒါ

www.burmeseclassic.com

www.burmeseclassic.com



မျိုးအဖြစ်အပျက်တွေ ထပ်မံကြုံတွေ့ရလိမ့်ဦးမည်ဟု နှစ်ယောက်စလုံးက ကြိုသိနေခဲ့ပါသည်။

* * *

"ဟဲ့. . . ဟိဟိ၊ နင့်သတင်းက သေချာရဲ့လားဟ၊ မဟုတ်သေးပါဘူးဟယ်"

"ဟိဟိရယ်. . . ဟုတ်မှလည်းလုပ်စမ်းပါ။ နင့်ဟာက မဖြစ်နိုင်ဘူးထင်တယ်နော်"

တရားဝင်ရည်းစားတွေ မဟုတ်သေးသော်လည်း တခြားရည်းစားစုံတွဲများလိုပင် အဆင်ပြေနေသော ဗိုက်ကြီးနှင့် အစွယ်လေးတို့ နှစ်ယောက်မှာ အခုလုံးဝပြတ်သွားကြပြီဆိုသည့်သတင်းကို ဟိဟိက အဖွဲ့ထဲသို့ သယ်ဆောင်လာခဲ့၏။ ကြားရသောသတင်းမှာ မယုံနိုင်စရာမို့ သူငယ်ချင်းတွေက ဟိဟိကို တစ်ယောက်တစ်ပေါက်နှင့် ငြင်းခုံနေကြသည်။ အခုသူတို့ဝိုင်းထဲတွင် ကာယကံရှင်ဖြစ်သည့် ဗိုက်ကြီးနှင့်အစွယ်လေးမှအပ ကျန်လူတွေအားလုံး စုံညီစွာ ရှိကြပါသည်။ ဟိဟိက သူမပြောတာကို မယုံသက်ာဖြစ်နေသော သူငယ်ချင်းများအား ထပ်ကာ၊ ထပ်ကာ ပြောပြနေရသဖြင့် စိတ်တိုစပြုနေပြီ။

"ငါကလိမ်ပြောစရာ ဘာအကြောင်းမှမရှိဘူး။ နင်တို့မယုံနိုင်လည်း နေကြဟာ"

www.burmeseclassic.com

www.burmeseclassic.com



မေသူက စိတ်ဆိုးသွားသည့် ဟိဟိအား ချော့ရပြန်သည်။

"နင့်စကားကို မယုံတာ မဟုတ်ပါဘူး ဟိဟိရဲ့။ မနေ့က ညနေ ကျောင်းဆင်းချိန်အထိ သူတို့နှစ်ယောက် ကြည်နူးနေတာ အားလုံးအသိ ပဲဥစ္စာ။ ဒီနေ့မနက်ကျ ပြတ်သွားပြီဆိုတော့ ဘယ်သူမှမယုံနိုင်ကြဘူးလေ။ ကဲ. . . ပြောစမ်းပါဦး၊ ဘယ်လိုဖြစ်ပြီး သူတို့ပြတ်သွားကြတာလဲ"

ကျော်သူရကလည်း သူချစ်သူ ဟိဟိနှင့် သူငယ်ချင်းများကြား၌ စကားမှားသွားမှာကို စိုးရိမ်လျက်ရှိသည်။ ဟိဟိကို ကျော်သူရက မှာ၏။

"ဟိဟိ. . . စကားကို သေချာမှ ပြောနော်။ အထင်ကို ရမ်းပြီး မပြောနဲ့ ကြားလား"

ဟိဟိက သူမကို လူကြားထဲ ဆရာဝင်လုပ်နေသော ကျော်သူရအား မျက်စောင်းတစ်ချက် ပိတ်ထိုးလိုက်တော့ ပုဂ္ဂိုလ်က ကုတ်သွားသည်။ နောက်. . . သူမက မျက်နှာကို အရှေ့ပြန်လှည့်သွားပြီး မေသူ့မေးခွန်းကို ဖြေပါ၏။

"အမှန်အတိုင်းပြောရရင် သူတို့ ဘယ်လိုပြတ်သွားသလဲဆိုတာ ကိုတော့ ငါမသိဘူး၊ ဒါပေမယ့် ပြတ်သွားပြီဆိုတာကတော့ လုံးဝသေချာ တယ်"

မေသူကပဲ ဟိဟိကို အားလုံးရဲ့ကိုယ်စား မေးမြန်းပေးနေ၏။

"နင်က ဘယ်လိုလုပ်ပြီး သိတာလဲ"

"အစွယ်လေးကိုယ်တိုင်ပြောပြတာ"

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို အစွယ်လေးက ဘာကြောင့်ပြတ်သွားတယ်ဆိုတာကို ရော ပြောမပြဘူးလား"

"ဟင့်အင်း. . . မပြောပြဘူး။ အတင်းမေးတော့ အစွယ်လေးက ခေါင်းကြီးရမ်းပြီး မျက်ရည်တွေ ဝဲလာတယ်ဟ။ ဒါကြောင့် ငါလည်း ဆက်မမေးရဲဘူး။ ဒီနေ့ သူ ကျောင်းမတက်ဘူးလို့ပဲ ငါ့ကိုပြောတယ်"

မေးမြန်းနေသည့် မေသူက သက်ပြင်းချလိုက်မိ၏။ အောင်ခိုင်က ဘယ်သူ့ကိုရယ်လို့ မဟုတ်ဘဲ သူသိချင်သော မေးခွန်းတစ်ခုကို မေးလိုက်ပါသည်။

"ဗိုက်ကြီးက ဒီနေ့ကျောင်းမလာဘူးပေါ့"

အောင်ခိုင့်အမေးကြောင့် အားလုံး၏အကြည့်များမှာ အဆောင်တွင် ဗိုက်ကြီးနှင့် တစ်ခန်းတည်း အတူနေသော ချစ်တီးထံ စုပြုံရောက်သွားကြ၏။ ထိုအခါ ချစ်တီးသည် ထိုမေးခွန်းအတွက် အလိုအလျောက် ဖြေဆိုရန် တာဝန်ရှိသူဖြစ်သွားတော့သည်။

"ငါ မနက်က ကျောင်းကို ထွက်လာတော့ သူက အဆောင်မှာ မှိုင်မှိုင်ကြီး ကျန်ခဲ့တာကွ။ ပြီးတော့ ဒီကောင် ညကလည်း တော်တော်နဲ့ မအိပ်ဘူး။ တစ်ညလုံး ငါပါအိပ်မရဘူး၊ ခုတင်ပေါ်မှာ ဟိုလှိမ့်၊ ဒီလှိမ့်နဲ့"

"မင်းကိုရော အစွယ်လေးကိစ္စနဲ့ ပတ်သက်လို့ ဗိုက်ကြီးက ဘာမှ မပြောဘူးလား"

"အဲဒါမျိုးတော့ မပြောဘူးကွ၊ ငါလည်း ကိုယ့်အာရုံနဲ့ကိုယ်ဆို တော့ သူ့ကို သတိမထားမိဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ချစ်တီး၏ စကားအဆုံးတွင် တစ်ချိန်လုံး ဘာတစ်ခွန်းမှ ဝင်မပြောဘဲ နားထောင်နေသော နောင်နောင်က မှတ်ချက်တစ်ခု ချပါသည်။

"အင်း. . . ဒီပုံစံအတိုင်းဆိုရင်တော့ သူတို့နှစ်ယောက်ကြား မှာ ပြဿနာတစ်ခုခုဖြစ်ခဲ့တာ သေချာတယ်"

ထိုအချိန်တွင် သူတို့အားလုံး၏ ခေါင်းထဲ၌ "ဘာတွေဖြစ်ခဲ့ကြသလဲ" ဆိုသည့် မေးခွန်းကို ကိုယ်စီ စဉ်းစားနေမိကြသည်။ သူငယ်ချင်းများမှာ ငေါင်ငေးပြီး ဘာအဓိပ္ပာယ်မှ မရှိဘဲ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လျက်ရှိ၏။ ရုတ်တရက် ကျော်သူရက တစ်နေရာဆီသို့ လက်ညှိုးကြီးထိုးပြ၍ ထအော်ပါသည်။

"ဟိုမှာ. . . ဟိုမှာ. . ."

လူတွေရဲ့အကြည့်များက ကျော်သူရ ညွှန်ပြရာဆီကို ပြံု၍ ရောက်သွားကြ၏။ နောက်. . . သူတို့မျက်လုံးများ၌ ပျော်ရွှင်ခြင်းတွေ လက်ပသွားပါသည်။

မြင်ကွင်းမှာ တခြားမဟုတ်၊ ဒီနေ့ ကျောင်းမတက်ဘူးဆိုတဲ့ အစွယ်လေးဖြစ်နေ၏။ သူငယ်ချင်းများအားလုံးမှာ သူတို့သိချင်နေတာကို သိရတော့မည်ဟူသော မျှော်လင့်ချက်ကြောင့် ရွှင်လန်းမြူးထူးလာကြသည်။ ဝိုင်းထဲဝင်လာသည့် အစွယ်လေးကို ဟိဟိက သူမဘေးနားမှာ ထိုင်ရန် နေရာပေး၏။ အစွယ်လေးက ထိုင်ခုံတွင် ခပ်တည်တည်ပဲ ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းများသည် အစွယ်လေးကို ဝိုင်းအုံကြည့်နေကြပြီး ဘယ်သူကမှ သူမကိုစ၍ စကားမပြောကြချေ။ အစွယ်လေးကလည်း သူမကို ဝိုင်းကြည့်နေကြသူများအား ပြန်ကြည့်နေမိ၏။ ဒီလိုနှင့် သူတို့တွေသည် ခဏမျှ အူကြောင်ကြောင်ဖြစ်နေကြသေးသည်။

ပထမဆုံး နောင်နောင်က သတိဝင်လာကာ အစွယ်လေးကို မေးလိုက်၏။

"အစွယ်လေး. . . နင် ဟိုဟိုကို မနက်ကပြောခဲ့တာ တကယ်ပဲလား"

သူမက အနည်းငယ်စဉ်းစားနေရာမှ ခေါင်းညိတ်ပြပြီး နောင်နောင့်မေးခွန်းကို ဖြေသည်။ သူက ဆက်မေး၏။

"ဘယ်လိုတွေဖြစ်ကြရတာလဲ အစွယ်လေးရာ။ ငါတို့ကို အကျိုးအကြောင်းလေးဘာလေး ပြောပြစမ်းပါဦး"

အစွယ်လေးသည် ဒီတစ်ခါတော့ သူ့မေးခွန်းကို ခေါင်းရမ်းပြ၏။ ထိုအခါ အောင်ခိုင်ကပါ စစ်ကူဝင်လာသည်။

"နင်ကလည်းဟာ ဒီသူငယ်ချင်းတွေမှ မပြောရင် နင် ဘယ်သူ့ကို သွားပြောမှာလဲ။ နင်ပြောမှ ငါတို့ကလည်း လိုအပ်တဲ့ အကြံဉာဏ်တွေ ပေးလို့ရမှာပေါ့၊ ဟုတ်တယ် မှတ်လား။ နင်က လိမ္မာပါတယ်ဟာ ပြောပြနော်. . . "

အစွယ်လေးမှာ အောင်ခိုင် ချော့မော့ပြောသော စကားများ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လှုပ်လှုပ်ရှားရှားဖြစ်လာဟန်တူ၏။ မကြာမကြာ သက်ပြင်းကို ချရင်း သူမ စိတ်တွေကိုလည်း လျှော့ထားလိုက်ပါသည်။ ဟိဟိက ဝင်ပြီး တိုက်တွန်းပြန်သည်။

"ပြောပြလိုက်ပါ အစွယ်လေးရယ်၊ နင်က မပြောတော့ သူငယ်ချင်းတွေက စိတ်ပူနေရတာပေါ့"

ဒီတော့မှ အစွယ်လေးဆီမှ အသံထွက်လာသည်။

"ဒီလိုဟာ. . . မနေ့တုန်းက ကျောင်းဆင်းတော့ ဗိုက်ကြီးက ငါ့ကို အိမ်မပြန်နဲ့ဦး၊ အင်းလျားကန်ဘောင်ပေါ် သွားကြမယ်ဆိုပြီး ပြောတယ်။ ဘာကိစ္စလဲဆိုတော့ သူ ငါ့ကို ပြောစရာရှိလို့တဲ့။ ဒါနဲ့ ငါလည်း နာရီဝက်လောက်ဆိုပြီး လိုက်သွားခဲ့မိတယ်"

အစွယ်လေးက သူမစကားကို ခဏနားပြီး တံတွေးကို မြိုချသည်။ အားလုံးက သူမစကားကို စိတ်ဝင်စားစွာ စောင့်မျှော်နေ၏။

"ဟိုလည်းရောက်တော့ သူက ငါ့ကို သံယောဇဉ်ရှိတဲ့အကြောင်း၊ ငါ့ဘေးမှာ အမြဲအတူတူနေချင်ကြောင်းတွေ လျှောက်ပြောတယ်။ အဲဒီအချိန်ဆို ကန်ပေါင်ပေါ်မှာက လူတွေက အများကြီးပဲ ကြိတ်ကြိတ်တိုးနေတာ။ ဗိုက်ကြီးကလေ ငါ့ကို အဲဒီလိုအချိန်မျိုးမှာ ရည်းစားစကားပြောတယ်၊ အဲဒီမှာ သူ့ထုံးစံအတိုင်း အရေးကြီးပြီဆို သူက စကားထစ်ရော။ ငါကပြောတယ်၊ ဗိုက်ကြီး ငါနားလည်တယ်၊ မပြောနဲ့တော့ဆိုတာကို အတင်းဆက်တာ "နင့်ကိုငါချစ်တယ်၊ နင့်ကိုငါချစ်တယ်" ဆိုပြီး အသံအကျယ်ကြီးပဲဟယ်။ သုံးခါဆိုက်တိုက်တောင် အော်တယ်။ လူတွေဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လို့ ငါ့မှာရှုက်လိုက်တာ မျက်နှာကို ဘယ်နားထားရမှန်းတောင် မသိဘူး။ အဲဒီလိုကောင်မျိုးကို ငါက ဘယ်လိုသတ္တိတွေနဲ့ ဆက်ပြီး ပတ်သက်ရမလဲ၊ သူ့ကိုလည်း ပြောပြီးသား နင်နဲ့ငါပြတ်ပြီလို့”

သူမ၏စကားအဆုံးမှာ သူငယ်ချင်းတွေအားလုံး တစ်ယောက်မှ ဟန်မဆောင်နိုင်ဘဲ ခွက်ထိုးခွက်လန် ရယ်မောကြတော့သည်။ ရယ်မောနေသော သူငယ်ချင်းများကို ကြည့်ရင်း အစွယ်လေးကိုယ်တိုင် လိုက်ရယ်မိသွား၏။ အတန်ကြာအောင် ရယ်နေကြသော သူတို့အုပ်စုကြီးကို တခြားဝိုင်းများမှ နားမလည်နိုင်သလို ကြည့်နေခဲ့ပါသည်။

သူငယ်ချင်းများက အစွယ်လေးကို ဗိုက်ကြီးအား ခွင့်လွှတ်ဖို့ ဝိုင်းဝန်းနားချကြ၏။

“နင်ကလည်း အစွယ်လေးရယ်၊ ဗိုက်ကြီးက ရိုးသားလွန်းလို့ အဲဒီလိုဖြစ်သွားတာပါဟ။ ဒီခေတ်ကြီးထဲမှာ သူ့လိုရိုးသားပုံမျိုး ထပ်တွေ့ဖို့ မလွယ်ဘူး”

“ဗိုက်ကြီးကလေ နင့်ကို အရမ်းချစ်ရှာတာပါဟာ”

“နင်ပဲ စဉ်းစားကြည့်လေ၊ သူ့ခမျာလည်း “နင့်ကိုငါချစ်တယ်” ဆိုတာလောက်တော့ ပြောချင်ဦးမှာပေါ့ မဟုတ်ဘူးလား”

“ဗိုက်ကြီး သနားပါတယ် အစွယ်လေးရယ်။ ဒီကောင်က သူများအပေါ်လည်း ကူညီတတ်တယ်၊ အရမ်းစိတ်ကောင်းရှိတာ။ နင့်ကိုလည်း ချစ်မှချစ်၊ ခွင့်လွှတ်လိုက်ပါဟယ်. . . နော်. . . ”

ထိုကဲ့သို့ အပေါင်းအသင်းများ၏ စုပေါင်းကောင်းမှုကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ကြီးနှင့်အစွယ်လေးတို့နှစ်ယောက် ပြန်ပြေလည်သွားကြကာ သူတို့အုပ်စုထဲမှာလည်း တရားဝင် အတွဲတစ်တွဲထပ်တိုးလာပါသည်။

ချစ်သူဆိုတာ တသီးတခြားဖြစ်သော မိမိခန္ဓာကိုယ်၏ အစိတ်အပိုင်းတွေပဲဟု မေသူ တွေးနေမိခဲ့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

မိုးကုန်၍ ဆောင်း၏ အဦးအဖျား ရက်စွဲများသည် ချစ်စရာ ကောင်းလှသည်။ သူတို့သူငယ်ချင်းအုပ်စုကြီးမှာ အောင်ခိုင်မှအပ စုံတွဲတွေအဖြစ် ပြောင်းလဲသွားခဲ့ပြီးနောက် ကျောင်း၌ ပိုမိုလူသိများလာခဲ့၏။ ထိုကာလအတွင်း နောင်နောင်တို့ ယောကျ်ားလေးများက ဒုတိယနှစ် စာမေးပွဲဖြေရန်လည်းကောင်း၊ မေသူတို့ မိန်းကလေးများက ပထမနှစ် စာမေးပွဲဖြေရန်လည်းကောင်း အသီးသီးပြင်ဆင်နေကြရပါသည်။

စာမေးပွဲအတွက် အလုပ်ရှုပ်နေချိန်မို့ အားလုံးမှာ မေသူ့အဖေ ရှာပုံတော်ကို ခဏမေ့ထားကြရ၏။ ဒါပေမယ့် ကာယကံရှင် မေသူက တော့ ဘယ်လောက်အလုပ်ရှုပ်ရှုပ်၊ ဘယ်လောက်အရေးကြီးကြီး ဖေဖေ့ သတင်းမှန်သမျှကို အမြဲနားစွင့်ထားသည်။ ဖေဖေ့ကို ပြန်တွေ့ရဖို့ဆိုလျှင် မေသူက ဘယ်အချိန်ဖြစ်ဖြစ် တတ်ကြွစွာရှိနေ၏။ သူမ၏ ထိုအိပ်မက်မှာ ကြာလေ ပိုပြီး ပြင်းပြလာလေဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောင်နောင်က ဒီလောက်စာမေးပွဲ အရေးကြီးချိန်မျိုးမှာတောင် အဖေကို ပြန်ဆုံရဖို့ မျှော်လင့်တကြီးဖြစ်နေသော ချစ်သူအပေါ် ကရုဏာသက်မိ၏။ ပြီးတော့ သက်ပြင်းလည်းချမိသည်။

"ငါ ဘာလုပ်ပေးနိုင်သလဲ" ဆိုသည့် မေးခွန်းကို ကိုယ့်ဘာသာကိုယ် မေးလိုက်မိသောအခါ နောက်ဆုံးအဖြေသည် တစ်ခုတည်းဖြစ်နေရမည့်အစား အများကြီးဖြစ်နေတာကို အံ့သြစွာ တွေ့လိုက်ရ၏။

ထိုအချက်အလက်ပေါင်းများစွာကို သူ့ဦးနှောက်ကြီးဖြင့် ဆင့်ပွားစဉ်းစားကာ နောင်နောင်ပျော်လာသည်။ သေချာသည်မှာ သူ့လုပ်ရပ်များအားလုံးမှာ မေသူကောင်းကျိုးကိုသာ ရည်ရွယ်ခဲ့ခြင်းဖြစ်ပါသည်။ နောင်နောင်က သူမနှင့် ပတ်သက်၍ အရာရာ၌ မေတ္တာတရားကို အခြေခံထားသောကြောင့် သူ့ကိုယ်သူလည်း လိပ်ပြာသန့်လေသည်။

* * *

စာမေးပွဲတွေ ဖြေပြီးသွားတော့ ဒီဇင်ဘာကျောင်းပိတ်ရက်တွေကို သူတို့ကျော်ဖြတ်ကြရ၏။ ထိုအခါ ယောကျ်ားအုပ်စုမှာ နယ်ကို အသီးသီး ပြန်သွားကြသည်။ ဒါပေမယ့် နောင်နောင်က ပြည်ကို မပြန်ဘဲ သူမ၏ အဖေနှင့်ပတ်သက်သော စုံစမ်းမှုတွေကို တစ်ယောက်တည်း လုပ်နေ၏။

ရန်ကုန်တွင် အိမ်ရှိသော အောင်ခိုင်ကလည်း ကျောင်းပိတ်

www.burmeseclassic.com

www.burmeseclassic.com



ရက်အတွင်း မိသားစုနှင့်အတူ အထက်မြန်မာပြည်အနှံ့ ဘုရားဖူးထွက်သွားခဲ့သည်။ နောင်နောင်၏ ပထမအစီအစဉ်မှာ အောင်ခိုင်နှင့်တိုင်တိုင်ပင်ပင်လုပ်ရန်ဖြစ်သော်လည်း အခုတော့ ကိုယ့်အားကိုယ်ကိုးဖို့ပဲ ရှိတော့သည်။

ကျောင်းတွေပိတ်ပြီး ဆယ့်သုံးရက်မြောက်နေ့တွင် မေသူ့ဆီကို နောင်နောင်က ဖုန်းလှမ်းဆက်ပါသည်။ သူမက သူ့ကို ပြည်ကဆက်သည်ဟု ထင်နေ၏။ သူက ရန်ကုန်မှာပဲ ရှိနေကြောင်း သူမကိုပြောပြ၍ ဦးရာကျော်နဲ့ ပတ်သက်သော သတင်းတစ်ခုကိုလည်း အသိပေးလိုက်၏။ နောက်တော့ သူတို့နှစ်ယောက် လူချင်းတွေ့ဖို့ ကျောင်းထဲမှာပဲ ချိန်းကြသည်။

အဲဒီကမှတစ်ဆင့် သူတို့သည် အင်းစိန်ကြို့ကုန်းဘက်ရှိ ခြံကြီးတစ်ခြံဆီသို့ သွားရပြန်ပါသည်။ မေသူသည် သူမတစ်လျှောက်လုံး မျှော်လင့်ခဲ့ရသော ဖေဖေနှင့် ပြန်တွေ့ရန်လမ်းစတစ်ခုမို့ ရင်တွေ အထူးခုန်လျက်ရှိနေ၏။ သူတို့နှစ်ယောက်သား အဲဒီအိမ်ကြီးဆီ ရောက်သွားတော့ အချိန်က ညနေစောင်းတော့မည်။ ဖေဖေ့သတင်းကို သိချင်ဇောဖြင့် မေသူသည် မေမေစိတ်ပူနေမှာကိုပင် မေ့သွားခဲ့သည်။

ထိုအိမ်ထဲ၌ မေသူတွေ့ရသည်မှာ သူမ လုံးဝ မသိသော သူစိမ်းလူကြီးတစ်ယောက်သာဖြစ်ပါသည်။ အသက် (၄၅) နှစ်ဝန်းကျင်ခန့်ရှိမည်ဟု ခန့်မှန်းရ၏။ လူကြီးက မေသူ့ကိုမြင်တော့ နှစ်လိုဝမ်းမြောက်စွာ ပြုံးပြသည်။ ချက်ချင်းပဲ သူ့မျက်လုံးများက မှုန်ရီဝေဝါးသွားပြန်၏။ သူစိမ်းလူ

www.burmeseclassic.com

www.burmeseclassic.com



ကြီးက တီးတိုးရေရွတ်လိုက်ပါသည်။

"ဩော်. . . သမီးမေသူတောင် အပျိုကြီးဖားဖားဖြစ်နေပါရော လား"

မေသူက အံ့ဩနေပြီး သူမ မှတ်ဉာဏ်များကို အလုပ်,လုပ်နေဆဲ။ နောင်နောင်က မေသူ့ကိုမေးလိုက်သည်။

"မေသူ. . . ဒီဦးကြီးကို မှတ်မိသလား"

နောင်နောင့်မေးခွန်းကြောင့် သူမက အသည်းအသန် စဉ်းစားပြန်သည်။ စဉ်းစားရလွန်းသဖြင့် မေသူ့ဦးနှောက်များမှာ ထူပူလာပြီး ဝေဝေဝါးဝါး ဖြစ်လာတော့၏။

"စိတ်တော့မရှိပါနဲ့နော် ဦး. . . သမီး ဘယ်လိုမှ စဉ်းစားမရဘူးဖြစ်နေတယ်"

လူကြီးက သူမစကားကြောင့် ပြုံးရင်း ပြန်ပြောပါသည်။

"အင်းပေါ့လေ. . . အဲဒီတုန်းက သမီးက ငယ်သေးတာကိုး"

ထိုစဉ် နောင်နောင်က မေသူ့ကို ဝင်ပြောလိုက်၏။

"မေသူရယ်. . . သေချာလည်း ကြည့်စမ်းပါဦး၊ ဒီဦးကြီးက မေသူတို့အိမ်မှာ ငယ်ငယ်တုန်းက ဒရိုင်ဘာလုပ်ခဲ့ဖူးတဲ့ ကိုသူရိန်လေ"

"ဟင်. . . "

သူမ အရမ်းအံ့ဩသွားကာ ငယ်စဉ်ဘဝတုန်းက တွေ့ဖူးသော ကိုသူရိန်၏ ရုပ်ပုံလွှာအား ပြန်တွေးကြည့်မိသည်။ သူမ မမှတ်မိပါ။ သူမ ခေါင်းထဲမှာ အားလုံးသည် ထွေပြားဝေဝါး၍ ရောထွေးနေ၏။ အင်း. . .

www.burmeseclassic.com

www.burmeseclassic.com



ဒီအသက်အရွယ်လောက်ဟာ ဖေဖေတို့ ကိုသူရိန်တို့အရွယ်တွေပဲ။ မေသူသည် စိတ်ထဲမှာ ထိုသို့တွေးလိုက်ပြီး ကိုသူရိန်ဆိုသော လူကြီးအား တောင်းပန်လိုက်ပါသည်။

"ဦးကို မမှတ်မိတာ စိတ်မဆိုးပါနဲ့နော်။ သမီးက မှတ်ဉာဏ်သိပ်မကောင်းလို့ပါ။ ပြီးတော့ သမီးက အခုချိန်မှာ ဖေဖေ့ကို တွေ့ချင်တဲ့ဇော အရမ်းကြီးနေတာမို့ပါ"

"ရပါတယ် သမီးရယ်၊ ဦးနားလည်ပါတယ်။ အဲဒီတုန်းက သမီးလေးက အရမ်းငယ်သေးတာကိုး. . ."

အဲဒီလိုပြောပြီး လူကြီးက အိမ်မျက်နှာကြက်တွေဆီကို ငေးရီနေလေသည်။ မေသူက ပြောပြန်၏။

"သမီးဘဝမှာ ဖေဖေနဲ့ပတ်သက်လို့ အိမ်ကပျောက်သွားတယ်ဆိုတာကလွဲပြီး ဘာဆိုဘာမှ မသိခဲ့ရပါဘူး။ ဒီနေ့ သမီးဟာ ဦးဆီက ဖေဖေနဲ့ပတ်သက်ပြီး အမှန်တရားတစ်ခုကိုသိချင်ပါတယ်။ ဖေဖေ့ရဲ့ သမီးတစ်ယောက်အနေနဲ့ သူ့အဖေဟာ ဘယ်လို၊ ဘယ်ပုံ အသက်ရှင်နေထိုင်တယ်ဆိုတာကို သိခွင့်ရှိတယ်လို့လည်း သမီးထင်ပါတယ်"

မေသူ့စကားအဆုံးတွင် လူကြီးမှာ တော်တော် စိတ်လှုပ်ရှားသွားဟန်တူ၏။ ပြီးတော့ သူ့ခေါင်းကြီးကို တွင်တွင်ကြီး ရမ်းနေသည်။ မေသူက ထိုအပြုအမူကြောင့် စိုးရိမ်သွားမိ၏။

"ဦးရယ်. . . ပြောပြပါနော်၊ သမီး ဦးကို ရှိခိုးဆို ရှိခိုးပါ့မယ်"

ပြောရင်းမှ မေသူက တကယ်ရှိခိုးတော့မည့်ပုံဖြင့် လက်အုပ်ချီ

www.burmeseclassic.com

www.burmeseclassic.com



ကာ ထိုင်ချလိုက်သည်။ လူကြီးက သူမကို ပြာပြာသလဲ ဟန့်တားလိုက်ပြီး ထူမတ်ပေး၏။

"သမီးရယ်. . . အဲဒီလိုတော့ မလုပ်ပါနဲ့၊ သမီးသိချင်တာကို ဦးပြောပြပါ့မယ် ဟုတ်ပြီလား"

ထိုအခါ မေသူက ညင်သာစွာ ခေါင်းကိုညိတ်ပြသည်။ နောင်နောင်က သူတို့နှစ်ယောက်ကြားမှာ ဘာမှဝင်မပြောဘဲ ပွဲကြည့်ပရိသတ်သီးသန့်လုပ်နေ၏။ ကိုသူရိန်ဆိုသောလူကြီးသည် မေသူ့ကို စကားပြောဖို့ အားယူနေပုံရသည်။ နောက်. . . လူကြီးက တည်တည်ငြိမ်ငြိမ်ပဲ ပြောလိုက်ပါ၏။

"သမီးအဖေ ကိုရာကျော်ဟာ လွန်ခဲ့တဲ့ခြောက်နှစ်လောက်တုန်းက ကွယ်လွန်သွားခဲ့ပါပြီ"

"ရှင်. . ."

"ဟာ. . ."

မေသူရော၊ နောင်နောင်ပါ ပါးစပ်အဟောင်းသားဖြင့် အံ့သြတကြီး ဖြစ်သွားကြသည်။

"ဦးရယ်. . . အဲဒီလိုတော့ မနောက်ပါနဲ့"

မေသူက နောက်ဆုံးမျှော်လင့်ချက်အနေနှင့် လူကြီး၏စကား များပြောင်းသွားဦးမလားဟု လမ်းခင်းပေးလိုက်သေးသည်။ ဒါပေမယ့် ကံဆိုးသည်မှာ လူကြီးရဲ့အဖြေက မူလအတိုင်းပဲ ဖြစ်ပါ၏။

"ဒါ. . . နောက်စရာမှ မဟုတ်တာ သမီးရယ်၊ ဦးလည်း သမီး

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ခံစားချက်တွေကို ကိုယ်ချင်းစာပါတယ်”

သူမ၏မျက်ဝန်း၌ မျက်ရည်စများ ရစ်ဝိုင်းခိုတွဲလာသည်။ သူမ အသံတွေလည်း ချက်ချင်းတုန်ခါလာသည်။

“ဦးရယ်. . . ဘယ်လိုတွေဖြစ်ခဲ့ကြသလဲဆိုတာ သမီးကို ပြောပြပါဦး”

“ဒီလို သမီးရဲ့”

လူကြီးသည် အတိတ်ကာလကို ပြန်လည်ပြောပြရန်အတွက် ဒဏ်ရာအဟောင်းတွေကို မှတ်ဉာဏ်၌ နာကျင်စွာ တူးဖော်နေရရှာ၏။

“လွန်ခဲ့တဲ့ ခြောက်နှစ်တုန်းက အခုလိုပဲ ဒီဇင်ဘာရဲ့ဆောင်းမနက်ခင်းတစ်ခုမှာပေါ့။ သမီးအဖေ ကိုရာကျော်နဲ့ ဦးဟာ ကားပေါ်ကို ပိုက်ဆံထုပ်တွေတင်ပြီး ဦးသန့်ဇော်ဆိုတဲ့ လူတစ်ယောက်အိမ်ကို သွားခဲ့ကြတယ်။ ကိစ္စကတော့ သမီးအမေ မသိအောင် သိန်းငါးရာနဲ့ ပေါင်ထားတဲ့ အိမ်ဂရန်နဲ့ ခြံဂရန်ကို ပြန်ရွေးဖို့ပေါ့”

နောင်နောင်နှင့်မေသူတို့သည် တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်လိုက်မိကြသည်။ သူမက ဖြတ်မေးလိုက်၏။ မေသူ့အသံတွေက အံ့သြမှုကြောင့် ပုံမှန်ပြန်ဖြစ်သွားပါသည်။

“အဲဒီအကြွေးတွေကို ဖေဖေက ဦးသန့်ဇော်ဆီမှာ ဘာဖြစ်လို့တင်နေရတာလဲဟင် ဦး. . . ”

“ဂျင်ရှုံးတာ သမီးရဲ့၊ ဦးသန့်ဇော်တို့ ဝိုင်းလိမ်ကြတာဆိုပါတော့”

“ဩော်. . . ”

www.burmeseclassic.com

www.burmeseclassic.com



“အဲဒီနေ့မတိုင်ခင်မှာ ဦးက ပဲခူးကို တစ်ညပြန်အိပ်မယ်ဆိုပြီး ကိုရာကျော်နဲ့ စည်းဝါးရိုက်ထားကြတယ်။ ကားကိုလည်း ဝပ်ရှော့ပို့ထားရတယ်ဆိုပြီး ဦးပဲ ယူလာခဲ့တယ်။ နောက်တစ်နေ့မနက် ကိုရာကျော် လမ်းလျှောက်ထွက်ချိန်ကျတော့ ဦးက လမ်းကနေ ကားနဲ့တင်ခေါ်ပြီး ဦးသန့်ဇော်တို့ဆီ သွားကြတာပေါ့။ မင်္ဂလာဒုံဘက်က ဦးသန့်ဇော်ပိုင်တဲ့ ခြံကြီးတစ်ခြံမှာ ချိန်းထားတာဆိုတော့ အဲဒီကို ဦးတို့သွားကြရတာ”

မေသူက မနေနိုင်ဘဲ ဝင်မေးပြန်၏။

“ပိုက်ဆံတွေကရော”

“အဲဒါတွေက ညကတည်းက ကားနောက်ခန်းထဲမှာ အဆင်သင့်ရှိပြီးသား”

“ဦးကို ဖေဖေက အရမ်းယုံကြည်တာပဲနော်”

“ယုံတာပေါ့၊ ဘာဖြစ်လို့လဲ သိလား”

မေသူက မသိကြောင်း ခေါင်းကို ရမ်းပြသည်။

“ပိုက်ဆံအတုတွေမို့လို့ပဲ သမီး။ ထိပ်ဆုံးက ပိုက်ဆံအုပ်တွေကတော့ အစစ်တွေပေါ့၊ ဒါပေမယ့် ကျန်တဲ့အောက်က ပိုက်ဆံအုပ်တွေမှာ အပေါ်ဆုံးတစ်ရွက်နဲ့ နောက်ဆုံးတစ်ရွက်ပဲ အစစ်ပါတယ်။ ကြားထဲမှာက စက္ကူတွေချည်းပဲ၊ အဲဒီလိုလုပ်ထားတာ”

မေသူသည် အံ့ဩလွန်းသဖြင့် မျက်လုံးလေးပင် ဝိုင်းစက်နေ၏။

“ဒါနဲ့ပဲ ဦးတို့နှစ်ယောက် ဟိုကိုရောက်တော့ ပိုက်ဆံတွေနဲ့ အိမ်ဂရမ်စာချုပ်ကို အလဲအလှယ်လုပ်ကြတာပေါ့။ ပထမတော့ ဦးသန့်

www.burmeseclassic.com

www.burmeseclassic.com



ဇော်တို့ဘက်က လုံးဝ မရိပ်မိဘူး။ ကိုရာကျော်လက်ထဲမှာ အိမ်ဂရန်ရော၊ ခြံဂရမ်ပါ ရောက်နေပြီ။ ပြန်ဖို့ ဦးလည်း ကားစက်နှိုးပြီး နောက်ဆုံးအချိန်ကိုရောက်မှ ဦးသန့်ဇော်တို့က ပိုက်ဆံတွေကို အတုတွေမှန်း သိသွားကြတယ်။ ဒါနဲ့ ပစ်ကြ၊ ခတ်ကြတွေ ဖြစ်ကုန်ရော။ အဲဒီမှာ ကိုရာကျော်လည်း နီးရာလူကို ခုခံပြီး ဂရမ်စာချုပ်တွေ ကားထဲပစ်ထည့်လိုက်တယ်။ ပြီးတော့ ဦးကို ကားမောင်းပြေးခိုင်းတယ်။ ဦးလည်း ခိုင်းတဲ့အတိုင်း လုပ်ရတာပေါ့။ ကိုရာကျော်ကို ဦးနောက်ဆုံးမြင်လိုက်ရတာက နားထင်ကို သေနတ်မှန်ပြီး သူ လဲကျသွားတာပဲ သမီး။ နားထင်က သွေးတွေကြောင့် သူ့မျက်နှာတစ်ခုလုံးလည်း ရဲနေတာပဲ။ ဦးကတော့ ကားနဲ့မို့ ကိုယ်လွတ်ရုန်းနိုင်ခဲ့တယ်ဆိုပါတော့"

မေသူက သူဘဝင်မကျတာတစ်ခုကို မေးသည်။

"အဲဒါနဲ့ပဲ ဖေဖေ ဆုံးပြီလို့ ဦးက ပြောနိုင်လို့လား"

"နားထင်ကို သေနတ်မှန်တဲ့ လူတစ်ယောက်ဟာ ဘယ်လိုနည်းနဲ့မှ အသက်ဆက်ရှင်ဖို့ မလွယ်ပါဘူး. . . သမီးရယ်"

"ဒါတွေကို မေမေက မသိဘူးလား"

"မသိဘူး သမီးရဲ့။ မမေငြိမ်းက ကိုရာကျော် ရိုးရိုးပျောက်နေတာလို့ပဲ ထင်နေတာ။ ဦးကတော့ ဘာမှမသိသလိုနဲ့ ပဲခူးပြန်ပြီး အလီဘိုင်ပြနိုင်ခဲ့တယ်။ အိမ်ဂရမ်စာချုပ်တွေကိုလည်း ဦးကိုယ်တိုင် အိပ်ခန်းထဲခိုးဝင်ပြီး သမီးအဖေရဲ့ ခေါင်းအုံးအောက်မှာ ပြန်ထားပေးခဲ့တာကြောင့် အခုအချိန်အထိ သမီးတို့ ဒီအခြေအနေအတိုင်း ဆက်နေနိုင်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



မေသူသည် အခုမှ ဇာတ်ရည်လည်စပြုလာသည်။ သူမက သိချင်တာကို ဆက်၍ မေး၏။

"ဒါဆို ဦးသန့်ဇော်တို့ကရော. . . "

"သူတို့က လူသတ်မှုဖြစ်သွားပြီဆိုတော့ ကိုရာကျော်အလောင်းကို ဖျောက်ဖျက်ပြီး ရှောင်တိမ်းသွားကြတာပေ့ါ။ မမေငြိမ်းကလည်း ရဲစခန်းမှာ အမှုဖွင့်တာတွေ၊ ဘာတွေ မလုပ်ဘဲ ကိုရာကျော့်ကို ကိုယ့်ဘာသာကိုယ် ကျိတ်ရှာနေတော့ ဦးသန့်ဇော်တို့ကို ခြေရာဖျောက်ဖို့ အခွင့်အရေး ပေးလိုက်သလို ဖြစ်သွားခဲ့တာပဲ"

"ဒီအကြောင်းတွေကို ဦးက မေမေ့ကို ဘာဖြစ်လို့ မပြောပြခဲ့တာလဲ"

"ဦးပြောပြမယ် သမီး။ ကိုရာကျော် ပျောက်သွားတော့ ပထမဆုံး မမေငြိမ်းဟာ ဦးကို သံသယစဖြစ်တယ်။ ဦးက ကိုရာကျော်ကို ဖွက်ပေးထားတယ်လို့လည်း စွပ်စွဲတယ်။ ပြီးတော့ ဦးကို အလုပ်က ထုတ်ပစ်လိုက်တယ်။ အဲဒီမှာ ဦးက စဉ်းစားတာပေ့ါ၊ အဖြစ်မှန်တွေကို မမေငြိမ်း သိသွားရင် ဘာဖြစ်မလဲ။ သူ ပူဆွေးရမယ်၊ ဝမ်းနည်းကြေကွဲရမယ်၊ ဒါပေမယ့် ကိုရာကျော်က အသက်ပြန်ရှင်မလာနိုင်တော့ဘူး။ နောက်တစ်ခုက ကိုရာကျော်ရဲ့ဆန္ဒပေ့ါ။ သူက ဒီအဖြစ်အပျက်တွေကို မမေငြိမ်းကို မသိစေချင်ဘူး မဟုတ်လား။ ဒါကြောင့် ဦး သမီးတို့အိမ်ကနေ ရေငုံနှုတ်ပိတ်ပြီး ထွက်လာခဲ့တာပဲ သမီး"

ဦးသူရိန်သည် စကားတော်တော်များများ ပြောလိုက်ရသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မောသွားကာ နားလိုက်ပါသည်။ မေသူကတော့ အဖေဆိုသည့် သူမ မျှော်လင့်ချက်များအားလုံး နိဂုံးချုပ်သွားပြီမို့ ခေါင်းငိုက်စိုက်ကျလျက်ရှိ၏။ သို့သော် သူမ မငိုပါ။ အမှန်တရားတစ်ခုအတွက် ကိုသူရိန်က သူမကို အဖြေထုတ်ပေးသွားခဲ့ပြီ။

မေသူ အံကိုတင်းနေအောင် ကြိတ်ထား၏။ နောင်နောင်ပင် သူမ၏ မာကျောမှုကို အံ့ဩသွားရသည်။ အပြန်လမ်း၌ သူက သူမကို နှစ်သိမ့်စကားဆိုရန် ဝန်လေးနေမိ၏။

အကြောင်းမှာ သူသည် သူမ၏ တိတ်ဆိတ်သော အသံများကို ကြားနေရ၍ ဖြစ်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဆောင်းဥတုမို့ တက္ကသိုလ်ပရိဝုဏ်တစ်ခုလုံးမှာ ကံ့ကော်ရနံ့များက ထုံးစံအတိုင်း သင်းပျံ့ကြိုင်လှိုင်နေ၏။ ကျောင်းတွေ ပြန်ဖွင့်တော့မည်။ နောင်နောင်က မေသူ့ကိစ္စဝိစ္စများ ပြီးမှ ပြည်ကို ပြန်သွားခဲ့တာဖြစ်၏။ သို့သော် သူက ကျောင်းစဖွင့်သောနေ့တွင်ရောက်အောင် ပြန်လာခဲ့မယ်လို့ မေသူ့ကို ပြောခဲ့ပါသည်။ ကျောင်းတွေ မဖွင့်သေးပေမယ့် နယ်ကို ပြန်သွားကြသည့် သူငယ်ချင်းတွေရော ဘုရားဖူးထွက်သွားသော အောင်ခိုင်ပါ ရန်ကုန်ပြန်ရောက်နေပြီဟု မေသူ့ထံ တစ်ယောက်ပြီးတစ်ယောက် ဖုန်းဆက်အကြောင်းကြားကြပါသည်။

ရန်ကုန်ဆောင်းသည် ဒီဇင်ဘာ တတိယအပတ်ဖြစ်သော်လည်း အနည်းငယ် အချမ်းပေ့ါလျက်ရှိ၏။ ဒီနေ့နဲ့ပါဆို မေသူသည် တစ်ယောက်တည်း အခန်းတံခါးပိတ်ပြီး ထမင်းမစားဘဲ မေမေ့ကို ဆန္ဒပြနေတာ သုံးရက်မြောက်ပြီဖြစ်သည်။ သူမမှာ သုံးရက်လုံးလုံး အစာမဝင်သဖြင့် အားနည်းချိနဲ့နေ၏။ ဒါပေမယ့် မေသူက စိတ်ကိုတင်းထားပါသည်။ သူမ

www.burmeseclassic.com

www.burmeseclassic.com



ဘဝတွင် ဖေဖေ မရှိတော့ဘူးဆိုသည့် အသိကြောင့် မေသူ ဘာကိုမှ လုပ်ချင်စိတ်လည်း မရှိတော့၊ ဘယ်အရာကိုမှလည်း မမျှော်လင့်ချင်တော့။ လုပ်သမျှအားလုံးသည်လည်း ဘာအဓိပ္ပာယ်မှ မရှိတော့သလိုပဲ ခံစားရသည်။

သူမသည် တရားမျှတမှုနှင့် လူတွေကို သရော်လှောင်ပြောင်နေချင်မိ၏။ အမှန်ကို အမှန်ဟု ဖော်ထုတ်ရဲသည့် သတ္တိမရှိသူတွေအတွက်တော့ သူမ အဖေ၏အသက်သည် အကောင်းဆုံးသက်သေဖြစ်ပါသည်။

အထူးသဖြင့် သူမက ဖေဖေ့ကိစ္စမှာ မေမေ့ကို အပြစ်တင်လိုသည်။ မေမေသည် ကိုယ့်ခင်ပွန်းတစ်ယောက်လုံး အိမ်ကပျောက်ဆုံးသွားခြင်းကို တာဝန်ကျေရုံပဲ ရှာဖွေခဲ့၏။ အကယ်၍ မေမေသာ အဲဒီကတည်းက နည်းမှန်၊ လမ်းမှန်ဖြင့် ဖိဖိစီးစီး ရှာခဲ့မည်ဆိုလျှင် ဦးသန့်ဇော်နှင့် အပေါင်းအပါတရားခံများကို တရားဥပဒေရှေ့မှောက် အရောက်ပို့နိုင်ခဲ့မှာ သေချာသည်။ အခုတော့ အားလုံးမှာ အချိန်လွန်ခဲ့ပြီ။

ပို၍ဆိုးသည်မှာ မေမေက ဖေဖေနှင့်ပတ်သက်သည့် နိဂုံးချုပ်ယနေ့တိုင် စိတ်ဝင်တစား မရှိလှတာကိုဖြစ်သည်။ ပထမတုန်းက မေသူသည် ကိုသူရိန်ဆီမှ သူမ သိလာခဲ့သော ဖေဖေ့အဖြစ်အပျက်တွေကို အလုံးစုံ မပြောပြသေးဘဲ မေ့မေ့သဘောထားကို ရိပ်ဖမ်း သံဖမ်းမျှ အစ်အောက်ကြည့်မိ၏။ သူမကသာ မေမေ ခံစားရမှာစိုး၍ ပြောသင့်၊ မပြောသင့် ချိန်ဆနေသော်လည်း မေမေကတော့ ပေါ့ပေါ့တန်တန်ပဲ တုံ့ပြန်

www.burmeseclassic.com



သည်။ ပြီးခဲ့သော အတိတ်ကို ပြန်တူးဆွမနေဖို့နှင့် အဲဒီအဓိပ္ပာယ်နဲ့ ခပ်ဆင်ဆင်စကားများကို မေမေက သူမအား ပြောခဲ့သည်။

မေမေဟာ ဖေဖေ့ဘဝကို တကယ်ပဲ လုံးဝ စိတ်မဝင်စားတော့ဘူးလား။ အခုချိန်ထိ ဖေဖေ အသက်ရှင်နေခဲ့သေးရင်ရော ဖေဖေတစ်ယောက် ဘယ်လိုဘယ်ပုံ အသက်ရှင်နေထိုင်ရသလဲ။ ဒီမေးခွန်းကို မေမေ မသိချင်ဘူးလား။

ဖေဖေ့ကိစ္စအတွက် မေမေရဲ့ ပြုမူလုပ်ဆောင်ချက်တွေအပေါ် သမီးတစ်ယောက်အနေနဲ့ မေသူ ခံပြင်းလွန်းလှသည်။ အိမ်မှာ တစ်ပတ်လောက် မှုန်ကုတ်ကုတ်ဖြစ်နေသော မေသူ့ကို မေမေက အကျိုးအကြောင်း မေးမြန်း၏။ ထိုအခါ သူမက "ဖေဖေ့ကို သတိရလို့" ဟု အဖြေပေးလိုက်ရာ မေမေက အရေးမပါသလိုနှင့် "အဲဒီအကြောင်းတွေကို ခေါင်းထဲက ထုတ်ပစ်လိုက်" လို့ ပေါ့ပေါ့လေး ပြန်ပြောခဲ့၏။

မေမေ့စကားကြောင့် ရုတ်တရက် မေသူ ပေါက်ကွဲသွားတော့သည်။ အဲဒီမှာ သားအမိနှစ်ယောက် ပြဿနာတွေတက်ကုန်ကြသည်။ မေသူလည်း ဘာကိုမှ မထိန်းချုပ်နိုင်တော့ဘဲ သူမ သိသမျှတွေရော၊ မကျေနပ်မှုတွေရော အားလုံးကို ပြောချပစ်လိုက်၏။

ဒေါ်မေငြိမ်းမှာ မေသူ့ဆီမှ မထင်မှတ်ထားသော သတင်းများနှင့် စွပ်စွဲချက်များကြောင့် အရမ်းတုန်လှုပ်သွားရသည်။ သူမက မေသူ ပြောဆိုသမျှကို မဟုတ်ဘူး တစ်ခွန်းတည်းသာ ငြင်းနိုင်၏။ ဒေါ်မေငြိမ်း တင်မဟုတ် တခြားအိမ်သားများဖြစ်သော ဘွားဘွားကြီးဒေါ်စောရင်၊

www.burmeseclassic.com

www.burmeseclassic.com



အန်တီပု၊ အိမ်ဖော် မစိန်တို့ကပါ မေသူ့စကားတွေကြောင့် ပါးစပ်အဟောင်းသားနဲ့ အံ့သြနေကြ၏။

ဒီလိုအခြေအနေမျိုးတွင် ဒေါ်မေငြိမ်းသည် မေသူ ကျေနပ်လောက်အောင် ဘာမှ ရှင်းမပြဘဲနေလိုက်သည်။ နောက်ဆက်တွဲပြဿနာမှာ မေသူက အခန်းတံခါးပိတ်၍ အမေဖြစ်သူအား အစာအငတ်ခံပြီး ဆန့်ကျင်ခြင်းဖြစ်ပါသည်။ တစ်ရက်၊ နှစ်ရက်၊ သုံးရက်. . .၊ ဒေါ်မေငြိမ်းသည် သမီးကို စိုးရိမ်စပြုလာသည်။ ထိုသုံးရက်အတွင်း ဒေါ်မေငြိမ်းက အိမ်မှာ ဘယ်သူနဲ့မှ စကားမပြောဘဲ တစ်ယောက်တည်း အကြီးအကျယ် စဉ်းစားနေခဲ့၏။ နောက်ဆုံးတွင် သူမက ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချသည်။ သမီး၏အဖေပေါ်မှာထားရှိသော မျှော်လင့်ခဲ့သမျှအားလုံးအတွက် အမှန်တရားကို သူမ ဖော်ထုတ်ပေးရတော့မည်။ သတ်မှတ်ထားသည့် အချိန်မတိုင်သေးပေမယ့် သမီး၏ ထက်သန်လှသော ဆန္ဒကို သူမ တွေ့ခဲ့ရပြီ။ နောက်တစ်ချက်က ဦးရာကျော် ပျောက်ဆုံးမှု နှင့် ပတ်သက်၍ အိမ်သားများကို သတင်းမှန်ထုတ်ပြန်ဖို့ အချိန်တန်ပြီဟု ဒေါ်မေငြိမ်း ဆုံးဖြတ်လိုက်ပါ၏။

ဒါပေမယ့် ဒေါ်မေငြိမ်းမှာ မေသူက အခန်းတံခါးကို လုံးဝဖွင့်မပေးသောကြောင့် အခက်တွေ့နေရ၏။ နောက်တော့ သူမက မေသူ့ သူငယ်ချင်းများ (စန္ဒာ၊ ဟိဟိနှင့် အစွယ်လေးတို့ဆီ) ဖုန်းလှမ်းဆက်၍ အကူအညီတောင်းပါသည်။ ဖြစ်ချင်တော့ သူမတို့၏ ဘဲဘဲများကလည်း နယ်မှပြန်ရောက်စ အလွမ်းသယ်နေကြချိန်မို့ မေသူတို့အိမ်သို့ ပြည်ပြန်

www.burmeseclassic.com

www.burmeseclassic.com



နေသော နောင်နောင်မှအပ၊ အောင်ခိုင်အပါအဝင်) အုပ်စုလိုက်ကြီး ရောက်ချလာကြ၏။ ဒေါ်မေငြိမ်းက ဖြစ်ကြောင်းကုန်စင်ပြောပြတော့ သူငယ်ချင်းများက စိတ်ပူနေပြန်သည်။

ထို့နောက်တွင်တော့ သူငယ်ချင်းများ၏ ချော့မော့ဖျောင်းဖျမှု တွေနှင့် ဒေါ်မေငြိမ်း၏ ကတိစကားများကြောင့် မေသူတစ်ယောက် အခန်းအောင်းနေရာမှ ထွက်လာပါသည်။ မေသူ့အခြေအနေက ထင် သလောက် မဆိုးဝါးလှသဖြင့် အခုမှပင် အားလုံး သက်ပြင်းချနိုင်တော့ သည်။ မေသူက အိမ်ဖော်မစိန် စီစဉ်ပေးသော စွပ်ပြုတ်ရည်တွေကို သောက်နေ၏။ ဒေါ်မေငြိမ်းသည် သူမ၏ ကတိအတိုင်း အိမ်သားများ နှင့် မေသူ့သူငယ်ချင်းများ၏ရှေ့တွင် ဦးရာကျော်ပျောက်ဆုံးမှုနဲ့ ပတ်သက် သော အမှန်တစ်ခုကို ဝန်ခံရလေ၏။ အဓိကအနေဖြင့် သူမက သမီး မေသူကို တိုင်တည်၍ ပြောပြနေသည်။

“တကယ်တော့ သမီးအဖေဟာ သမီးစွပ်စွဲသလို သေသွားခဲ့ပြီ ဆိုတာ မဟုတ်ပါဘူး။ အားလုံးကို အသံလွှင့်ခဲ့သလို ပျောက်ဆုံးနေတာ လည်း မဟုတ်ပါဘူး။ သူရှိနေပါတယ်”

“ဟင်. . .”

“ဘာ. . . ဘယ်လို. . .”

နားထောင်နေသူအားလုံး၏ အံ့ဩရိပ်နှင့် အာမေဋိတ်သံများက ပတ်ဝန်းကျင်ကို ခဏမျှ လွှမ်းမိုးသွားသည်။ ဒေါ်မေငြိမ်းက မပြီးဆုံးသေး သော သူမ၏စကားကို ဆက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"သူရှိနေတယ်ဆိုပေမယ့် လူဝတ်နဲ့တော့ မဟုတ်ပါဘူး။ ကိုရာကျော်ဟာ ပြည်မြို့ရဲ့ နိဗ္ဗိန္ဒဆိုတဲ့ ချောင်လေးမှာ ရဟန်းဘဝနဲ့ အခုထက်ထိ ရှိနေပါတယ်"

ထိုအခိုက် ဘွားဘွား ဒေါ်စောရင်က သူ့ရင်ဘတ်ကို လက်ဖဝါး ဖြင့်ဖိရင်း ဝင်ပြောသည်။

"အလိုလေး. . . ဒါက ဘယ်လိုတွေများ ဖြစ်ရတာလဲ။ ဟဲ့. . . မေငြိမ်း၊ ငါ့ကိုလည်း ရှင်းရှင်းလင်းလင်းပြောပြစမ်းပါဦး"

"ပြောပါ့မယ်အမေ ဒီလိုပါ။ ကိုရာကျော့်မှာ လွန်ခဲ့တဲ့ ငါးနှစ်ကျော်ကျော်လောက်တုန်းက စီးပွားရေးတစ်ခုပဲသိပြီး လောဘဇောကြီးခဲ့တဲ့ အချိန်တစ်ချိန်ရှိခဲ့ဖူးပါတယ်။ သူဟာ အဲဒီအချိန်မှာ နိုင်ငံခြားသား မိတ်ဆွေတစ်ယောက်ရဲ့ အဆွယ်ကောင်းတာကို ရုန်းမရဘဲ ငြိသွားခဲ့တယ်။ အကျိုးအမြတ်ကလည်း မက်လောက်စရာကိုး။ ဒါနဲ့ပဲ ကိုယ်မနိုင်တဲ့ ငွေရင်းရဖို့ အိမ်ဂရမ်နဲ့ ခြံဂရမ်ကို သူ့သူငယ်ချင်း ကိုသန့်ဇော်ဆီမှာ သိန်းငါးရာနဲ့ပေါင်ပြီး အဲဒီနိုင်ငံခြားသားမိတ်ဆွေဆီမှာ ရှယ်ယာဝင်လိုက်တယ်။

အဲဒီနိုင်ငံခြားသားဟာ ကိုရာကျော်ထက် များတဲ့ တခြားရှယ်ယာရှင်တွေကို စောင့်ပြီး လက်ခံနေတုန်း ဒီလူပိုင်တယ်ပြောတဲ့ အမေရိကားက ကုန်တိုက်တစ်ခုဟာ တကယ်မရှိမှန်း ကိုရာကျော်က ကံကောင်းထောက်မစွာ သိခဲ့ရတယ်။

ဒါနဲ့ သူက မသင်္ကာဖြစ်သွားပြီး သူ့နိုင်ငံ သံရုံးကိုရော၊ တခြား အဆက်အသွယ်တွေကိုရော ဆက်စုံစမ်းတော့ အဲဒီပုဂ္ဂိုလ်က အချိုကြီး

www.burmeseclassic.com

www.burmeseclassic.com



လိမ်ဖို့ ကြံစည်နေသူမှန်း သိသွားတော့တာပေါ့။ ကိုရာကျော်က ချက်ချင်း သူ့ရှယ်ယာတွေကို အကြောင်းတစ်ခုပြပြီး သွားပြန်ထုတ်လိုက်တယ်။ ဟိုလူက ပြန်မပေးချင်ပေမယ့် ဒီထက်ပိုများတဲ့ တခြားရှယ်ယာရှင်တွေ မယုံကြည်တော့မှာစိုးပြီး ပိုက်ဆံတွေကို ပြန်ထုတ်ပေးလိုက်တယ်။ ပြီးမှ ကိုရာကျော်က တခြားလူတွေကို သတိပေး၊ သက်ဆိုင်ရာကို သတိပေး လုပ်တော့ ဟိုလူအဖမ်းခံလိုက်ရရော။ အဲဒီကာလတွေမှာ ကိုရာကျော်ဟာ စိတ်ရောလူပါ ပင်ပန်းဆင်းရဲဖြစ်တာပေါ့။ သူ့အနေနဲ့ ဖိအားတွေ အရမ်း များနေတာကြောင့် ကျွန်မကပဲ သူ့ကို ဘုန်းကြီးဝတ်ဖို့ တိုက်တွန်းလိုက်မိတယ်”

စကားတွေ အများကြီးပြောလိုက်ရသဖြင့် ဒေါ်မေငြိမ်းမှာ မောသွားပြီး ခဏနားလိုက်သည်။ လူတွေအားလုံးသည် အပ်ကျသံပင် ကြားရလောက်အောင်ပင် တိတ်ဆိတ်နေရာ သူတို့၏ စိတ်ဝင်စားမှုက ပေါ်လွင်လွန်းနေ၏။ သူမက ဆက်ပြောသည်။

“ကိုရာကျော်ဟာ ဘုန်းကြီးဝတ်နေရာက လူဘဝလည်း ပြန်ရောက်လာရော သူ့ကိုတစ်သက်လုံး ရဟန်းဘဝနဲ့ နေခွင့်ပေးဖို့ ကျွန်မ ဆီမှာ ခွင့်တောင်းတယ်။ ပထမတော့ ကျွန်မက သူ ကျွန်မကို နောက်နေတယ်ထင်တာ။ နောက်. . . သူက တစ်လလောက် ဆက်တိုက် ဒါပဲပြောနေတယ်။ သူဟာ ဗုဒ္ဓရဲ့ အေးချမ်းတဲ့ အရိပ်စစ်ကို တွေ့သွားပြီလို့ ကျွန်မ သဘောပေါက်လိုက်တယ်။ ဒါပေမယ့် ကျွန်မက သူ့ကို သွားဆိုပြီး ဒီအတိုင်းလွှတ်လိုက်ကလည်း မဖြစ်သေးဘူး။ မသွားနဲ့လို့လည်း မပြောရက်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဘူး။ ကျွန်မတစ်ယောက်တည်း စီးပွားရေးလုပ်ငန်းတွေကို ဦးစီးလုပ်နိုင်တယ် ဆိုပေမယ့် ကျွန်မအမေအပါအဝင် ဆွေမျိုးသားချင်းတွေက အရွယ်မရောက်သေးတဲ့ ကလေးနဲ့မိန်းမကိုပစ်ပြီး ဘုန်းကြီးဝတ်သွားတဲ့ သူ့ကို ကြည်ဖြူမှာ မဟုတ်ဘူး။ ဒါကြောင့် ကျွန်မတို့နှစ်ယောက် တိုင်ပင်ပြီး ဒီဇာတ်လမ်းကို ထွင်ခဲ့ရတာပဲ။ သမီးဘွဲ့ရတဲ့နေ့ကျရင် ဒီအကြောင်းတွေကို အားလုံးပြောပြဖို့ ကျွန်မက စီစဉ်ထားတာပါ။ ဒါပေမယ့် အချိန်မတိုင်ခင် အခုလိုတွေဖြစ်လာတော့ စိတ်ရှုပ်စရာတွေ ဖြစ်ကုန်တော့တာပေါ့”

သူတို့အားလုံးလည်း အခုမှပင် ဇာတ်ရည်လည်သွားကြ၏။ မေသူသည် အတွေးများနှင့် တစ်ယောက်တည်း ယောက်ယက်ခတ်ပြီး ဘာကိုယုံရမှန်းမသိနိုင်အောင် ဖြစ်လျက်ရှိသည်။ သူမက နောင်နောင့်ကိုတော့ ယုံချင်သည်။ ဒါဆိုရင်လည်း မေမေပြောတာတွေအားလုံး မှားမှ ဟိုတစ်ဖက်က မှန်ပေလိမ့်မည်။ အမှန်တရားသည် ဒီလိုကိစ္စမျိုးတွင် တစ်ခုတည်းသာ ရှိပါသည်။ Multi Reality တွေ၊ ဘာတွေ လာလုပ်နေ၍ မရ မှန်း သူမ သဘောထား၏။

မေသူက သူမနှင့် နောင်နောင်တို့နှစ်ယောက် အင်းစိန်ကြို့ကုန်းဘက်ရှိ ကိုသူရိန်ဆီသွားတွေ့ခဲ့ပုံကို အိမ်သားများနဲ့ သူငယ်ချင်းများအား ပြောပြသည်။ ဒေါ်မေငြိမ်းသည် မေသူ့စကားကို ဆုံးအောင်နားထောင် ၍ ဖြည်းဖြည်းချင်းပြုံးလာမိ၏။ ပြီးတော့ သူမက စကားကို ခပ်ဖြည်းဖြည်း ပဲ ပြောပါသည်။

“သမီး ခုနတုန်းက နောင်နောင်နဲ့ အတူတူသွားတွေ့ခဲ့တယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ကိုသူရိန်ဟာ မနှစ်တုန်းကပဲ မအူပင်မှာ ကင်ဆာရောဂါနဲ့ ဆုံးသွားခဲ့ပြီ။ မယုံရင် ဟောဒီမှာ မစိန်ကိုမေးကြည့်။ ကိုသူရိန်နဲ့မစိန်တို့က တစ်နယ်တည်းသား အိမ်နီးချင်းတွေပဲ”

အားလုံး၏အကြည့်တွေက မစိန်ဆီကို စုပြုံ၍ ရောက်သွားကြသည်။ မစိန်က ထိုမျက်လုံးတွေကို မေးခွန်းဟူ၍ သဘောပေါက်မိပြီး ပြာပြာသလဲ ဖြေရှာပါ၏။

“ဟုတ်တယ်. . . ဟုတ်တယ်၊ ကိုသူရိန်က မနှစ်တုန်း ကတည်းက ဆုံးသွားပြီလေ။ သတင်းစာမှာတောင် ပါသေးတာပဲ”

မစိန်၏ စကားအဆုံးတွင် မေသူက ခေါင်းကို ပြင်းပြင်းထန်ထန် ခါရမ်းပစ်လိုက်၏။ ခဏကြာတော့ သူမမျက်လုံးများကို စုံမှိတ်လိုက်ပြန်သည်။ နောင်နောင့်ပုံရိပ်များသည် သူမမြင်ကွင်းထဲသို့ တစ်ကွက်ချင်း ပြေးဝင်လာကြသည်။ သူ့အကြောင်းတွေကို နောကျေနေအောင်သိသော အောင်ခိုင်က “နောင်နောင်ကွာ. . . နောက်စရာရှားလို့” ဟု ရေရွတ်လိုက်၏။

မေသူသည် အတိတ်ကာလတုန်းက နောင်နောင်၏ သူများအပေါ် စနစ်တကျ လုပ်ကြံနောက်ပြောင်ခဲ့ပုံတွေကို တစ်ခုပြီးတစ်ခု မြင်ယောင်လာပါသည်။ ရုတ်တရက် သူမ ခေါင်းကို ရမ်းလိုက်မိ၏။

အို. . . ကိုနောင်က ငါ့ကိုအရမ်းချစ်တာပါ၊ ဒီလိုကိစ္စမျိုးမှာတော့ ငါ့ကို သူနောက်မှာ မဟုတ်ပါဘူး။ ဒါမှမဟုတ် တစ်ခုခုလွဲချော်နေတာလည်း ဖြစ်နေနိုင်တာပဲ။

ဗိုက်ကြီးဆီမှ စကားသံတချို့ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခု ပြဿနာက နောင်နောင့်ကို သွားခေါ်ပြီး ကိုသူရိန်အတု ကိစ္စကို ရှင်းခိုင်းရမလိုပဲ"

"ရှင်းတာက ဟုတ်ပါပြီ၊ ဒါပေမယ့် လောလောဆယ် နောင်နောင်က ပြည်မှာ မဟုတ်လား၊ ဘယ်လိုလုပ်မလဲ"

"အင်း. . . ခက်တာပဲ၊ ဘယ်တော့ပြန်လာမယ်ပြောလဲ"

"အဲဒါတော့ ငါလည်း မသိဘူး"

သူငယ်ချင်းတွေ အချင်းချင်း စကားပြောနေစဉ် မေသူ့ခေါင်းထဲ၌ ဖျတ်ခနဲ အတွေးတစ်ခုကို စဉ်းစားမိသွားပါသည်။ မေသူက ထိုင်နေရာမှ ချက်ချင်းထလိုက်၏။

"ဟုတ်ပြီ၊ ကြို့ကုန်းက ကိုသူရိန်ဆီ အခုသွားကြမယ်။ နင်တို့တွေအားလုံး ငါနဲ့လိုက်ခဲ့ကြ"

ဒေါ်မေငြိမ်းသည် လူကြီးပီပီ နောင်နောင့်အပေါ် မည်သည့်မှတ်ချက်မှ မပေးချေ။ သူမက သမီးကိုပဲ စိုးရိမ်စွာ တားလိုက်မိ၏။

"သမီးရယ်. . . အားလည်း မရှိဘဲနဲ့ နေကောင်းမှ သွားပါလား"

"ရပါတယ် မေမေ၊ သမီး ခုနတုန်းက စွပ်ပြုတ်တွေသောက်ထားလို့ အားရှိပါတယ်။ ဒီမှာ ဗိုက်တောင်တင်းနေပြီ"

"ကဲ. . . ပြောမရလည်း သဘောပါပဲရှင်။ ဒါဆို သားတို့၊ သမီးတို့ကပဲ မေသူ့ကို နည်းနည်းလောက် ဂရုစိုက်ပေးလိုက်ကြပါ။ အန်တီ မလိုက်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဟင် မေမေ"

"အဲဒီ ကိုသူရိန်အတုကိုလည်း မေမေ မမြင်ချင်ဘူး။ ပြီးတော့ မေမေအိပ်ရေးပျက်ထားတာ သုံးရက်တောင်ရှိနေပြီဆိုတော့ နေမကောင်းလို့ပါ"

ဒီလိုနှင့် ဒေါ်မေငြိမ်းမှာ ကျန်ရစ်ခဲ့ပြီး သူတို့အုပ်စုကြီးသည် မေသူ့ကားကို မယူဘဲ တက္ကစီနှစ်စီးငှားကာ အင်းစိန်ကြို့ကုန်းအရပ်သို့ ချီတက်လာခဲ့ကြသည်။ မေသူက လူ့ဘဝထဲမှာ ဖေဖေရှိသေးတယ်ဆိုသည့် အသိကြောင့် ဝမ်းသာသလို၊ ကြည်နူးသလို ချစ်သူနောင်နောင်၏ ဘယ်သူ့ကိုမှ မနောက်ပြောင်သင့်သောကိစ္စတစ်ခု၌ သူမအပေါ် စနစ်တကျ လှို့ဝှက်လှည့်စားခဲ့ခြင်းကို အံ့သြတုန်လှုပ်ရ၏။

လမ်းတစ်လျှောက်လုံးတွင်လည်း မေသူက ဒီဖြစ်ရပ်မှာ နောင်နောင် ကြိုတင်ကြံစည်ခဲ့တာ မဟုတ်ပါစေနဲ့ဟု ချစ်သူအတွက် တိတ်တခိုး ဆုတောင်းပေးနေမိသည်။ လေစိမ်းစိမ်းတွေက သူမမျက်နှာအား တရကြမ်းဖြတ်တိုက်သွား၏။ တက္ကစီကားပေါ်တွင် သူငယ်ချင်းများအားလုံး တစ်ယောက်ကိုတစ်ယောက် စကားမပြောကြဘဲ ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သက်စွာ လိုက်ပါလာခဲ့ပါသည်။

မေသူ၏ လမ်းညွှန်မှုဖြင့် သူတို့အုပ်စုကြီးကို တင်ဆောင်လာသော တက္ကစီကားနှစ်စီးသည် ကြို့ကုန်းရှိ နောင်နောင်နှင့် မေသူတို့ ဟိုတစ်ခါ သွားခဲ့ဖူးသော ခြံကြီးရှေ့သို့ ရောက်ရှိလာကြ၏။

အိမ်ရှေ့မှာ လူရိပ်၊လူယောင်လေးတောင် မတွေ့ရ၍ အောင်ခိုင်

www.burmeseclassic.com

www.burmeseclassic.com



က ဦးဆောင်ပြီး သူတို့အားလုံး အိမ်ထဲဝင်လာခဲ့သည်။ ဟော. . . တွေ့ရပါပြီ။ အရှေ့ခန်းကွပ်ပျစ်ပေါ်တွင် လူကြီးတစ်ယောက်တည်း အရက်ဖြူတွေ ထိုင်သောက်နေ၏။ ထိုလူကြီးက သူ့အိမ်ထဲဝင်လာသော လူအုပ်စုကြီးကြောင့် အနည်းငယ်တွန့်သွားကာ အာလေး၊ လျှာလေးကြီးနဲ့ အော်မေးလိုက်သည်။

"ဟေ့. . . ဘယ်သူတွေလဲ၊ ဘာကိစ္စရှိလို့လဲ"

လူကြီး၏မေးခွန်းကို အောင်ခိုင်က ပြန်ဖြေလိုက်ပါ၏။

"ဟို. . . ကျွန်တော်တို့ ကိုသူရိန်နဲ့ တွေ့ချင်လို့ပါခင်ဗျာ"

"ဘယ်က ကိုသူရိန်လဲ"

"ဒရိုင်ဘာ ကိုသူရိန်ပါ"

"ဒီအိမ်က ငါတစ်ယောက်တည်းနေတဲ့အိမ်။ ဒီမှာ ဘာဒရိုင်ဘာ ကိုသူရိန်မှ မရှိဘူး၊ ငါလည်း ဘာကားမှ မမောင်းတတ်ဘူး။ ကားဆိုရင် ဆိုက်ကားတောင် မမောင်းတတ်ဘူးကွ"

"ဒါဆို ဦးလေးက ဘယ်သူတုံး"

"မသိရင်မှတ်ထား၊ ငါ့နာမည်က အဘည။ ငါက မော်ဒန်ကဗျာ ဆရာ၊ ဒရိုင်ဘာ မဟုတ်ဘူး"

လူကြီး၏ အသံများကို နားထောင်ရရုံဖြင့် တော်တော်ထွေနေပြီဆိုတာ သိသာလှ၏။ မေသူက လူမမှားအောင် လူကြီး၏မျက်နှာကို သေချာစွာကြည့်သည်။ ဟုတ်ပါတယ်၊ ဟိုတစ်နေ့တုန်းက တွေ့ခဲ့တဲ့ လူကြီးပါပဲ။ အရင်နှင့်မတူတာတစ်ခုက လူကြီးသည် အရက်တွေမူးပြီး ပေါချာချာကြီးဖြစ်နေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဦးလေး၊ သမီးကို ကြည့်စမ်းပါဦး၊ မှတ်မိရဲ့လား"

ထိုလူကြီးက မေသူ့ကို သေချာကြည့်နေ၏။ ပြီးမှ. . .

"ဟဲဟဲ. . . မြင်တော့မြင်ဖူးသလိုရှိတယ်"

"သမီးက မေသူလေ၊ ဟိုတစ်နေ့တုန်းက နောင်နောင်နဲ့ ဦးဆီ လိုက်လာတဲ့တစ်ယောက်လေ။ အဲဒီတုန်းကပြောတော့ ဦးက သမီးတို့ ငယ်ငယ်က အိမ်မှာကားမောင်းတဲ့ ကိုသူရိန်ဆို၊ အခုကျတော့ အဘဘတဲ့။ နာမည်ပြောင်းသွားတာလည်း မြန်လိုက်တာ"

"အယ်. . . ဒီကလေးမတော့ ခက်နေပြီ၊ ငါ့နာမည်က အဘည ပါ၊ အဘဘ မဟုတ်ပါဘူး"

"ကဲ. . . ထားပါ၊ အဘဘဖြစ်ဖြစ်၊ အဘညဖြစ်ဖြစ် နာမည်က အရေးမကြီးပါဘူး။ ဦးလေး သမီးကို မှတ်မိဖို့ပဲ အရေးကြီးတယ်"

"အေးအေး. . . မှတ်မိပါပြီကွ။ နာမည်က မေသူ၊ မေသူ၊ နောင်နောင်နဲ့ ပါလာတဲ့တစ်ယောက် သိပြီ၊ သိပြီ"

"သိရင် ဦးကို သမီးမေးမယ်၊ ဟိုတစ်ခါလာတုန်းက ဦးဟာ ကိုသူရိန်မဟုတ်ဘဲ ဘာဖြစ်လို့ ကိုသူရိန်လို့ သမီးကို ညာပြောရတာလဲ။ အဲဒီကိစ္စရှင်းစမ်းပါဦး"

"ဩော်. . . ဘာများလဲလို့၊ အဲဒါကလေ ဟိုဟို. . . ဟို. . . နောင်နောင်ပြောခိုင်းလို့ ဦးကပြောရတာပါ"

"ဘာ. . ."

မေသူ့အော်သံကြောင့် အားလုံးလန့်သွားကြ၏။ လူကြီးက မေသူ့ကို ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"သြော်. . . ဖြည်းဖြည်းလုပ်ပါကွ၊ မင်းအော်လိုက်တာနဲ့ ငါ အမူးတောင်နည်းနည်းပြေသွားသလိုပဲ။ နောက်တစ်ခွက်ချဦးမှ"

ပြောပြောဆိုဆို အဘညဆိုတဲ့ လူကြီးက အရက်ဖြူတစ်ခွက် ကို ထပ်ငှဲ့သောက်လိုက်ပြန်၏။ မေသူ့မျက်နှာသည် ဒေါသကြောင့် နီရဲ နေပြီး တစ်ကိုယ်လုံးလည်း တဆတ်ဆတ်တုန်နေသည်။

"ဦးလေးက အရူးလား၊ ဦးနှောက်မရှိဘူးလား။ သူများပြောခိုင်း တိုင်း လျှောက်ပြောရသလား။ ပြောတော့ မော်ဒန်ကဗျာဆရာတဲ့၊ လုပ် တော့ အရူးအလုပ်"

မေသူက အော်သဖြင့် လူကြီးကလည်း ပြန်အော်သည်။

"ဟေ့. . . ဒီမှာ လူကိုစော်ကားချင်စော်ကား၊ အနုပညာကို မစော်ကားပါနဲ့။ ငါက မရူးဘူး၊ အလုပ်တစ်ခုကို အကျိုးမရှိဘဲ ဘယ်တော့ မှ မလုပ်ဘူး"

"အောင်မာ ပြောစမ်းပါဦး၊ ဦးလေးက နောင်နောင်ခိုင်းတဲ့ အတိုင်း ညာပြောတော့ ဘာအကျိုးတွေများ ရှိသွားလို့လဲ"

"ဟာ. . . အရက်တစ်လုံးသောက်ရတယ်လေ၊ အရက်တောင် မှ ဒါမျိုးအဖြူမဟုတ်ဘူး၊ ဝီစကီ၊ ဝီစကီ သိပြီလား။ နောင်နောင်က ဝီစကီအပြင် အမြည်းဖိုးဆိုပြီး ပိုက်ဆံတစ်ထောင်တောင် ထပ်ထည့်ပေး သွားသေးတယ်။ အဲဒါ အကျိုးရှိတာပေါ့"

"ဟယ်. . . မိုက်ရိုင်းလိုက်တာ"

လူကြီးက မူးမူးရူးရူးနှင့် မရှက်မကြောက် လျှောက်ပြောနေ

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ဗိုက်ကြီးနှင့်ချစ်တီးတို့က ဆွဲထိုးမယ် တကဲကဲလုပ်နေ၏။ အောင်ခိုင်က သူတို့နှစ်ယောက်ကို အတင်းဆွဲထားရ၏။ မေသူလည်း ဒေါသက ငယ်ထိပ်ရောက်နေပြီမို့ ဝုန်းဒိုင်းကြဲနေလေသည်။

"အသက်ကြီးပြီး အချိန်မစီးတဲ့အလကားလူကြီး၊ ကိုယ့်အတွက်ပဲ ကိုယ်သိတဲ့ အတ္တဘောကြီး"

အဘညဆိုတဲ့လူကြီးကလည်း မခေလှပေ။ မေသူ့ကို ပြန်ပြောပါ၏။

"အတ္တမကြီးတဲ့လူဆိုလို့ ပြစမ်းပါ၊ မမြင်ဘူးလို့"

"ဒါပေမယ့် ဦးလေးလုပ်ပုံက အရမ်းအောက်တန်းကျတယ်။ ကိုယ့်အလုပ်မှ ကိုယ်အားမနာဘူး။ အရက်တိုက်တာနဲ့ သူများခိုင်းတာလုပ်တာပဲလား"

"လာပြန်ပြီ၊ အနုပညာကို မစော်ကားနဲ့နော်။ ကဗျာရေးတာကသပ်သပ်၊ အရက်တိုက်ရင် သူများပြောစေချင်တာကို ပြောပေးတဲ့ အလုပ်က သပ်သပ် မရောပစ်နဲ့။ ဟီးဟီး. . . ဟီး. . . "

လူကြီးက စကားပြောနေရာမှ ရယ်နေပြန်၏။ ပုံမှန်မဟုတ်တော့။ စန္ဒာက မေသူ့ကို ထပ်မပြောဖို့ ဝင်တားသည်။

"မေသူရယ် အဲဒီလူကြီးကို ကြည့်ရတာ သွပ်ချောင်ချောင်ပါဟယ်။ နင်က အဲဒီလိုလူနဲ့အဖက်လုပ်ပြီး ရန်ဖြစ်မနေနဲ့။ အခုဆိုရင် ငါတို့သိချင်တဲ့အဖြေက နောင်နောင့်လက်ချက်ဆိုတာ ရှင်းနေပြီပဲ။ ပြန်ကြရအောင်နော်. . . လာ. . . လာ. . . "

www.burmeseclassic.com

www.burmeseclassic.com



လူကြီးဆီမှ အော်သံတွေ ထွက်လာပြန်၏။

"အေး. . . ပြန်ကြ၊ ပြန်ကြ၊ မပြန်ရင် ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲပစ်လိုက်မယ်၊ ဘာမှတ်နေလဲ၊ ဟွန်း. . . "

မေသူ့ကို စန္ဒာက ဆွဲ၍လည်းကောင်း၊ ဗိုက်ကြီးနှင့်ချစ်တီးကို အောင်ခိုင်နှင့်ကျော်သူရက ဆွဲ၍လည်းကောင်း သူတို့အုပ်စုမှာ ကြို့ကုန်းမှ တပ်ခေါက်ပြန်လာခဲ့ကြ၏။ အပြန်လမ်း၌ နောင်နောင်နဲ့ပတ်သက်ပြီး ချစ်တီးက စပြောလိုက်သည်။

"နောင်နောင် အရမ်းမိုက်ရိုင်းတယ်။ သူများကို နောက်ပြောင်တယ်ဆိုတာ အတိုင်းအတာရှိတယ်။ အထူးသဖြင့် မေသူ့ကိုဆို ပိုပြီးတော့တောင် မလုပ်သင့်ဘူး"

ဗိုက်ကြီးက. . .

"ငါကတော့ အဲဒီလိုကောင်မျိုးကို လုံးဝ အပေါင်းအသင်းစာရင်းထဲ မထည့်တော့ဘူး၊ အပြတ်ပဲ"

အစွယ်လေးက. . .

"အေးဟယ်. . . နောင်နောင် အရမ်းရိုင်းတာပဲ"

ဟိဟိက. . .

"အဲဒါပေါ့ ခုနက ဟိုလူကြီးရဲ့အစော်ကား ခံရတာလည်း နောင်နောင့်ကြောင့်ချည်းပဲ"

ကျော်သူရက. . .

"နောင်နောင်က ငါတို့သူငယ်ချင်းပါ၊ ဒါပေမယ့် ဒီကိစ္စမှာတော့

www.burmeseclassic.com

www.burmeseclassic.com



ငါက မေသူ့ဘက်က နေရမှာပဲ”

စန္ဒာက. . .

“ငါကတော့ အဲဒီနောင်နောင်ဆိုတဲ့ကောင်ကို ပါးချည်းပဲ ရိုက်ပစ်ချင်တာပဲ”

ထိုသို့ တစ်ယောက်တစ်ပေါက် ဝိုင်းပြောနေကြချိန်တွင် မေသူက အံကိုပဲ တင်းတင်းကြိတ်ထားမိပါသည်။ အောင်ခိုင်က စဉ်းစားချင့်ချိန်နေပြီးမှ မေသူ့ကို ပြော၏။

“အခုကိစ္စမှာ နောင်နောင် နင့်ကို အကြီးအကျယ် (Foul) ဖောင်းတာပဲ။ ဒါပေမယ့် ငါတို့ မမြင်နိုင်တဲ့ ရှုထောင့်တစ်ခု ရှိလိမ့်ဦးမယ်လို့ ငါထင်နေတယ်”

အစွယ်လေးက အောင်ခိုင့်ကို ဝင်ပြောသည်။

“လုပ်မနေစမ်းပါနဲ့ အောင်ခိုင်ရယ်၊ ဆင်သေကို ဆိတ်သားရေနဲ့ ဖုံးဖို့ ကြိုးစားမနေစမ်းပါနဲ့။ နောင်နောင့်လုပ်ရပ်ဟာ မေသူ့ကို တမင်ရည်ရွယ်ချက်ကြီးနဲ့ လုပ်ခဲ့တာ ထင်ရှားနေပြီ၊ လုံးဝငြင်းလို့မရဘူး။ အဲဒီနောင်နောင်ဆိုတဲ့ကောင်ဟာ ငါတို့သူငယ်ချင်းတွေအားလုံးအတွက် အန္တရာယ်ကောင်တစ်ကောင်ပဲ”

“ဟုတ်ပါပြီ၊ ငါကလည်း သူ့ဘက်က ရပ်ပြီးပြောတာ မဟုတ်ပါဘူးဟ။ ကဲ. . . မေသူ၊ နင် နောင်နောင်နဲ့ပတ်သက်ပြီး ဘယ်လိုဆုံးဖြတ်မလဲ၊ နင့်မှာ ဘာအစီအစဉ်တွေ ရှိသလဲ”

မေသူက အောင်ခိုင်ဆီသို့ စူးခနဲတစ်ချက်စိုက်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူမက ဘယ်သူ့ကိုမှ မရည်ရွယ်ဘဲ ခနော်ခနဲ့လေး ပြုံးလိုက်ပါသည်။

"ငါ့ရင်ထဲမှာ သူနဲ့ပတ်သက်လို့ ဘာမှမရှိတော့ဘူး၊ အားလုံးဟင်းလင်းပြင်ပဲ။ ဒါပေမယ့် သာမန်မျက်စိနဲ့ မမြင်ရနိုင်တဲ့ ဟိုး. . . အတွင်းဆုံးထဲမှာ အမြစ်တစ်ခုတော့ ကျန်နေသေးတယ်။ အဲဒါကို ဆွဲနုတ်ပစ်ဖို့တော့ ငါအချိန်နည်းနည်းယူရလိမ့်မယ်။ ငါ့အတွက် သိပ်လည်း စိတ်ပူမနေကြပါနဲ့ သူငယ်ချင်းတို့ရာ. . ."

စကားဆုံးတော့ မေသူက ဖွဖွလေး ရယ်မောမိသွားသည်။ သို့သော်. . . ဘယ်သူမှ သူမနဲ့အတူ လိုက်မရယ်ဖြစ်ကြ။ ထိုနေ့က အေးစက်သော အငွေ့အသက်များတွင် သူတို့အားလုံး အသက်ရှူမြန်ဆန်နေခဲ့ကြပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၃)

ဇန်နဝါရီနံနက်ခင်း အသစ်တစ်ခုသည် ဆောင်း၏ မြူနှင်းများကြားတွင် ပုန်းခိုနေခဲ့သည်။ ပထမဦးဆုံး ကျောင်းတွေပြန်ဖွင့်သည့်နေ့မို့ ကျောင်းသား၊ ကျောင်းသူများမှာ အထူးပျော်ရွှင်တက်ကြွနေကြ၏။

နောင်နောင်က သူငယ်ချင်းတွေတစ်ယောက်မျှ မတွေ့ရသဖြင့် အဓိပတိလမ်းအတိုင်း တစ်ယောက်တည်း လမ်းလျှောက်လာခဲ့သည်။ ဗိုက်ကြီးနှင့်ချစ်တီးတို့ကို ညက အဆောင်မှာ မတွေ့ရသဖြင့် သူ မေးကြည့်မိသေး၏။ အဆောင်ပြောင်းသွားသည်ဟု သိရ၏။ ဘာဖြစ်လို့လဲဟု သူက မေးတော့ မသိဘူးဆိုသည့်အဖြေကိုသာ ကြားရပါသည်။

အကြောင်းတစ်ခုခုတော့ ရှိပေလိမ့်မည်။ တွေ့မှပဲ မေးတော့မယ်လို့တွေးကာ သူ လမ်းဆက်လျှောက်လာခဲ့သည်။ သူတစ်ယောက်တည်း လမ်းလျှောက်ရင်းနှင့် အချိန်အနည်းငယ်ကို ဖြုန်းတီးပစ်မိ၏။ နောက်တော့ သူက ယမ်းဘီလူးဆိုင်ဆီသွားသည်။ ဘယ်သူ့ကိုမှ မတွေ့

www.burmeseclassic.com



ရသဖြင့် နောင်နောင်က တစ်ယောက်တည်း လက်ဖက်ရည်မှာသောက်သည်။ အတန်းထဲသွားရှာရအောင်ကလည်း ဒီလိုနေ့မျိုးတွင် ဘယ်သူကမှ အတန်းတက်မှာ မဟုတ်မှန်းကို သူသိနေ၏။

လက်ဖက်ရည်တစ်ခွက်ကုန်သွားတော့ နောက်တစ်ခွက်ကို ထပ်မှာသောက်ပြန်သည်။ ပြီးတော့ အိတ်ထဲမှ ပစ်တိုင်းထောင်ဆေးပေါ့လိပ်တစ်လိပ်ကို သူထုတ်၍ဖွာသည်။ စက္ကန့်လက်တံလေးများက တစ်ပတ်ပြီးတစ်ပတ် လည်ပတ်နေကြ၏။ သူက ယမ်းဘီလူးဆိုင်မှာ တစ်ယောက်တည်းထိုင်မြဲထိုင်နေပါသည်။

* * *

ထိုအချိန်၌ မေသူအပါအဝင် သူငယ်ချင်းများအားလုံးသည် နောင်နောင် မထင်မှတ်ထားသော အတန်းထဲမှာ ရှိနေကြသည်။ မေသူက သူငယ်ချင်းတွေရှေ့မှာ တစ်ချိန်တုန်းက နောင်နောင် သူမကို ပေးခဲ့သော စာချုပ်စာရွက်ပေါ်မှ ရည်းစားစာကို နောက်ဆုံးအကြိမ်အဖြစ် ပြန်ဖတ်ကြည့်လိုက်ပါ၏။ ဖတ်ပြီးသွားတော့ သူမက နှုတ်ခမ်းကို ရွဲ့လိုက်ပြီး စာချုပ်စာရွက်အား အောင်ခိုင့်လက်ထဲထည့်ပေးလိုက်သည်။ အနားမှာ ရှိသော ဗိုက်ကြီးက အောင်ခိုင်နှင့်ပူး၍ စာချုပ်စာရွက်ကို ဖတ်နေသည်။ ဗိုက်ကြီးက ဖတ်နေရင်းမှ. . .

"နောင်နောင်ဆိုတဲ့ကောင်က တော်တော်ပလီစိချောက်ချက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့ကောင်ပဲ မေသူ။ နင်မသိသေးတာတစ်ခုကို ငါပြောပြရဦးမယ်။ ဒီစာချုပ်ပေါ်မှာ ရေးထားတဲ့ သူ့အဖေနဲ့အမေရဲ့ ထောက်ခံချက်ဆိုတာက အတုကြီးဟ သိလား။ ငါတို့ရှေ့တင်ပဲ အဆောင်မှာ ကျော်သန်းဆိုတဲ့ ကောင်ကို လက်ရေးမတူအောင် နောင်နောင်က ရေးခိုင်းခဲ့တာ၊ နော်. . . ချစ်တီးနော်။ အဲဒီတုန်းက မင်းလည်း ရှိတယ်မှတ်လား”

ချစ်တီးက မဆိုင်းမတွပင် ဗိုက်ကြီး၏စကားကို ထောက်ခံလိုက်၏။

“ဟုတ်ပ့ါ၊ သိပ်ရှိတာပေ့ါ။ ငါတောင် အဲဒီတုန်းက နောင်နောင့်ကို ဉာဏ်တော်တော်များတဲ့ကောင်ဆိုပြီး ပြောလိုက်သေးတယ်”

မေသူသည် ရှုံးနေပါလျက် ထပ်မံအရှိုက်ကို အထိုးခံလိုက်ရသူတစ်ယောက်လို နာကျင်သွားရသည်။ အောင်ခိုင်က ထိုအဖြစ်အပျက်အား သဘောပေါက်စွာ အဖတ်ဆယ်ဖို့ ကြိုးစားကြည့်မိ၏။

“ဟုတ်လို့လား ချစ်တီးရာ၊ မင်းတို့ကလည်း သူငယ်ချင်းအချင်းချင်း မီးလောင်ရာလေပင့်နေပြန်ပြီ”

ချစ်တီးက. . .

“ဘာလို့ မဟုတ်ရမှာလဲ။ ငါတို့က နောင်နောင့်ကို လုပ်ကြံပြီး ပုတ်ခတ်နေတာ မဟုတ်ဘူး၊ အမှန်တရားကို ပြောပြနေတာ။ မင်းလည်း စဉ်းစားကြည့်လေ၊ မေသူ့ကို ဒီနေ့မှာ ခိုင်မာတဲ့ ကမ်းလှမ်းမှုမျိုး လုပ်ပ့ါမယ်လို့ပြောခဲ့ပြီး နောက်တစ်နေ့ကျတော့ အဲဒီစာချုပ်ကိုပေးတယ်။ သူ့အဖေတွေ၊ အမေတွေက ပြည်မှာနေတာ၊ တစ်ရက်တည်းနဲ့ သူဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး အဲဒီထောက်ခံချက်ကို ရနိုင်မှာလဲ။ ပြီးတော့ နောင်နောင် အဲဒီညမှာ ဘယ်ကိုမှမသွားဘူး၊ အဆောင်မှာပဲ ငါတို့နဲ့အတူတူရှိနေခဲ့တာ တစ်ဆောင်လုံးသိတယ်။ အဲဒီစာချုပ်က လိမ်ဆင်ကြီးဥစ္စာ”

ထိုအချိန်မှာတော့ အောင်ခိုင်လည်း ဘာမှကို မတတ်နိုင်ဘဲ ခေါင်းကိုသာ ရမ်းနေမိသည်။ မေသူက အံကိုတင်းနေအောင် ကြိတ်ထား၏။ စန္ဒာက မှတ်ချက်ဝင်ပေးပြီး မေသူ့ကို နှစ်သိမ့်ရပါသည်။

“ချစ်တီးပြောတာ ဟုတ်တယ်၊ အဖြေက အရှင်းကြီးပဲ။ အဲဒီအချိန်တုန်းကတော့ ငါတို့အားလုံး ဒါကို မစဉ်းစားမိခဲ့ကြဘူး။ နောင်နောင်ဆိုတဲ့ကောင်ဟာ မိန်းကလေးတစ်ယောက်ရဲ့ ရင်ထဲရောက်အောင် ဘယ်လိုသွားရတယ်ဆိုတာ အရမ်းကျွမ်းကျင်လွန်းတယ်။ နင် ကိုယ့်ကိုယ်ကို သိပ်လည်း အပြစ်တင်မနေပါနဲ့ မေသူရယ်။ ဒါမျိုးက ငါတို့ ဘယ်သူဖြစ်ဖြစ် နင့်လိုပဲဖြစ်ကြမှာပဲ။ သူက တော်လွန်းနေတာကိုး”

မေသူ ခေါင်းငိုက်စိုက်ကျသွား၏။ ထိုစဉ် ကျော်သူရက တစ်ခုခုကို ရုတ်တရက် စဉ်းစားမိကာ စကားဝိုင်းထဲ ဝင်ပါလာသည်။

“နောင်နောင် တော်တယ်ဆိုတာ ဟုတ်ပါတယ်၊ ဒါပေမယ့် သူတော်တာက သူများကို လုပ်ကြံဖို့တော်နေတာဆိုတော့ ကျန်တဲ့လူတွေအတွက် အရမ်းအန္တရာယ်များတယ်။ ငါတော့ မေသူ့ကို အားနာတယ်၊ ဒီစာချုပ်ပေါ်မှာ ဝင်ပြီးထောက်ခံခဲ့မိတဲ့အတွက်လည်း မေသူ့ကို တောင်းပန်ပါတယ်၊ ပေး. . . အဲဒီစာချုပ်”

ကျော်သူရက ပြောပြောဆိုဆို အောင်ခိုင့်လက်ထဲမှ စာချုပ်

www.burmeseclassic.com

www.burmeseclassic.com



စာရွက်ကို လှမ်းယူလိုက်ပြီး စာချုပ်၏နောက်ကျောဘက်တွင် "လူလိမ် တစ်ယောက်ကို ထောက်ခံမိခဲ့တဲ့အတွက် ငါမှားပါတယ်၊ ခွင့်လွှတ်ပါ မေသူ" ဟု ရေးချလိုက်၏။ ကျော်သူရပြီးသွားတော့ ချစ်တီးနဲ့ဗိုက်ကြီးတို့က သူတို့နည်း၊ သူတို့ဟန်ဖြင့် နောင်နောင့်ကို မေသူက မုန်းသင့်ကြောင်း ဝိုင်းရေးကြကုန်၏။

အဲဒီတုန်းက နောင်နောင့်ကို ထောက်ခံခဲ့သည့် ယောကျ်ားလေး တွေအားလုံးက ပြန်လည်ကန့်ကွက်သောစာကို ရေးပြီးသွားပြီမို့ နောက် ဆုံးတွင် အောင်ခိုင်လည်း ရေးရလေတော့သည်။ ယောကျ်ားလေးတွေ ရေးပြီးသွားတော့ မိန်းကလေးတွေကလည်း အားကျမခံ ရေးကြပြန်ပါ သည်။ မေသူက စာချုပ်စာရွက်၏နောက်ကျောဘက်ရှိ သူငယ်ချင်းတွေ ရေးထားသော စာတွေကို ဖတ်ကာ ပြုံးလိုက်၏။ ဒါပေမယ့် သူမအပြုံး တွင် နာကျင်မှုက ထင်ရှားလွန်းနေသည်။

ထိုအခိုက် အစွယ်လေးက မေသူ့ကို အတန်းရှေ့ ကော်ရစ်ဒါ ဆီသို့ မေးငေါ့၍ ပြလိုက်သည်။ နောင်နောင်. . .

သူက သူမကို ခပ်တည်တည် စူးစိုက်ကြည့်နေ၏။ နောက်. . . သူက မေသူ့ဆီ အပြုံးလျော့လျော့လေးကို ပို့လွှတ်လိုက်ပါသည်။ နောင် နောင် အံ့ဩသွား၏။ မေသူ့မျက်ဝန်းတွင် မုန်းတီးနာကျင်သော အရိပ် အငွေ့များကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။ သူငယ်ချင်းတွေကို လည်း ကြည့်လိုက်တော့လည်း သူမနှင့် တစ်ပုံစံတည်းဖြစ်နေလေသည်။

သူများတွေ၏ အရိပ်အကဲကို ကျွမ်းကျင်စွာ ခန့်မှန်းသိရှိနိုင်သူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မို့ ဒါ သူ့ကို နောက်ပြောင်နေတာ မဟုတ်မှန်း နောင်နောင် သဘောပေါက်လိုက်၏။

“ငါဘာများ မှားယွင်းမိလို့လဲ” ဟု ကိုယ့်ကိုယ်ကို အဖြေရှာကြည့်မိတော့ ကျေနပ်လောက်စရာ အဖြေကို သူမတွေ့ရ။ နောင်နောင်က သူငယ်ချင်းများအားလုံး၏ အကြည့်တွေကို ဥပေက္ခာပြုလျက် အတန်းထဲသို့ ဝင်လာခဲ့၏။ သူငယ်ချင်းတွေအားလုံးကို ရည်ရွယ်ပြီး သူက မေးခွန်းတစ်ခုကို ထုတ်လိုက်မိသည်။

“မင်းတို့တွေ ဘာဖြစ်နေကြတာလဲဟင်”

ဘယ်သူကမှ သူ့ကို အဖက်လုပ်ပြီး မတုံ့ပြန်ကြ။ သို့သော် နောင်နောင်က ဇွဲမလျှော့သေးဘဲ ပစ်မှတ်ပြောင်း၍ ထပ်ကြိုးစားကြည့်သည်။

“ဟေ့ကောင်. . . ဗိုက်ကြီး၊ မင်းတို့ အဆောင်ပြောင်းသွားတယ်ဆို၊ ဘယ်ကိုပြောင်းသွားတာလဲ။ ဘာဖြစ်လို့လဲ”

“ဘာဖြစ်လို့လဲဆိုတော့ မင်းလိုကောင်မျိုးနဲ့ တစ်ဆောင်တည်း အတူမနေချင်လို့ပဲ”

သူက အံ့ဩစွာ သံယောင်လိုက်မိသည်။

“ငါနဲ့အတူမနေချင်လို့ ဟုတ်လား”

ချစ်တီးက. . .

“ဗိုက်ကြီး ဒီလိုကောင်မျိုးကို အဖက်လုပ်ပြီး စကားပြောမနေနဲ့။ လာ. . . သွားမယ်”

ပြောပြီး ချစ်တီးက အတန်းထဲမှ ဦးဆောင်ကာ စထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်မှ ကျန်လူတွေက တစ်ယောက်ပြီးတစ်ယောက် လိုက်ထွက်သွားကြသည်။ နောက်ဆုံးတွင် အတန်းထဲ၌ မေသူနှင့် အောင်ခိုင်နှစ်ယောက်သာ ကျန်တော့၏။ မေသူက အောင်ခိုင့်ကို ပြောလိုက်၏။

"အောင်ခိုင်. . . နင်အပြင်ကိုခဏထွက်ပေး၊ ငါးမိနစ်လောက်ပဲစောင့်။ သူနဲ့စာရင်းရှင်းပြီး ငါလိုက်ထွက်လာခဲ့မယ်"

အောင်ခိုင်က မေသူ့စကားကို ခေါင်းတစ်ချက်ညိတ်ပြပြီး အတန်းထဲမှ ထွက်သွားပါသည်။ သူသည် ဒီလောက်မြန်မြန်ဆန်ဆန်ကြီး ပြောင်းလဲသွားကြသော သူငယ်ချင်းတွေအားလုံးကို နားမလည်နိုင်ဘဲ ရှိ၏။ မေသူ၏ ရဲဝံ့သောမျက်ဝန်းတွေက စူးလက်စွာ သူ့ကိုကြည့်နေသည်။

သူမက လက်ထဲတွင်ကိုင်ထားသည့် စာချုပ်စာရွက်ကို သူ့အား ပေးလိုက်၏။ သူသည် အကျိုးအကြောင်းကို သိလိုစိတ်ဇောကြီးစွာ စာချုပ်စာရွက်ကို ဖတ်ကြည့်နေသည်။ ရှေ့ဖတ်ပြီးသွားတော့ နောက်ကျောဘက်ကို သူ ဆက်ဖတ်၏။ နောက်. . . နားမလည်သေးသော မျက်လုံးတွေနဲ့ သူမကို မော့ကြည့်သည်။

"မေသူ. . . ဒါ ဘယ်လိုတွေဖြစ်ကုန်ကြတာလဲ"

အို. . . ဒါ. . . သူ နားမလည်တာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ သူ့ထုံးစံအတိုင်း ပီပြင်စွာ ဟန်ဆောင်လိမ်ညာမှုတစ်ခုပဲ ဖြစ်မှာပေါ့။

မေသူက နောင်နောင့်ကို ပြောလိုက်ပါ၏။

"အခုချိန်အထိ ရှင်က ရူးချင်ယောင်ဆောင်နေတုန်းဆိုတော့ မေသူကလည်း ရှင်းအောင်ပြောပြရမှာပေါ့။ မေသူတို့အားလုံး အင်းစိန်

www.burmeseclassic.com

www.burmeseclassic.com



ကြို့ကုန်းမှာ ကိုသူရိန်အတုနဲ့ နောက်တစ်ခါထပ်တွေ့ပြီးသွားပါပြီ။ ပြီးတော့ မေသူ့ဖေဖေကိုလည်း အသက်ရှင်လျက် ပြန်တွေ့ရတော့မယ်။ ဖေဖေ့ကို ကူညီပြီး ဝိုင်းရှာပေးခဲ့တဲ့ ရှင့်ကို ကျေးဇူးတင်ပါတယ်။ ဒီတော့ မေသူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးအားလုံးဟာ ဒီနေ့ပဲ ပြီးဆုံးသွားပြီလို့ ရှင်မှတ်ထားပါ။ အိုကေ. . . နော်၊ ရှင်ကလူလည်ပဲ၊ ဒီလောက်ပြောရင် နားလည်မှာပါ"

နောင်နောင်သည် အရာရာအားလုံးကို ရှင်းပြ၍ မရနိုင်တော့မှန်း သဘောပေါက်သွားပါသည်။ ကြောက်စရာကောင်းသော ကံကြမ္မာ၏ အလှည့်အပြောင်းသည် သူ့ကို မထင်မှတ်သည့်ထောင့်မှ ဝင်ရောက်တိုက်ခိုက်ခဲ့လေပြီ။

ဒီဘဝအတွက် မေသူ ဆိုသည့် ချစ်စဖွယ်ကောင်မလေးအား ဆုံးရှုံးရတော့မည်ဟု သူတွေးမိကာ ဝမ်းနည်းသွားသည်။

သူက ကိုယ့်ကိုယ်ကို သတိမထားမိခင်အချိန်လေးအတွင်း ရယ်မောပစ်လိုက်မိ၏။ သူ့ရယ်သံကြောင့် ကော်ရစ်ဒါတွင် ရပ်စောင့်နေကြသောသူငယ်ချင်းများက အတန်းထဲကို လှမ်းကြည့်ကြသည်။ မေသူက. . .

"ရှင့်ကို ဟိုတုန်းက မေသူ အချက်လေးချက်ပြောပြီးချစ်ခဲ့တယ်။ အဲဒီတုန်းက ရှင် ဆုတောင်းခဲ့သလိုပဲ အခု ရှင့်ကိုမုန်းတဲ့အခါ အချက်လေးချက်ထက်မပိုပါဘူး။ ရှင့်ကို မေသူ မုန်းတီးစက်ဆုပ်သွားရတဲ့အချက်က တစ်ချက်တည်းပဲရှိပါတယ်။ အဲဒါကတော့ ရှင်ဟာ ကျွန်မမျှော်လင့်ချက်တွေကို လိမ်ညာဖျက်ဆီးခဲ့လို့ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသည်နှင့် မေသူက ထိုနေရာမှာ သူ့ကိုထားရစ်ကာ အတန်းအပြင်သို့ ထွက်လာပါသည်။ ပြီးတော့ သူမကို စောင့်နေကြသော သူငယ်ချင်းအုပ်စုကြီးနဲ့အတူ တရွှေ့ရွှေ့ထွက်ခွာသွားခဲ့၏။

နောင်နောင်က လူတစ်ယောက်မှမရှိသော အတန်းထဲမှာ အိပ်မက်, မက်နေသူတစ်ဦးလို ယောင်နနနှင့်တစ်ယောက်တည်း ကျန်ရစ်ခဲ့ပါသည်။ လူ့ဘဝဆိုတာ တစ်ခါတစ်ရံတော့လည်း ဒီလိုအတွေ့အကြုံမျိုးကို ခါးသီးစွာ လက်ခံရတတ်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ဒီနေ့သည် တနင်္ဂနွေကျောင်းပိတ်ရက်ဖြစ်သော်လည်း နောင်နောင်က ကျောင်းဝင်းထဲမှာ ဟိုငေး၊ ဒီငေးနှင့် လျှောက်သွားနေခဲ့သည်။ ပြီးတော့ သူတစ်ယောက်တည်း ပြုံး၏။ နောက်. . . ရယ်ပြန်သည်။ တဖြည်းဖြည်း သူ့မျက်နှာက ငိုမဲ့မဲ့ဖြစ်လာသည်။

ကျောင်းပတ်ဝန်းကျင်ရှိ အမှတ်တရများကို နောက်ဆုံးအကြိမ်အဖြစ် သူအားရအောင် အဝကြည့်နေမိ၏။ ယူကလစ်ပင်ရှည်ရှည်ကြီးများ၏ ထိပ်ဖျားပိုင်းသည် လေကြောင့် ယိမ်းထိုးလှုပ်ခတ်နေတာ မြင်ရ၏။ ထို့နောက် အရိပ်များ. . .။ အရိပ်များကြားမှ မေသူ့မျက်နှာက ဖျတ်ခနဲပေါ်လာ၏။

နေ့ခင်းကြောင်တောင်ကြီး တစ္ဆေအခြောက်ခံရသူတစ်ယောက်လို သူ တုန်လှုပ်နေမိသည်။ နောင်နောင်က သူ့ကိုလွှမ်းမိုးထားသောအရာများအား စိတ်ထဲမှ မောင်းထုတ်လိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို သူ လုံးဝ မကြောက်လန့်နိုင်ပါ။ သူ့မှာ သတ္တိရှိလွန်းလို့တော့ မဟုတ်၊ နောင်နောင့်ကို ဒီအဖြစ်အပျက်တွေနှင့်ပတ်သက်ပြီး သူမအပါအဝင် သူငယ်ချင်းတွေအားလုံးက ရှင်းပြခွင့်လေးတောင် မပေးခဲ့ဘဲ အတွင်းစည်းဝိုင်းထဲမှ ထုတ်ပယ်ခဲ့ကြသည်။ သူ့ဘက်က သေချာပေါက်ပြောနိုင်သည်မှာ ကိုယ့်ကိုယ်ကို လိပ်ပြာလုံသည့်အချက်တစ်ချက်သာရှိပါသည်။ သူသည် မေသူ့ကို စေတနာအရင်းခံနှင့် ဖြူစင်စွာ ကူညီခဲ့မိခြင်းဖြစ်၏။ ဒါပေမယ့် အခြေအနေက အခုလိုတွေ ဖြစ်ကုန်သည်။ ကံကြမ္မာက သူ့ကို အညှိုးနှင့် နောက်ကျောမှ ဝင်ရောက်တိုက်ခိုက်ခြင်း မို့ သူနည်းနည်းတော့ ခံပြင်းလေသည်။

နောင်နောင်က ပြဿနာ၏ အရင်းအမြစ်ကို ပြန်လည်စုံစမ်းကြည့်မိသည်။ အကြောင်းစုံကိုသိတော့ သူ့မှာ ဘယ်သူ့ကို အပြစ်တင်လို့တင်ရမှန်းမသိဖြစ်သွားရ၏။

အဲဒီတုန်းက သူသည် မေသူ့အဖေ ပျောက်ဆုံးမှုအတွက် ကူညီရန် ကျောင်းပိတ်ချိန်၌ ပြည်ကိုတောင် မပြန်ဘဲ အားသွန်ခွန်စိုက် ကြိုးစားခဲ့ပါသည်။ ပထမဦးဆုံး သူက သူမအဖေ၏မိတ်ဆွေရှေ့နေ ဦးညီပုဆီ ထပ်မံသွား၏။ ဦးညီပုက သူ့ကို ကိုသူရိန်၏ အဖြစ်အပျက်တွေကို ပြောပြခဲ့ပြီး ကိုသူရိန်သည် မော်လမြိုင်ဘက်ရှိ ရွာတစ်ရွာတွင် ဇာတ်မြှုပ်နေထိုင်လျက်ရှိကြောင်း ပြောခဲ့သည်။

ဒီမှာတင် နောင်နောင်က သွားရှာဖွေရန် မလွယ်ကူသော ကိုသူရိန်နေရာမှာ အဘညဆိုသည့် ကဗျာဆရာအား လူစားထိုး၍ ဦးညီပု

www.burmeseclassic.com

www.burmeseclassic.com



ပြောပြခဲ့သမျှကို မေသူ့အား တစ်ဆင့်ပြန်လည်ပြောပြစေခဲ့ခြင်းဖြစ်၏။ သူ အခုမှ ပြန်စုံစမ်းကြည့်တော့ ဦးညီပုသည် ပကတိလူကောင်း မဟုတ်ဘဲ စိတ်ကစဥ့်ကလျားဖြစ်သည့်ရောဂါတစ်မျိုးအား ခံစားနေရသူဖြစ်နေသည်။ ထိုရောဂါကြောင့် ဦးညီပုသည် တကယ့်ဖြစ်ရပ်တချို့အား အခြေခံ၍ သူ ထင်ရာ၊ မြင်ရာတွေကို စိတ်ကူးဖြင့် ထင်သလို လျှောက်ပြောခဲ့ခြင်းဖြစ် ပါသည်။

ဒါကြောင့်ပင် သူသည် ရွှေ့နေအလုပ်မှ အချိန်မတိုင်မီ အနား ယူခဲ့ရ၏။ အခုတော့ ရှုပ်ထွေးသော အခြေအနေများနှင့် မမျှော်လင့်ထား သည့် အပြောင်းအလဲတွေကိုသာ လက်ခံနိုင်ဖို့ နောင်နောင် ကြိုးစားနေ မိသည်။ သူက အရူးတစ်ယောက်လို အော်ရယ်ပစ်လိုက်၏။ ဒီတစ်ခါတော့ "လူပါးပုလင်းထိ" ဆိုသလို နောင်နောင် လုံးဝ မထင်မှတ်ထားသည့် ထောင့်ကွယ်တစ်နေရာမှ ကံကြမ္မာသည် သူ့ကို အလဲထိုးသွားနိုင်ခဲ့ပြီ။

အဲဒီတနင်္ဂနွေနေ့က နောင်နောင်တစ်ယောက် ညနေခင်းမှ မိုးချုပ်နေဝင်သွားသည်အထိ အဓိပတိလမ်းပေါ်မှာ ရှိနေခဲ့ပါသည်။

* * *

ထိုအချိန်မှစ၍ တက္ကသိုလ်ကျောင်းတော်ကြီးထဲတွင် အချစ် ပုံပြင်တစ်ပုဒ်မှာ အဆုံးသတ်ခဲ့ရသည်။ နောင်နောင်သည်လည်း ကျောင်း ဆက်မတက်တော့ဘဲ ပျောက်ခြင်းမလှပျောက်သွားခဲ့၏။ သူငယ်ချင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက နောင်နောင် ကျောင်းဆက်မတက်တော့တဲ့ကိစ္စကို ဘာသိဘာသာပင် နေခဲ့သော်လည်း သူ့အခြေအနေမှန်ကို သိလိုသဖြင့် စိတ်လှုပ်ရှားနေသော လူနှစ်ယောက်က ရှိနေသေးသည်။ အဲဒီနှစ်ယောက်ကတော့ မေသူနှင့် အောင်ခိုင်တို့ပဲ ဖြစ်ကြလေသည်။

အဲဒီကာလအတွင်း ဦးညီပု ဆုံးသွားကြောင်းကို သတင်းစာ ထဲမှာ သူတို့ဖတ်ရ၏။ ကံအားလျော်စွာ ဦးညီပု၏ ရောဂါအကြောင်းကို လည်း ဒေါ်မေငြိမ်းဆီမှ သူတို့သိခွင့်ရခဲ့သည်။ သူတို့နှစ်ယောက်ပေါင်းပြီး ပြည်မြို့ရှိ နောင်နောင့်မိသားစုထံ သတင်းစုံစမ်းကြည့်မိ၏။ နိုင်ငံခြားသို့ နောင်နောင် အပြီးထွက်ခွာသွားပြီဟု သူ့အမေ ဒေါ်ခင်မေဝင်းကိုယ်တိုင် သူတို့ကို ပြောပြခဲ့ပါသည်။

နောင်နောင် မရှိတော့ပေမယ့် သူတို့သူငယ်ချင်းအုပ်စုကြီးမှာ အရင်ဆက်ဆံရေးအတိုင်းပင် တက္ကသိုလ်ကျောင်းသားဘဝကို ဆက်လက် ဖြတ်သန်းခဲ့ကြရ၏။ ထူးခြားချက်များအနေဖြင့် အောင်ခိုင် ကြိုးစားနေ သည့် ဥပဒေကွင်းဘွဲ့ရ ‘ကေသွယ်’ ဆိုသော ကောင်မလေးမှာ မထင် မှတ်ဘဲ ယောကျ်ားရသွားခြင်းနှင့် ကျော်သူရနဲ့ဟိဟိအတွဲက ကျောင်း မပြီးခင် ခိုးပြေးသွားခဲ့ခြင်းတို့ဖြစ်ကြသည်။ အောင်ခိုင်သည် သူအသည်း အသန်လိုက်နေသည့် ကောင်မလေးက တခြားတစ်ယောက်နှင့် လက်ထပ် သွားခြင်းကို အပြုံးမပျက် ရင်ဆိုင်နိုင်ခဲ့၏။ မိန်းမတစ်ယောက်ကြောင့် ဘဝပျက်ကြသူများစာရင်းမှာ အောင်ခိုင် မပါဝင်သဖြင့် သူငယ်ချင်း တွေက ဝမ်းသာကြရပါသည်။ သူတို့အားလုံးမှာ နောင်နောင့်အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို တတ်နိုင်သမျှ မေ့ထားနိုင်ခဲ့၏။

မေသူသည် မိသားစုများနှင့်အတူ ပြည်မြို့ နိဗ္ဗာန္ဒချောင်ရှိ ဖေဖေ့ကို သွားရောက်တွေ့ဆုံခဲ့၏။ ထိုအချိန်များ၌ သူမ ပြင်းပြစွာ သတိရ မိသူမှာ နောင်နောင်ဖြစ်ပါသည်။ ဦးနှောက်ထဲက မေ့ပစ်ခဲ့ပြီဆိုသော် လည်း နှလုံးသားဖြင့် မှတ်မိနေသည့်ကိစ္စများ ရှိနေသောအခါ သူမက ပြုံးနေရုံသာ တတ်နိုင်လေသည်။

ဒီလိုနှင့် အချိန်ကာလသည် ဖြည်းဖြည်းချင်း ရွေ့လျားကုန်ဆုံး လာသည်။ သူတို့တစ်တွေလည်း အသီးသီးဘွဲ့ရခဲ့ကြပြီး စုံတွဲများဘဝမှ အိမ်ထောင်သည်များအဖြစ် ကူးပြောင်းခဲ့ကြတော့၏။

သို့သော် နောင်နောင်နှင့်ပတ်သက်သော အမှန်တရားတစ်ခုမှာ သူတို့ကြား၌ ဒဏ္ဍာရီဆန်ဆန် သိုဝှက်စွာ ကျန်ရစ်နေဆဲပင်ဖြစ်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ထိုအဖြစ်အပျက်များမှ ဆယ်နှစ်ခန့်ကြာသော. . .

## နိဂုံး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ပြည်မြို့၏ တောင်ဘက်ရှိ နိဗ္ဗိန္ဒချောင်လေးသည် ငှက်အော်သံများနှင့် အေးချမ်းသော တောတောင်သဘာဝကို ဖော်ပြလျက်ရှိသည်။ မြေလမ်းတစ်ဖက်တစ်ချက်၌ အလေ့ကျ တောပန်းလေးများ၏ ရနံ့မှာ စိတ်ကြည်နူးဖွယ်ကောင်းလှ၏။ မေသူတို့အုပ်စုသည် မြို့ပြ၏ မွန်းကျပ်သော လူ့အဖွဲ့အစည်းထဲမှ ခဏတာလွတ်မြောက်နေခဲ့ကြသည်။ သူမက မေမေ့ကို ကူတွဲရင်း အနည်းငယ် မတ်စောက်သော အုတ်လှေကားများကို တစ်လှမ်းချင်းတက်နေမိသည်။

ဒီလိုနေရာမျိုးကို ရောက်လာသူမည်သူမဆို လူ့ဘဝရဲ့ ငြင်းဆန်မရနိုင်သည့် ပူပင်သောကတွေကို နာရီပိုင်းလောက်ဖြစ်ဖြစ် မေ့လျော့သွားမှာ သေချာပါ၏။ နိဗ္ဗိန္ဒတောရလေး၏ စိမ်းစိုအေးချမ်းသော အတိုင်အာဝါသကြောင့် မေသူတို့အားလုံး စိတ်ရောလူပါ အနားရနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခုခရီးစဉ်သည် ကျောင်းပြီးသွားကတည်းက ကိုယ့်အလုပ်နှင့် ကိုယ်မို့ မဆုံဖြစ်ကြသော သူငယ်ချင်းတွေ ပြန်ဆုံကာ မေသူ့ဖေဖေဆီ အလည်လိုက်လာခဲ့ခြင်းဖြစ်သည်။ သူတို့အုပ်စုထဲမှာ လူကြီးဆို၍ မေသူ့ မေမေ ဒေါ်မေငြိမ်းတစ်ယောက်သာပါ၏။ မေသူသည် ပတ်ဝန်းကျင်၏ ဖြားယောင်းမှုအောက်တွင် စိတ်ဖိစီးမှုနှင့်ဆိုင်သော အရာရာကို လွှတ်ချ ထားလိုက်သည်။

ဖေဖေဟာ အားလုံးကို စွန့်လွှတ်ပြီး လူတွေနဲ့ ကင်းဝေးတဲ့ ဒီ နယ်မြေကို ဘာကြောင့်ရွေးချယ်ခဲ့သလဲဆိုသည့် မေးခွန်းအား သူမ ခံစား တတ်ခဲ့ပါပြီ။ လွန်ခဲ့တဲ့ ဆယ်နှစ်ခန့်က ဖေဖေ့ဆီကို တစ်ခါရောက်ခဲ့ပြီး မေသူတို့ နောက်ထပ်မရောက်တော့တာဖြစ်သည်။

ခပ်လှမ်းလှမ်းဆီမှ သုံးနှစ်အရွယ် ကလေးငယ်တစ်ယောက်ကို ချီပိုးထားသော အောင်ခိုင်က အကြည့်ချင်းဆုံခိုက် မေသူ့အား လှမ်းပြုံး ပြ၏။ သူမက အောင်ခိုင့်ကို နွမ်းလျစွာ ပြန်ပြုံးပြမိသည်။

ထိုခဏ၌ သူမစိတ်ထဲတွင် ဖေဖေနဲ့တွေ့ရတော့မယ်ဟူသော အသိကြောင့် ရွှင်မြူးသွားရ၏။ သူတို့အုပ်စုသည် ဘုန်းကြီးကျောင်းဝင်း တစ်ခုရဲ့အစပ်သို့ ရောက်လာခဲ့ကြသည်။ သူမနှင့်မေမေက တစ်ယောက် ကိုတစ်ယောက် မတိုင်ပင်ထားကြဘဲ အကြည့်ချင်းဆုံမိသွားသည်။ နောက် နှစ်ယောက်သားပြုံးကာ မျက်လုံးတွေကို လွှဲဖယ်ပစ်လိုက်ကြပြန်၏။

ဘုန်းကြီးကျောင်းဝင်းထဲကို ဝင်လာကြသော သူတို့အုပ်စုကြီး ကြောင့် ဦးရာကျော်တစ်ဖြစ်လဲ ဦးဝိမလက လမ်းလျှောက်ရင်း ပုတီးစိပ်

www.burmeseclassic.com

www.burmeseclassic.com



နေရာမှ ခေါင်းငုံ့ကြည့်၏။ သူ နှစ်ပေါင်းရှည်ကြာစွာ စွန့်လွှတ်ခဲ့သော ဇနီးနှင့်သမီး၏သူငယ်ချင်းတွေအဖွဲ့လိုက် စုဝေးတွေ့လိုက်ရလေသည်။ သူတို့ကလည်း ဦးဝိမလကို လှမ်းမြင်သွားကြကာ ကျောင်းပေါ်မတက်တော့ဘဲ ဦးပဉ္ဇင်းရှိရာဆီသို့ တန်းသွားကြ၏။ ဦးပဉ္ဇင်းက ပြုံးနေ၏။

ထို့နောက် ဒေါ်မေငြိမ်းက ဦးဆောင်ပြီး ဆရာတော် ဦးဝိမလကို သူတို့အားလုံး ကန်တော့ကြပါသည်။ မေသူက ဦးဝိမလအား ခေါ်လိုက်၏။

"ဖေဖေ. . . အဲ. . . ဟို. . . ယောင်လို့ ဦးပဉ္ဇင်း. . . နေရောကောင်းပါရဲ့လားဘုရား. . ."

"ကောင်းပါတယ် ဒကာမကြီးရဲ့၊ ကဲကဲ. . . နောက်မှ စကားပြောကြတာပေါ့၊ ခရီးပန်းလာကြတာဆိုတော့ ကျောင်းပေါ်တက်ဦးလေ"

ဦးပဉ္ဇင်း၏ စကားကြောင့် မေသူက ပြုံးပြုံးလေး ပြန်ပြောလိုက်ပါသည်။

"ရပါတယ် ဦးပဉ္ဇင်းရဲ့၊ ဒီခရီးကို လာရတာ အင်မတန် စိတ်ချမ်းသာဖို့ကောင်းတယ်။ ပင်ပန်းတယ်မဆိုနိုင်ပါဘူး"

ဦးပဉ္ဇင်းက ပြုံးရင်း ပါလာသူအားလုံးကို တစ်ချက်မျှဖြုံ၍ ကြည့်လိုက်မိ၏။ ထိုစဉ် အောင်ခိုင်ချီထားသည့် ကလေးငယ်က အိပ်ချင်နေတာ မအိပ်ရသဖြင့် ငိုစပြုလာသည်။ မေသူက အောင်ခိုင်နှင့်ကလေးငယ်အား ဦးပဉ္ဇင်းနဲ့ မိတ်ဆက်ပေးပါသည်။

"ဦးပဉ္ဇင်း. . . ဒါက တပည့်တော်မရဲ့ခင်ပွန်း ကိုအောင်ခိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့ ဟို. . . ဦးပဥ္စင်းရဲ့မြေးပေါ့. . . မိန်းကလေးပဲ။ နာမည်က မေရာကျော်ခိုင်တဲ့ ဦးပဥ္စင်းရဲ့"

ရုတ်တရက် ဦးဝိမလက အံ့ဩတကြီးနဲ့ ဒေါ်မေငြိမ်းကို လှမ်းကြည့်လိုက်၏။ ဦးပဥ္စင်း၏ အကြည့်တွေက မေးခွန်းသဘောဆောင်နေသဖြင့် ဒေါ်မေငြိမ်းက ပြန်ဖြေရှာပါသည်။

"တင်ပါ့. . . လွန်ခဲ့တဲ့လေးနှစ်တုန်းက သမီး မေသူ အိမ်ထောင်ပြုပါတယ်ဘုရား။ လောကီသားတွေရဲ့ အရှုပ်အထွေးတစ်ခုမို့ ဦးပဥ္စင်းကို လာမလျှောက်တာပါဘုရား"

ဦးဝိမလက ခေါင်းတညိတ်ညိတ်နှင့် အောင်ခိုင်ကို မသိမသာ လှမ်းကြည့်၏။ ပြီးတော့ ငိုနေသောကလေးငယ်နားသို့ ကပ်သွားကာ ခေါင်းကိုပွတ်သပ်ချော့မြှူနေလေသည်။ ကလေးမှာ ချက်ချင်းအငိုတိတ်သွား၏။ ဒေါ်မေငြိမ်းက ကြည်နူးစွာ ပြုံးရင်း ကြည့်နေ၏။

မေသူက ဦးပဥ္စင်းနှင့် သူမသူငယ်ချင်းအတွဲတွေကို မိတ်ဆက်ပေးပါသည်။

"ဦးပဥ္စင်း ဒီနှစ်ယောက်က ကျော်သူရနဲ့ ဟိဟိတဲ့။ ကလေးနှစ်ယောက်ရှိတယ်။ ဒါပေမယ့် အခုတော့ ကလေးတွေကို အဘွားအိမ်မှာ ထားခဲ့ပြီး စုံတွဲခုတ်လာကြတာပေါ့။ ဟိုဘက်က အတွဲကျတော့ ညားတာ မကြာသေးဘူး။ နာမည်တွေက ဗိုက်ကြီးနဲ့ အစွယ်လေးတဲ့။ ဟော့ဒီစုံတွဲကလည်း ဟိုအတွဲလိုပဲ၊ ကလေးတစ်ယောက်ရှိတာကို အဘိုး၊ အဘွားနဲ့ ထားခဲ့ပြီး သမီးရည်းစား ပြန်လုပ်လာကြတာလေ။ သူတို့နှစ်ယောက်က ချစ်တီးနဲ့ စန္ဒာတဲ့"

www.burmeseclassic.com

www.burmeseclassic.com



မေသူ့စကား ခပ်ရွှတ်ရွှတ်ကြောင့် အားလုံး ပြုံးရယ်နေမိကြ သည်။ ဦးဝိမလက သူတို့ကို ကျောင်းပေါ် သွားဖို့ ထပ်၍ မိန့်၏။

"ကိုင်း. . . ဒကာတို့ ဒကာမကြီးတို့လည်း လမ်းလျှောက်ရတာ ညောင်းနေလောက်ပြီ၊ ကျောင်းပေါ် တက်ကြစို့။ ဟော့. . . မောင်ဗလ ဒီမှာ ဒကာမကြီးဆီက ပစ္စည်းတွေကို ကူသယ်ပေးပါဦး"

တစ်ဆက်တည်းဆိုသလို ခပ်လှမ်းလှမ်းတွင် ကျောပေးကာ တံမြက်စည်းလှည်းနေသော လူတစ်ယောက်ကို ဦးပဥ္စင်းက လှမ်းခေါ် လိုက်၏။ ထိုလူက ဘာမှမပြောဘဲ စန္ဒာကိုင်ထားသည့် ဆွဲခြင်းကိုယူရန် လက်ကမ်းလိုက်ပါသည်။

အဲဒီလူ၏ မျက်နှာပေါ်တွင် မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများ ရှုပ်ထွေးနေတာတွေ့ရ၏။

အို. . .

ပထမဆုံးမြင်လိုက်ရသူက မေသူ။ နောက်. . . စန္ဒာ၊ အောင်ခိုင်၊ အစွယ်လေး၊ ဟိဟိ၊ ကျော်သူရ၊ ဗိုက်ကြီး၊ ချစ်တီး သူတို့အားလုံး၏ မျက်နှာများတွင် မယုံနိုင်အောင်ဖြစ်နေကြသည်။ ဦးပဥ္စင်းနှင့် ဒေါ်မေငြိမ်းတို့က ကျောင်းပေါ်တက်သွားနှင့်ပြီမို့ ထိုမုတ်ဆိတ်တွေနဲ့ ပုဂ္ဂိုလ်က လည်း ဆွဲခြင်းကို သယ်ကာ နောက်မှလိုက်တက်သွားပါသည်။

မေသူက နာမည်တစ်ခုကို နှုတ်ခမ်းလှုပ်သည်ဆိုရုံမျှ တီးတိုး ရေရွတ်မိ၏။

"ကိုနောင်. . . "

www.burmeseclassic.com

www.burmeseclassic.com



အောင်ခိုင်က ထောက်ခံပါသည်။

"ဟုတ်တယ်၊ အဲဒါနောင်နောင်ပဲ"

အောင်ခိုင့်လိုပဲ ကျန်သူငယ်ချင်းတွေကလည်း ထိုလူ့ကို "နောင်နောင်" ဟု ဝိုင်းဝန်းထောက်ခံကြပြန်၏။ တကယ်တော့ သူတို့အားလုံးသည် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေ ဘယ်လောက်ပင် ရှည်နေပါစေ၊ သူတို့သူငယ်ချင်း နောင်နောင်ကို မှတ်မိနေဆဲဖြစ်ပါသည်။

ခဏကြာအောင် သူတို့ မှင်တက်နေခဲ့ပြီးမှ မေသူက စပြီး နောင်နောင့်နောက်ကိုလိုက်ရန် သတိဝင်လာသည်။ သူတို့အုပ်စုကြီးသည် ကျောင်းပေါ်သို့ လိုက်တက်လာခဲ့၏။ ကျောင်းပေါ်ကိုရောက်တော့ နောင်နောင့်ကို အရိပ်လေးတောင် မတွေ့ရပေ။ မေသူက ဆရာတော် ဦးဝိမလကို လျှောက်သည်။

"ဦးပဥ္စင်း. . . စောစောတုန်းက ဆွဲခြင်းကိုသယ်သွားတဲ့ မုတ်ဆိတ်မွေးတွေနဲ့ လူကြီးက ဘယ်သူလဲဟင်"

"သြော်. . . ဒကာမကြီးပြောတာ မောင်ဗလကို ပြောတာထင်တယ်။ သူ ဦးပဥ္စင်းဆီရောက်လာတာကလည်း ခပ်ဆန်းဆန်းပဲကွယ့်"

"တင်ပါ့ဘုရား. . . သူ့အကြောင်းကို ဦးပဥ္စင်း သိသလောက်ပြောပြပါ၊ တပည့်တော်မ စိတ်ဝင်စားလို့ပါ"

ဦးပဥ္စင်းသည် သက်ပြင်းကိုချလိုက်၏။ ပြီးတော့ ပြတင်းပေါက်မှတစ်ဆင့် ကျောင်းအပြင်ဘက်ရှိရှုခင်းတွေကို ဝေးရီကာ ကြည့်နေသည်။ ဦးပဥ္စင်းက ထိုလူ သူ့ကျောင်းကို ရောက်လာပုံကို စတင်၍ ပြောပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက ဒကာမကြီးတို့ ရောက်လာပြီး သိပ်မကြာခင်မှာ မောင်ဗလရောက်တယ်။ ဘုန်းကြီးရဲ့ကျောင်းမှာ ကပ္ပိယလုပ်ပြီး ဦးပဉ္စင်းကို ဝတ်ကြီး၊ ဝတ်ငယ်ပြုစုချင်လို့ပါတဲ့။ ဦးပဉ္စင်းက သူ့ကို အကဲခတ်ကြည့်လိုက်တော့ ရုပ်ရည်သန့်သန့်ပြန့်ပြန့်နဲ့ ခေတ်ပညာကိုလည်း တတ်ပုံရတယ်။ ဒီတော့ ဦးပဉ္စင်းက သူ့ကို အကျိုးအကြောင်း မေးကြည့်တယ်။ သူက ဦးပဉ္စင်းကို ဘာမှ ရေရေရာရာ အဖြေပြန်မပေးဘဲ သူ့ကို ဒီကျောင်းမှာ ကပ္ပိယအဖြစ် လက်ခံဖို့ကိုပဲ ထပ်တလဲလဲ လျှောက်နေခဲ့တယ်။ နှစ်ရက်၊ သုံးရက်လောက်ကြာလာတော့ ဦးပဉ္စင်းလည်း သနားပြီး သူ့ကို ဒီကျောင်းမှာ လက်ခံထားလိုက်ရတာပဲ။ အဲဒီကတည်းက မောင်ဗလ ဒီကို ရောက်နေခဲ့တာ။ သူက အရမ်းအေးတယ်၊ ဦးပဉ္စင်းအပေါ်မှာလည်း အရမ်းကျိုးနွံတယ်။ အခုဆို ဆယ်နှစ်ရှိပြီ၊ ဘာပြဿနာမှ မရှိဘူး"

ဦးပဉ္စင်းစကားဆုံးတော့ မေသူတို့သူငယ်ချင်းများမှာ ပါးစပ်အဟောင်းသားနှင့် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြ၏။ မေသူက ဦးပဉ္စင်းအား လျှောက်ပြန်၏။

"ဦးပဉ္စင်း. . . တပည့်တော်မတို့ သူနဲ့စကား ခဏလောက်ပြောချင်လို့။ အခု သူ ဘယ်မှာရှိသလဲ သိပါရစေဘုရား"

ဦးပဉ္စင်းက ကျောင်း၏တောင်ဘက်ဆီသို့ လက်ညှိုးထိုးပြရင်း. . .

"မောင်ဗလက ဟိုဘက်နားက တဲလေးမှာ နေတယ်။ သူ အဲဒီမှာ ရှိပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ၊ ဒါဆို တပည့်တော်မတို့ကို ခဏလောက်သွား ခွင့်ပြုပါဦးဘုရား"

"အိမ်း. . . ဒါဆိုလည်း သွား. . . သွား. . . "

မေသူတို့သူငယ်ချင်းတွေ တစ်အုပ်ကြီးသည် ကျောင်းပေါ်မှ ဆင်းလာကြပါသည်။ အောင်ခိုင်က သူ့လက်ထဲတွင် ချီထားသောကလေး ကို အဘွားဖြစ်သူ ဒေါ်မေငြိမ်းနဲ့ ဘုန်းကြီးကျောင်းပေါ်မှာ ထားရစ်ခဲ့ ပါသည်။

* * *

နိဗ္ဗိန္ဒတောရလေးသည် စိမ်းစိုလန်းဆန်းစွာဖြင့် ငြိမ်းချမ်းလွန်း လှ၏။ သူတို့အုပ်စုသည် သူတို့ကို နောက်ကျောပေးကာ ထိုင်နေသော လူတစ်ယောက်ဆီကို ဖြည်းဖြည်းချင်း ချဉ်းကပ်လာခဲ့ကြသည်။

ထိုလူက သူတို့အား နောက်ကျောပေးထားရင်း ဆေးပေ့ါလိပ် တစ်လိပ်ကို အားရပါးရ ဖွာရှိုက်နေ၏။ မေသူက သူ့လက်ကြားက သောက် လက်စဆေးပေ့ါလိပ်ကို လှမ်းကြည့်လိုက်၏။ သူမ မျှော်လင့်ထားသလို ပစ်တိုင်းထောင်ဆေးပေ့ါလိပ်ဖြစ်နေလေသည်။ မေသူက လျှို့ဝှက်စွာ ပြုံး လိုက်၏။

"ကိုနောင်. . . "

www.burmeseclassic.com

www.burmeseclassic.com



သူမခေါ်သံကြောင့် သူ့ခန္ဓာကိုယ်မှာ ဆတ်ခနဲတစ်ချက်တွန့်သွားပါသည်။ နောက်. . . သူတို့ဘက်သို့ ချက်ချင်းပဲ လှည့်ကြည့်သည်။ သူ့ကိုဝိုင်းကြည့်နေကြသော မျက်လုံးတွေ အများကြီးကို ရင်ဆိုင်ရ၏။ အောင်ခိုင်က သူ့ကို မေးပါသည်။

"နောင်နောင် သူငယ်ချင်း၊ မင်း. . . ဟုတ်ပါတယ်နော်"

သူက မထီမဲ့မြင်ဟန်ဖြင့် ဆေးပေါ့လိပ်ကို ရှိုက်လိုက်ပြီး. . .

"ဟုတ်တယ်၊ ငါ နောင်နောင်ပဲ"

မေသူက ဝင်မေးပြန်သည်။

"ကိုနောင်. . . ဒီမှာ ဘာလုပ်နေတာလဲဟင်။ ဒီကိုရောက်နေ တာ ဆယ်နှစ်တောင်ရှိပြီဆို"

သူမမေးခွန်းကြောင့် သူက သရော်သလို ပြုံးလိုက်၏။

"ဦးညီပုစကားကို ယုံလိုက်မိလို့ မင်းပေါ်တင်နေတဲ့အကြွေးတွေ အတွက် ဒီနေရာမှာ လာပေးဆပ်နေတာပါ"

ဦးညီပုဆိုသည့် အမည်ကြောင့် အောင်ခိုင်နှင့် မေသူတို့က ပါးနပ်စွာ ဆက်စပ်သဘောပေါက်သွားခဲ့ပါသည်။

"ဟာ. . . အမိပ္ပာယ်မရှိတာ ကိုနောင်ရယ်၊ ကျောင်းထွက်ပြီး တော့များ ဒီမှာ ကပ္ပိယလာလုပ်နေရတယ်လို့"

သူမ အသံက ပေါက်ကွဲစွာ နည်းနည်းကျယ်သွား၏။ နောင်နောင်က ခပ်ဖွဖွရယ်လိုက်ပြီး သူမကို ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မှာ မေသူ့ပေါ်တင်သွားတဲ့ အကြွေးတွေဆပ်ဖို့ ဒီနည်းတစ်ခုတည်းရှိလို့ပါ၊ ကိုယ်တကယ်ပဲ ဦးညီပုရဲ့ရောဂါကို မသိခဲ့ဘူး၊ အားလုံးဟာ ဖြူစင်စွာနဲ့ မှားခဲ့တာ မေသူရယ်"

အောင်ခိုင်က လက်ကာပြရင်း . . .

"ပြီးခဲ့တာတွေကို ထားလိုက်ပါတော့ သူငယ်ချင်းရာ။ အခု မင်းဘဝကို ဘယ်လိုရှေ့ဆက်မယ်လို့ စိတ်ကူးထားသလဲ။ မင်းက ဘယ်အချိန်အထိ အဲဒီအကြွေးတွေကို ဆပ်နေဦးမှာလဲ"

"ငါသေတဲ့အထိ၊ ဒါမှမဟုတ် ဦးဝိမလ ပျံလွန်တော်မူတဲ့အထိ ငါ ဒီဘုန်းကြီးကျောင်းမှာ ကပ္ပိယဘဝနဲ့ပဲ နေမယ်။ ငါ့ကို နားချဖို့ လုံးဝမကြိုးစားနဲ့နော်၊ ဒါ ငါ့ဆုံးဖြတ်ချက်ပဲ"

"ကိုနောင်ရယ် . . ."

မေသူ့ရင်ထဲမှ အသံက လှိုက်ခနဲထွက်လာ၏။ ပြီးတော့ သူမမျက်ရည်တွေဝဲလာပါသည်။ မေသူတင်မဟုတ်။ ကျန်သူငယ်ချင်းတွေကပါ မျက်ရည်ဝဲလာခဲ့ကြ၏။

နောင်နောင်က သူ့ကို မျက်ရည်ဝဲပြီး ဝိုင်းကြည့်နေကြသော သူငယ်ချင်းများကို နှစ်သိမ့်ဖို့ ကြိုးပမ်းလိုက်ပါသည်။

"မငိုပါနဲ့ မေသူရယ်၊ ဟော့ကောင် . . . အောင်ခိုင် မင်းကစပြီး မျက်ရည်ဝဲနေတော့ သူ့ကို ငါဘယ်လိုသွားပြောရတော့မလဲ"

အောင်ခိုင်က မျက်ရည်စတွေကို လက်ခုံဖြင့်သုတ်လိုက်ရင်း . . .

"ငါ မင်းကို အသိပေးစရာတစ်ခုရှိတယ် နောင်နောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ မင်းနဲ့မေသူ လက်ထပ်လိုက်တဲ့ သတင်းလား"

"ဟင်. . . မင်း ဘယ်လိုလုပ်သိလဲ"

"သြော်. . . ဒါလား၊ မင်းတို့လက်ထပ်လိုက်တဲ့အကြောင်း သတင်းစာထဲမှာ ငါဖတ်ရတယ်လေ။ အခုရော ဘယ်လိုလဲ၊ အဆင်ပြေကြရဲ့လား"

နောင်နောင်က အားတက်သရော စကားတွေပြောနေသလောက် နောင်တနဲ့ ကြေကွဲနေရသည့် သူငယ်ချင်းများမှာ နှုတ်ဆိတ်နေကြ၏။ သူတို့၏ သေချာမစူးစမ်းဘဲ နောင်နောင့်အပေါ် တစ်ဖက်သတ်ဆုံးဖြတ်ခဲ့ကြခြင်းကြောင့် အခုချိန်တွင် သူတို့အားလုံးမှာ အပြစ်ရှိနေသူများလို ခံစားနေကြရသည်။

BURMESE CLASSIC .com

သူက သူငယ်ချင်းတွေကို ဆက်ပြောနေ၏။

"ငါ့အတွက်တော့ ဘာမှမပူကြနဲ့ သူငယ်ချင်းတို့။ ငါ ဒီမှာနေရတာ တော်တော်အဆင်ပြေတယ်၊ ပြီးတော့ ငါက ဒီမှာပျော်နေပြီ။ ဆယ်နှစ်ဆိုတော့လည်း နေရတာ အသားကျနေပြီကွ။ မြို့ပြန်ရောက်ရင် ငါနေတတ်မယ်တောင် မထင်ဘူး၊ ဟားဟားဟား. . . ဟားဟား. . ."

ပြောပြီး နောင်နောင်က သူ့ဘာသာသူ သဘောတွေကျကာ အော်ရယ်နေလေသည်။ သူတို့အားလုံးမှာ ငိုင်တွေဆွံ့အနေကြ၏။

တစ်ခါတုန်းက လူတစ်ဦး၏ဘဝကို စီရင်ချက်ချခဲ့ကြသော်လည်း ယခုအခါ သူတို့က ပြန်လည်၍အပြစ်ရှိသူတွေဖြစ်ခဲ့ပြီ။ ဘာကယ်

www.burmeseclassic.com

www.burmeseclassic.com



တော့ အမှုကိစ္စတစ်ရပ်မှာ အပြစ်ကျူးလွန်သူနှင့် အပြစ်ကျူးလွန်ခံရသူ ဆိုတာ အချိန်ဆယ်နှစ်လောက်ကြာတဲ့အခါ အတူတူပင်ဖြစ်ပါသည်။

သူက သူငယ်ချင်းများအား နှုတ်ဆက်လိုက်၏။

"မနက်အရုဏ်ဆွမ်းချက်ဖို့ ငါတောထဲမှာ ထင်းသွားခွေလိုက်ဦးမယ်။ ကဲ. . . သူငယ်ချင်းတို့ ငါသွားပြီ"

သူတို့အားလုံးသည် ဘာစကားမှ ပြောစရာမရှိဘဲ ခေါင်းငိုက်စိုက်ချကာ မျက်ရည်တွေဝိုင်းနေကြသည်။ အားလုံးကို သူက ကျောခိုင်း၍ ထွက်ခွာလာခဲ့၏။ မေသူ့ဆီမှ ရှိုက်သံတချို့မှာ လေထု၌ လွင့်ပျံ့နေဆဲ။

ထိုအချိန်တွင် သေချာကြည့်မည်ဆိုပါက ကျောခိုင်းလှည့်ထွက်လာခဲ့သော နောင်နောင့်ပါးပြင်ပေါ်တွင် မျက်ရည်စီးကြောင်းနှစ်ခု ရှိနေတာကို တွေ့ရနိုင်ပါသည်။ ။

လေးစားစွာဖြင့် -

**ဝေမှူးသွင်**

(ဇွန်လ၊၂၀၀၅ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com

